
mgyoe.com

SAMPLE BOOK

# အမေရိက အနုပညာ ဒိုင်ယာရီ

Lazy Club




mgyoe.com
SAMPLE BOOK

# နိုင်ငံခြား

Lazy Club

အမေရိက
အနုပညာ
ခိုင်ယာရီ



mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | = | ၄၀၁၁၇၀၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | = | ၄၀၁၂၄၂၀၁၁ |
| ပထမအကြိမ် | = | ဒီဇင်ဘာလ၊ ၂၀၁၁ ခုနှစ်။<br>ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ | = | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် | = | Sky ပုံနှိပ်တိုက်<br>အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | = | စွယ်တော်ပုံနှိပ်တိုက်<br>အမှတ် (၁၄၇)၊ (၅၁) လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | = | ဒေါ်ခင်မာချို၊ ပန်းဝေဝေစာပေ<br>၁၄၇၊ ၅၁-လမ်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | = | ဝင်းမြင့်ဦး |
| တန်ဖိုး | = | ၄၀၀၀ ကျပ် |

၈၀၈.၈၄

နိုင်ဇော်(Lazy Club)

အမေရိက အနုပညာဒိုင်ယာရီ / နိုင်ဇော်(Lazy Club)။ - ရန်ကုန်။
ပန်းဝေဝေစာပေ၊ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်။
စာမျက်နှာ-၄၂၃၊ ၄၂၃×၂၀ စင်တီမီတာ။
(၁) အမေရိက အနုပညာဒိုင်ယာရီ


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ◆ | အမေရိက အနုပညာခရီးသည်ရဲ့ ကျေးဇူးတင်လွှာအမှာစာ | ၉ |
| ၁။ | ပထမဆုံး ခြေလှမ်း | ၁၃ |
| ၂။ | အမေရိက အနုပညာခရီးသည် | ၁၉ |
| ၃။ | သုဝဏ္ဏဘူမိ ခရီးသည် | ၂၅ |
| ၄။ | စိတ်ကူးထဲက အမေရိက | ၃၁ |
| ၅။ | သံရုံးသို့ ဝင်ပြီ | ၃၆ |
| ၆။ | ကော်ဖီပြဿနာ | ၄၂ |
| ၇။ | လေယာဉ်ပေါ်မှာ အချိန်အတော်ကြာ | ၄၇ |
| ၈။ | မိုးပေါ်က ဧည့်ခံမှုစနစ်များ | ၅၀ |
| ၉။ | သဘောကောင်းတဲ့ ဌာနဲဓာလက် | ၅၅ |
| ၁၀။ | ရန်ကုန်မှာ နေ့၊ L.A မှာ ည | ၆၁ |
| ၁၁။ | မုတ်ဆိတ်ရိတ်ဓား ရှာပုံတော် | ၆၇ |
| ၁၂။ | ငါ သွားမယ် ဟောလိဝုဒ် | ၇၃ |
| ၁၃။ | ဝယ်သူ အမြဲမှန်တဲ့ USA | ၇၈ |
| ၁၄။ | ကျွန်တော်နဲ့ L.A က သူငယ်ချင်း | ၈၄ |
| ၁၅။ | ကမ္ဘာကျော်တွေရဲ့ ည | ၈၉ |
| ၁၆။ | တိုင်းရင်းသားတပ်ဖွဲ့ သို့မဟုတ် Lazy Club Band | ၉၆ |
| ၁၇။ | ငွေးဂက်စ်တစ်ခွင် လှည့်လည်စဉ် | ၁၀၂ |
| ၁၈။ | လျှပ်တစ်ပြက် ဓာတ်ပုံပြဿနာ | ၁၀၈ |
| ၁၉။ | Leg Vegas စည်ပင်သာယာနဲ့ ဓာတ်ခဲပြဿနာ | ၁၁၃ |
| ၂၀။ | သူဌေးမြို့ရောက် လူမွဲတစ်ယောက် | ၁၁၉ |
| ၂၁။ | စန်တာမိုနီကာက ဂစ်တာသမား | ၁၂၄ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၂၂။ | ကံဆိုးသူ ဓာတ်ပုံပိုင်ရှင် | ၁၃၀ |
| ၂၃။ | နဖူးတွေ့ ဒူးတွေ့ ကာပင်တာဇာတ်ရုံ | ၁၃၅ |
| ၂၄။ | လူမျိုးရေးပြဿနာ | ၁၄၁ |
| ၂၅။ | အမိမြေအတွက် သီချင်း | ၁၄၇ |
| ၂၆။ | ယာဉ်စည်းကမ်းနဲ့ ဒိုင်းမွန်းလမ်း ဗဟုသုတများ | ၁၅၃ |
| ၂၇။ | ကျွန်တော် ဂျာနယ်လစ်လက်သစ် | ၁၅၉ |
| ၂၈။ | ကျွန်တော် ရောက်ခဲ့တဲ့ စကြဝဠာခရီးစဉ် (အပိုင်း-၁) | ၁၆၂ |
| ၂၉။ | ကျွန်တော်နဲ့ စကြဝဠာခရီးစဉ် (အပိုင်း-၂) | ၁၆၉ |
| ၃၀။ | ကျွန်တော်နဲ့ စကြဝဠာခရီးစဉ် (အပိုင်း-၃) | ၁၇၅ |
| ၃၁။ | ကိုယ်ခံအားကောင်းဖို့ လိုတဲ့ U.S.A | ၁၈၂ |
| ၃၂။ | ဆန်ဖရန်စစ္စကိုဧည့်သည် | ၁၈၇ |
| ၃၃။ | ဆန်ဖရန်ဂျက်လီနဲ့ တွေ့ဆုံခြင်း | ၁၉၃ |
| ၃၄။ | ဆန်ဖရန်မြို့ရဲ့ သိမှတ်စရာများ | ၁၉၉ |
| ၃၅။ | Subway နှင့် တွေ့ဆုံခြင်း | ၂၀၅ |
| ၃၆။ | ညလယ်ခေါင် မွေးနေ့ပွဲ | ၂၀၈ |
| ၃၇။ | နှုတ်ဆက်ပါတယ် ဆန်ဖရန်မြို့ကြီးရယ် | ၂၁၄ |
| ၃၈။ | ခိုးကြောင်ခိုးဝှက် ဝိုင်အရက် | ၂၂၀ |
| ၃၉။ | နှုတ်ဆက်ပါတယ် Lax ရယ် | ၂၂၄ |
| ၄၀။ | မြောက်ကယ်ရိုလိုင်းနား ခရီးစဉ် | ၂၂၆ |
| ၄၁။ | အသစ်လောင်ကျွမ်း နယူးဘမ်း | ၂၃၂ |
| ၄၂။ | ဝါရှင်တန်ဒီစီ ခရီးသည် | ၂၃၈ |
| ၄၃။ | အိမ်ဖြူတော်ရှေ့က အလွဲများ | ၂၄၃ |
| ၄၄။ | ဝါရှင်တန်မှာ တီးတဲ့ နိုင်ငံတော်သီချင်း | ၂၄၉ |
| ၄၅။ | ကျွန်တော်နဲ့ အာကာသပြတိုက် | ၂၅၅ |
| ၄၆။ | ဒီစီက မြန်မာဘုန်းကြီးကျောင်းပွဲ သွားခဲ့ခြင်း | ၂၆၂ |
| ၄၇။ | မီယာမီခရီးသည် | ၂၆၈ |
| ၄၈။ | မီယာမီက စိတ်မကောင်းနည်းစနစ်အသစ် | ၂၇၅ |
| ၄၉။ | Keywest သို့ ခရီးထွက်ခြင်း | ၂၈၀ |
| ၅၀။ | အော်လန်ဒို ခရီးသည် | ၂၈၆ |


mgyoe.com

mgyoe.com

SAMPLE BOOK


| | | |
|---|---|---|
| ၅၁။ | ဒစ္စနေလန်း ခရီးသည် | ၂၉၂ |
| ၅၂။ | ကျွန်တော်နဲ့ ယူတီကာက သရဲအိမ် | ၂၉၈ |
| ၅၃။ | ကျွန်တော့်ဂစ်တာနှင့် လူမည်းဂီတပြိုင်ပွဲ | ၃၀၅ |
| ၅၄။ | ကျွန်တော်နဲ့ ပြန်လဲလှယ်ခွင့် ပြဿနာ | ၃၁၀ |
| ၅၅။ | နိုက်ဂရာဖောလ် ရေတံခွန်ခရီး | ၃၁၆ |
| ၅၆။ | စိတ်ဓာတ် မြှင့်တင်ရေးတိုက်ပွဲ | ၃၂၂ |
| ၅၇။ | ဘွန်ဂျိုဗီတို့မြို့ကို ဖြတ်ခဲ့တဲ့ ကျွန်တော် | ၃၂၅ |
| ၅၈။ | ကျွန်တော်နှင့် ဘရော့ဒ်ဝေး အော်ပရာ | ၃၂၈ |
| ၅၉။ | နယူးရော့ခ်က မိတ်ဆွေများနဲ့ တွေ့ဆုံခြင်း | ၃၃၈ |
| ၆၀။ | ကျွန်တော် ရောက်ခဲ့ဖူးတဲ့ UN | ၃၄၄ |
| ၆၁။ | ကျွန်တော်နဲ့ လူကျောက်ရုပ်များ ရှိတဲ့ လေဘာတီခရီး | ၃၅၂ |
| ၆၂။ | ကျွန်တော်နဲ့ နဂါးစွမ်းအား တေးဂီတပွဲ | ၃၅၉ |
| ၆၃။ | ကိုလံဘီယာ စားစရာဆိုင် | ၃၆၆ |
| ၆၄။ | နယူးရော့ခ်လေဆိပ်က ထိတ်လန့်ဖွယ်ရာ | ၃၆၉ |
| ၆၅။ | ဖို့ဝိန်းက အလွမ်းများ | ၃၇၃ |
| ၆၆။ | ဒုတိယအကြိမ် ဆန်ဖရန်စစ္စကို နှုတ်ဆက်ခြင်း | ၃၇၉ |
| ၆၇။ | ဆန်ဖရန်စစ္စကိုက အမျိုးသမီးနှစ်ယောက် | ၃၈၃ |
| ၆၈။ | နှုတ်ဆက်ညစာ ဆန်ဖရန်မှာ | ၃၉၂ |
| ၆၉။ | ဘော်စတွန်ခရီးသည် | ၃၉၄ |
| ၇၀။ | အခြောက်မြို့တော် | ၃၉၆ |
| ၇၁။ | Facebook အစ ဟားဗတ်က | ၄၀၀ |
| ၇၂။ | L.A အလွမ်းပြေ နှုတ်ဆက်တေး | ၄၀၆ |
| ၇၃။ | အပြန်လက်ဆောင် ပြဿနာ | ၄၁၀ |
| ၇၄။ | ရန်ကုန် ပြန်ပြီ... (ဒါပေမဲ့) လက်ဆောင်ပြဿနာ | ၄၁၃ |
| ၇၅။ | နိဂုံးချုပ် အတွေးများ | ၄၁၈ |


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အမေရိက အနုပညာခရီးသည်ရဲ့ ကျေးဇူးတင်လွှာ အမှာစာ

'အမေရိက အနုပညာဒိုင်ယာရီ' စာအုပ်အတွက် အပြီးသတ်ရေးဖို့ တောင်ငူမြို့ ရွှေဝိုင်းရယ်ကေတုမတီဟိုတယ်ကို ၂၀၁၁ ခုနှစ် သင်္ကြန်အပြီး နှစ်ဆန်း ၂ ရက်နေ့မှာ ကျွန်တော် ရောက်ခဲ့ပါတယ်။ သင်္ကြန်ရက်တွေမှာ လုံးဝ မရပ်မနား ပွဲကျပ်ကန်ရတဲ့ ဘောလုံးသမားတွေလို မလျှော့တဲ့ ဇွဲလုံ့လနဲ့ တီးခတ်ခဲ့ရတဲ့ ကျွန်တော်... သူများ အနုပညာသမားတွေလို သင်္ကြန်ပြီးတာနဲ့ အနားမယူနိုင် သေးဘဲ ရေးလက်စ ပြီးလုပြီးခင် 'အမေရိက အနုပညာဒိုင်ယာရီ'စာအုပ် အတွက် လုံးဝ အပြီးအစီး စာရေးလို့ အနှောင့်အယှက်မရှိမယ့် နေရာအဖြစ် တောင်ငူမြို့က ကေတုမတီဟိုတယ်မှာ ရေးမယ် ဆုံးဖြတ်ပြီး နေပြည်တော် အဝေးပြေး လမ်းအတိုင်း ကားကိုယ်တိုင်မောင်း၊ စာရေးဖို့ အခန်းယူ ပြင်ဆင်၊ အခန်းထဲက မထွက်နိုင်ဘဲ စာရေးဆရာဘဝ အရှေ့ခွဲပြောင်း၊ ဂစ်တာသမားဘဝ က ခဏ အနားယူရပါတော့တယ်။

နေ့မနား ညမနား ဘယ်မှ မသွားဘဲ အပြီးသတ် ရေးသားနိုင်ခဲ့လို့ ဝမ်းသာရသလို ဒီစာအုပ်ဟာ ကျွန်တော့်အတွက် အခက်ခဲဆုံး လုံးချင်းစာအုပ် တစ်အုပ်အဖြစ် အောင်မြင်စွာ ရေးသားနိုင်ခဲ့ပြီလို့ အဆုံးသတ်အပိုင်း ရေးပြီးချိန် မှာ သက်ပြင်းချပြီး ပျော်ရွှင်နိုင်ပါတော့တယ်။ စာရေးရတာ မလွယ်ကူမှန်း သိရက်နဲ့ ဂျာနယ်မှာ အပတ်စဉ် ဝင်ရေးမိရာကနေ ဂျာနယ်လည်း အရေးမရပ်၊

mgyoe.com

mgyoe.com SAMPLE BOOK

ဂစ်တာလည်း အတီးမပျက်ဘဲ အမေရိကခရီး စာအုပ် လုံးချင်းထုတ်ချင်လို့၊ တစ်ပတ် စာမျက်နှာ ၄ မျက်နှာ ရေးပြီး ထုတ်ဝေသူ မပိုင်း(ကံ့ကော်ဝတ်ရည်) ကို ပေးခဲ့ရတာ ဘယ်အချိန်မှာ ပြီးမလဲ ထုတ်ဝေသူက မေးလေ၊ ကိုယ် ရေးချင်တဲ့ အကြောင်းအရာတွေက မပြီးနိုင်မစီးနိုင် ကျန်လေ၊ အမြန်ဆုံးရေးပြီး ထုတ်ပါတော့၊ ပရိသတ်က သူတို့ ဖတ်ချင်လှပြီ၊ အရမ်းကြာသွားရင် စိတ်ဝင်စား မှု နည်းသွားလိမ့်မယ်လို့ သတိပေးသူတွေက ပေးကြလေ၊ ကျွန်တော့်မှာ ဆုံးဖြတ် ရခက်လေ ဖြစ်ရပေမယ့် ဒီစာအုပ်ဟာ အရင်က အမေရိကအကြောင်း ထွက်ခဲ့ ဖူးသမျှ၊ ဖတ်ခဲ့ဖူးသမျှ အကြောင်းအရာတွေနဲ့ မတူဘူးဆိုတာ ရေးနေတဲ့သူ ကိုယ်တိုင်က သိပေမယ့် စိတ်ရှည်လက်ရှည် ရေးမှ ကောင်းမှာ၊ ဖြစ်သလို အမြန်နှုန်းနဲ့ ရေးရင် လူတိုင်း သိပြီးသားကိစ္စတွေ၊ အင်တာနက်(အမေရိက မြို့တွေအကြောင်း) download ဆွဲပြီး ဘာသာပြန်ရေးတဲ့ စာရေးသူဘဝ အရောက်ခံမလား၊ အနုပညာသမားတစ်ယောက်ရဲ့ အတွေ့အကြုံစစ်စစ်ကိုပဲ အချိန်ယူပြီး ရေးမလား ဆုံးဖြတ်ရင်း မြွေမသေ တုတ်မကျိုး နည်းစနစ် ကျင့်သုံး ပြီး ကိုယ် ရေးမယ့် အကြောင်းအရာ ၄ မျက်နှာကို ဂျာနယ်တွေမှာ စာမူတစ်ပုဒ် အဖြစ်နဲ့ ဖော်ပြလို့ရအောင် အပိုင်းလိုက် ရေးပြီး ဂျာနယ်တွေကိုပဲ ပေးတော့ ပရိသတ်ကလည်း ကြိုသိခွင့်ရသလို ဂျာနယ်တွေကလည်း သူတို့ ဂျာနယ်တွေကို ကျွန်တော့်စာတွေ ဖော်ပြခွင့်ရလို့ ကျေနပ်ကြတဲ့အတွက် ပရိသတ်လည်း ကြိုပြီး မြည်းစမ်းခွင့်ရ၊ ကျွန်တော်လည်း စာရေးဖြစ်၊ ဂျာနယ်တွေလည်း စာမူရကြလို့ အဆင်ပြေသွားပါတယ်။

ဒါကြောင့် အပတ်စဉ် ရေးနေချိန်၊ ဂျာနယ်တွေမှာ ဖော်ပြပေးခွင့်ပြုကြ တဲ့ နံနက်ခင်း၊ ပေါ်ပြူလာ၊ 8 Days၊ မန္တလေး အရုဏ်ဦး၊ Net Guide၊ Beauty မဂ္ဂဇင်းတို့နဲ့ အယ်ဒီတာများကိုလည်း ကျေးဇူးတင်မိပါတယ်။ ဖော်ပြ ပေးတဲ့ အယ်ဒီတာတွေ၊ စာမူတောင်းပေးကြတဲ့ ဂျာနယ်လစ်တွေတင်မကဘဲ စာမူတွေကို တစ်နှစ်ကြာအောင် အပတ်စဉ် အချိန်မှန်ရအောင် ဖုန်းဆက်ပြီး စာရေးဖြစ်ဖို့ တိုက်တွန်းဆော်ဩပေးတဲ့ ကိုကျော်ဇင်၊ မပိုင်း(ကံ့ကော်ဝတ်ရည် စာပေ) မိသားစုကိုလည်း ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ကျွန်တော့်ရဲ့ လက်ရေး မလှမပကို စိတ်ရှည်လက်ရှည် ဖတ်ပြီး ကွန်ပျူတာစာစီပေးတဲ့ ညီမငယ် နှင်းနု(ကံ့ကော်ဝတ်ရည်)ကိုလည်း ကျေးဇူးတင်မိပါတယ်။ အမေရိကခရီးစဉ် မှာ အတူတူ အနုပညာတင်ဆက်ဖို့ သွားကြရင်း အခက်အခဲတွေ အတူတူ

mgyoe.com

mgyoe.com SAMPLE BOOK


ကျော်ဖြတ်ရုံတင်မက မြန်မာပြည်မှာ ကျွန်တော် ဆောင်းပါးတစ်ခု ရေးလိုက်တိုင်း သူတို့ရင်ထဲ ကျွန်တော့်ကလောင် လက်သရမ်းမှုကြောင့် သူတို့ရဲ့ တည်ငြိမ်နေတဲ့ ဘ၀လေးတွေ ဘယ်တော့ လှုပ်ခနဲ ဖြစ်မလဲ ရင်တထိတ်ထိတ်နဲ့ အသက်မရှူနိုင်အောင် စာအုပ်မထွက်မချင်း စောင့်နေကြရတဲ့ Lazy Club တေးဂီတအဖွဲ့က ကိုဂျင်ပီ၊ ကိုမရခိုင်၊ ကိုအောင်ဒွေး၊ အိကြာကွေး(စိုးနိုင်ထွန်း)နဲ့ အဆိုတော်များ ဖြစ်ကြတဲ့ ကိုညွန့်(ချစ်ကောင်း)၊ ဇော်ပိုင်၊ Rဇာနည်၊ (ညီမငယ်)သဇင်တို့အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်လို့ မှတ်တမ်းတင်ပါရစေ။

ဒီပွဲကြီး ဖြစ်မြောက်အောင် အပင်ပန်းခံ လူရောစိတ်ပါ အရှုပ်ခံပြီး ကူညီကြတဲ့ (မသီတာ၊ ကိုရောဘတ်)၊ ကိုမင်းမင်း(L.A)၊ ကိုယဉ်ထွေး(ဝါရှင်တန်ဒီစီ)တို့ကိုလည်း ကျေးဇူးတင်သလို အမေရိက ရောက်လေရာ မြို့အားလုံးက အိမ်ရှင်မိသားစုတွေ၊ မိတ်ဆွေတွေ၊ ဓာတ်ပုံတွေ ကူညီကြတဲ့ ကိုဥက္ကာ၊ ကိုအိကြာကွေးနဲ့ အမေရိကမှ ဓာတ်ပုံပညာရှင်များနဲ့ ဂီတချစ်ပရိသတ်တွေကိုလည်း အထူးကျေးဇူးတင်မိပါတယ်လို့ မှတ်တမ်းတင်ပါရစေ။ အမေရိကဆိုတာ ဘာလဲ သိခွင့်ရတဲ့ အချိန်၊ ကျွန်တော့်ရင်ထဲက ထင်မြင်မှု မှတ်ချက်တွေကို အဖြစ်မှန်အတိုင်း ရေးပြမိလို့ တစ်စုံတစ်ရာသော ထိခိုက်မှု ရှိခဲ့တယ်လို့ ခံစားမိသူတွေ ရှိခဲ့ရင်လည်း ကြိုတင်ပြီး တောင်းပန်အပ်ပါတယ်။

ကျွန်တော်က ကျွန်တော့်ရဲ့ ယူဆချက်ကို လွတ်လွတ်လပ်လပ် တင်ပြခြင်းသာ ဖြစ်လို့ တစ်စုံတစ်ယောက်ဆီက ထင်မြင်ချက်နဲ့ မတူညီခဲ့ရင်လည်း လွတ်လပ်စွာ ကွဲလွဲခွင့် ရှိပါတယ်လို့ ကြိုပြီး ရှင်းပြပါရစေ။ အချိန်အကြာကြီး နှစ်ပေါင်း ၂၀၊ ၃၀ လောက် သွားသူတွေတောင် ကျွန်တော့်လို ခံစားမှုမျိုး မရခဲ့ဘူးလို့ စာအုပ်ပြီးဆုံးချိန် ထင်မြင်မှတ်ချက်ချကြမယ် ဆိုခဲ့ရင်လည်း ကျွန်တော်က ခံစားတတ်ဖို့ အထူးလေ့ကျင့်ထားတဲ့ အနုပညာသမား ဖြစ်နေလို့ ခံစားမှုတွေ ထက်မြက်စူးရှနေလို့ ၂ လခွဲ၊ ၃ လ အချိန်အတွင်း သိမြင်ထိတွေ့သမျှတွေက စာရေးဖို့ အကြောင်းအရာတွေ ဖြစ်ခဲ့ရတာပါလို့ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ခွင့်လည်း ကြိုတင်တောင်းဆိုချင်ပါတယ်။

ဒိုင်ယာရီ ရေးဖို့ ပျင်းသူတစ်ယောက်က အမေရိကမှာ ဒိုင်ယာရီလေးတွေ မှန်မှန်ရေး၊ အချက်အလက်တွေ ခေါင်းထဲ သိမ်းဆည်းခဲ့လို့ အခုတော့ စာဖတ်ပရိသတ်တွေ လက်ထဲ ရောက်ခဲ့ရတဲ့ စာအုပ်လေးကို တကယ်တမ်း 'အမေရိက ဂီတဒိုင်ယာရီ' လို့ ပေးရမယ့်အစား ကျွန်တော် မြင်တွေ့ခဲ့ရသမျှတွေ

mgyoe.com

mgyoe.com

SAMPLE BOOK


က ဂီတခရီးသည်ဘဝထက် ဘက်စုံ ထောင့်စုံက တွေ့ခဲ့ရတဲ့ အသိအမြင်တွေနဲ့ တွေ့ခဲ့၊ ကြည့်ခဲ့၊ မြင်ခဲ့ရသမျှ အနုပညာကိစ္စရပ်တွေ ကိုယ်စားပြုပြီး 'အနုပညာ ဒိုင်ယာရီ' လို့ တင်စားခေါင်းစဉ်တပ်ခဲ့ရပါတော့တယ်။ ကျွန်တော့် ခေါင်းစဉ်နဲ့ ရေးတဲ့စာ ကိုက်ညီ၊ မညီ မှန်ကန်မှု ရှိ၊ မရှိကိုတော့ စာဖတ်ပရိသတ်ကြီးပဲ ပြီးဆုံးအောင် ဖတ်ကြည့်ပြီး အဆုံးအဖြတ်ပေးကြပါ။ ကြိုတင်ပြောပြချင်တာ တစ်ခုက ဖတ်ပြီး ပြန်လှည့်မကြည့်ချင်၊ မဖတ်ချင်တော့တဲ့ စာအုပ်အမျိုးအစား ထဲ ဒီစာအုပ် မပါဝင်စေရဘူး ဆိုတာကိုတော့ ကျွန်တော် ရဲရဲဝံ့ဝံ့ အာမခံပါ တယ်။ စာအုပ်စင်ပေါ်မှာ အချိန်ကာလ ကြာရှည်သိမ်းထားရမယ့် စာအုပ်အဆင့် ရောက်၊ မရောက်ဆိုတာကတော့ ကျွန်တော် အဖြေတစ်ခု သိနေပေမယ့် ပြောဖို့ အချိန်မကျသေးဘူးလို့ ရိုးသားစွာ ထင်မိပါတော့တယ်။

ဒိုင်ယာရီရေးတယ်ဆိုတာ ကိုယ်တစ်ယောက်တည်း ဖတ်ဖို့ ရေးတာ ဖြစ်ပေမယ့် အခုတော့ ပရိသတ်များ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ ဒိုင်ယာရီ ကို တရားဝင် ဖတ်ကြည့်ခွင့်ရပြီမို့ ကိုယ်တိုင် အဆုံးအဖြတ် ပေးကြပါလို့ပဲ မေတ္တာရပ်ခံရင်း...

နိုင်ဇော်(Lazy Club)

mgyoe.com

mgyee.com SAMPLE BOOK

# ပထမဆုံး ခြေလှမ်း

မနက် ၅ နာရီတိတိမှာ ဖုန်းနာရီနှိုးစက် အသံပေးတာကြောင့် ကျွန်တော့်ရဲ့ ခရီးစဉ် စဖို့ ဒိုင်လူကြီးရဲ့ အချက်ပေး ခရာသံ ကြားတာနဲ့ စတင် ပြေးထွက်ခဲ့တဲ့ မာရသွန် အပြေးသမားပုံစံမျိုး စတင် နိုးထလာခဲ့ပါတယ်။ တကယ်တော့ နိုင်ငံခြားခရီးထွက်ခဲ့တာ၊ စတိတ်ရှိုး ဖျော်ဖြေပွဲ သွားတီးခဲ့တဲ့ နိုင်ငံစုစုပေါင်း ၅ နိုင်ငံ– ဂျပန်နိုင်ငံ၊ ကိုရီးယား၊ မလေးရှား၊ စင်္ကာပူ၊ အင်္ဂလန် စသဖြင့် ပွဲပေါင်း ၇ ပွဲ (စင်္ကာပူက ၃ ပွဲ ၃ ခါ ရောက်ဖူးပါတယ်)အတွက် သွားခဲ့တဲ့ ခရီးစဉ်တွေက ရက်အားဖြင့် ၇ ရက်မှ ၁၀ ရက်အထိပဲ ကြာခဲ့လို့ (ဂျပန်နဲ့ ကိုရီးယားက နိုင်ငံ ၂ ခု ဆက်တိုက်သွားခဲ့လို့ ၁၄ ရက် ဆက်တိုက် ဖြစ်ခဲ့ တာကလွဲလို့) ရန်ကုန်မြို့က ရက်ကြာကြာ မခွဲဖူးလို့ ဒီတစ်ခါ အမေရိက ခရီးဟာ စီစဉ်သူတွေရဲ့ ပြောစကား၊ ပွဲ Program အရ ၂ လခွဲ ကြာမယ်။ ၁၁ ပွဲ တီးရမယ်။ ကနေဒါနိုင်ငံကိုပါ သွားဖျော်ဖြေရမယ်ဆိုတာ ကြိုသိခဲ့တာ ကြောင့် တကယ် ခွဲခါနီး မြန်မာပြည်က မသွားချင်သလို ဖြစ်ခဲ့ပါတယ်။ ခရီးသွားတဲ့ ရယ်စရာ ကိစ္စလေးတစ်ခုလည်း ကျွန်တော့်အတွေးထဲကို ဝင်လာ ပါတော့တယ်။ ဒီကိစ္စလေး ကျွန်တော့်ကို ပြောပြခဲ့တာကတော့ ကျွန်တော့် မိတ်ဆွေကြီး အဆိုတော် မာရဒ္ဒ ပြောပြဖူးတာပါ။ သူက ကော့သောင်းမြို့မှာ ဖျော်ဖြေပွဲ သွားသီဆိုပြီးချိန် မြို့ခံတွေက ကော့သောင်းမြို့ရဲ့ တစ်ဖက်ကမ်း

mgyee.com

ယိုးဒယားနိုင်ငံရဲ့ နယ်စပ်မြို့ ရနောင်းကို ရောက်ခဲ့ပါတယ်။ ရနောင်းမြို့မှာ သူ့သူငယ်ချင်းတစ်ယောက်နဲ့ မထင်မှတ်ပဲ တွေ့ခဲ့ပါတော့တယ်။ သူက သူတို့မင်းလှမြို့ကို အဲဒီကောင် ပြန်မလာတာ ကြာနေလို့ သူ့သူငယ်ချင်းကို တွေ့တွေ့ချင်း- "ဟေ့ကောင် မင်းမိန်းမက မင်းကို စိတ်ပူနေတယ်၊ အိမ်ပြန်ဦး"လို့ ပြောလိုက်ပါတယ်။ အဲဒီမှာ သူ့သူငယ်ချင်းက- "ဒီမှာ သူငယ်ချင်း... နိုင်ငံခြား ရောက်ပြီဆိုရင် မြန်မာပြည်ပြန်ဖို့ လုံးဝမစဉ်းစားဘူး" လို့ ပြန်ပြောပါတော့တယ်။ တကယ်တော့ သူ ရောက်နေတဲ့ မြို့ဟာ မြန်မာပြည်နဲ့ မလှမ်းမကမ်းက နယ်စပ်မြို့ ဖြစ်နေတာကို သတိမထားမိဘဲ တကယ် အမေရိကလောက် ရောက်နေသလို သူ့ဘဝကို ဘဝင်မြင့်သွားတာလေး သတိရမိလို့။ အခုလည်း မြန်မာပြည်ပြန်ဖို့ လုံးဝမစဉ်းစားတော့ဘူးဆိုတာ နိုင်ငံခြား ရောက်သွားချိန်မှာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာ ကျွန်တော့်ကိုယ် ကျွန်တော် သိပြီးသားပါ။ ဒါကြောင့် အခုလည်း အိပ်ရာကနိုး၊ မျက်နှာသစ်၊ သွားတိုက်၊ ရေချိုး ကိုယ်လက်သန့်ရှင်းပြီး မိသားစုနဲ့ အိမ်အောက်ကို အမြန်ဆင်း၊ လေဆိပ်ကို ၇း၃၀ အရောက်သွားဖို့ ပစ္စည်းတွေ ထည့်တဲ့ အိတ်ကြီးကို မနိုင့်တနိုင်ဆွဲပြီး ကျွန်တော့်တိုက်ခန်းရဲ့ ခုနစ်ထပ်ကနေ ဆင်းခဲ့ပါတော့တယ်။ ကျွန်တော့်ရဲ့ ကားပေါ် ပစ္စည်းတွေ တင်နေချိန် မနက်စောစော လမ်းလျှောက်ပြန်လာတဲ့ ဘိုးတော်တစ်ယောက်နဲ့ စပြီး နှုတ်ဆက်ရပါတော့တယ်။ ကျွန်တော်က- "အဘ ဘယ်က ပြန်လာလဲ၊ လမ်းလျှောက်ပြန်လာတာလား"လို့ မေးလိုက်ပါတယ်။ အဲဒီဘိုးတော်ကြီးက ဘုရားဝတ်ပြုပြီး ပြန်လာတာလို့ ပြန်ဖြေပါတယ်။ ကျွန်တော့်ကိုလည်း- "သားက ခရီးဆောင်အိတ်တွေနဲ့ ဘယ်သွားမလို့လဲ" လို့ ပြန်မေးတာကြောင့် ကျွန်တော်လည်း နိုင်ငံခြား သွားမလို့ပါလို့ ရိုရိုသေသေ ပြန်ဖြေလိုက်ပါတယ်။ ဘိုးတော်က အဲဒီမှာတင် ဆက်ပြီး စိတ်ဝင်စားသွားတဲ့ လေသံနဲ့ "သားက ဘယ်နိုင်ငံ သွားမှာလဲ" လို့ ထပ်မေးပါတယ်။ ကျွန်တော်လည်း ကိုယ် သွားမယ့်နေရာကို ကြွားတယ်ထင်မှာ ကြောက်ကြောက်လန့်လန့် 'အမေရိက'ကို စတိတ်ရှိုး သွားတီးမလို့,လို့ ပြောလိုက်ရပါတော့တယ်။ အဲဒီမှာ ဘိုးတော်လည်း ထပ်ပြီး မေးခွန်းထပ်ထုတ်ပြီး တိုက်စစ်ဆင်ပါတော့တယ်။ "အမေရိက ဆိုတော့ ဘယ်နိုင်ငံလဲ"တဲ့။ ကျွန်တော့်မှာ မနက်စောစောစီးစီး ဖြေစရာ စကားမရှိ ဖြစ်ခဲ့ရပါတယ်။ တကယ်ဆို အမေရိက ဆိုရင် အမေရိကတိုက်ကြီးရဲ့ နာမည်ဖြစ်လို့ ဘယ်နိုင်ငံလဲ၊ အမေရိကန်နိုင်ငံလို့

mgyoe.com

mgyee.com SAMPLE BOOK

ဖြေရမှာကို အမေရိကန်(နိုင်ငံ)လို့ ပြောလိုက်တာနဲ့ ဘယ်မြို့လဲလို့ မမေးဘဲ ဘယ်နိုင်ငံ သွားမှာလဲလို့ ပြန်မေးလာတာကြောင့် ရှက်ရှက်နဲ့- "ကျွန်တော် သွားမှာက အမေရိကန်နိုင်ငံပါလို့" ပြောလိုက်တော့မှ သူ့အမှားသူ သိသွားတဲ့ ဘိုးတော်လည်း ဘယ်မြို့လဲ ထပ်မေးပြီး သူ စိတ်ဝင်စားသမျှ ထပ်မေး၊ ထပ်ပြော နဲ့ သူ ရောက်ဖူးခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ ဆိုးသွမ်းတဲ့ လူဆိုးတွေ ပေါပုံ၊ သတိထား ပြီး သွားသင့်ပုံ၊ တက္ကစီကားပဲ စီးပြီး သွားသင့်ပုံကို ပြောပြလို့ ခရီးမသွားခင် ဦးဦးဖျားဖျား သူ့အတွေ့အကြုံတွေ မှတ်သားလိုက်ရပါတော့တယ်။

ဒီလိုနဲ့ မိသားစုအားလုံး ကားပေါ်တက်ပြီး ကလေးထိန်းပါ စုံပြီဆိုမှ ကျွန်တော့်ကားလေးနဲ့ ရန်ကုန်လေဆိပ်ကို စထွက်ခဲ့ပါတော့တယ်။ အချိန်က ၆ နာရီ ၁၅ မိနစ် ရှိနေပါပြီ။ လမ်းမှာ အိမ်အပြန်ခရီး ကျွန်တော့်ကားကို မောင်းယူသွားပေးမယ့် ယောက်ဖဖြစ်သူကို ဝင်ခေါ်ပြီး ကမ္ဘာအေးဘုရားလမ်း တစ်လျှောက် ခပ်သွက်သွက် မောင်းပြီး ထွက်လာခဲ့ပါတယ်။ မနက်စာ (break-fast) စားဖို့ လပ်ကီးဆဲဗင်း စားသောက်ဆိုင် ၉ မိုင်မှာ ကားကွေ့၊ ဆိုင်ထဲ ဝင်စားဖို့ ရပ်စဉ်မှာလည်း သူငယ်ချင်း(မင်းသားသစ်)တစ်ယောက်ရဲ့ ပြောစကား နားထဲက ကြားယောင်မိလို့ ရယ်ချင်တဲ့စိတ် ပေါ်လာခဲ့ပါသေးတယ်။

သူက- "ကိုနိုင်ဇော်... မနက်စောစောဆိုရင် ကျွန်တော်က ပေါင်မုန့် ကြက်ဥကြော်နဲ့ လက်ဖက်ရည် Dinner ဒင်နာ အဝစားရမှ ကျေနပ်တာ" ဆိုတဲ့ စကားကြောင့် ကြံကြံဖန်ဖန် Breakfast နဲ့ Dinner မှားတတ်တဲ့ ပုဂ္ဂိုလ်လိုမျိုး မနက်စာ Dinner စားဖို့ ကျွန်တော်လည်း ကားရပ်ခဲ့ရပါတော့ တယ်။ မနက်စာ စားပြီး လေဆိပ်ကို ထွက်ခဲ့ပါတယ်။ လေဆိပ်မှာ စောင့်နေ ကြတဲ့ ကြိုတင်ချိန်းထားတဲ့ ဂျာနယ်လစ် Hello ဂျာနယ်က ဂျာနယ်လစ် နှစ်ယောက်နဲ့ သူငယ်ချင်း ဒဲဒီ (First Music) ဂျာနယ်သတင်းထောက်တို့ရဲ့ ရောက်ရောက်ချင်း အမှတ်တရ ဓာတ်ပုံရိုက်ခံပြီးတာနဲ့ သူတို့ သိလိုသမျှ ဂီတ ခရီးအကြောင်းလေးကို ကိုယ် သိသမျှ ပြန်ရှင်းပြပြီးချိန်မှာမှ သူငယ်ချင်း ဒဲဒီ က မနေ့ည (၁၂-၇-၀၉) က ရုပ်ရှင်သရုပ်ဆောင် အဆိုတော် အကယ်ဒမီဇော်ဝမ်း ဆုံးပြီဆိုတဲ့ သတင်းပေးလာတာကြောင့် စိတ်မကောင်း ဖြစ်မိခဲ့ရပါတယ်။ တကယ် တော့ ဒီသတင်းကို မနေ့ညကတည်းက ဂျာနယ်လစ်တစ်ယောက်က ဖုန်းဆက်ပြီး မေးခဲ့လို့ ကျွန်တော်လည်း ရုပ်ရှင်လောကထဲက လူကို မမေးဘဲ ဘယ်လို စိတ်ကူး ပေါက်ပြီး ဂီတသမားကိုမှ မေးရသလဲ မသိတာကြောင့် တစ်ယောက်ယောက်

mgyee.com

mgyoe.com SAMPLE BOOK

များ စ,နေသလား ဆိုပြီး ပြန်မေးခွန်း ထုတ်ရင်း- ‘‘ကျွန်တော် မသိပါဘူး၊ မနက်ကျ ခရီးသွားမှာမို့ အခုလည်း ပစ္စည်းတွေ ထည့်နေရတာကြောင့် တခြား သိနိုင်မယ့်သူတွေ မေးကြည့်ပါဦး’’ လို့ လမ်းကြောင်းလွှဲပေးလိုက်ပါတယ်။ အဲဒီမှာ ဆရာသမားက ‘‘အစ်ကို ဘယ်သွားမှာလဲ၊ ကျွန်တော့်လည်း သတင်း ပေးပါဦး’’လို့ ပြောလာတာကြောင့် နိုင်ငံခြားခရီးကို ပြောပြရပါတော့တယ်။ အဲဒီမှာလည်း ဆရာသမားက- ‘‘အစ်ကို ဘယ်အဖွဲ့နဲ့ သွားမှာလဲ’’ ဆိုတော့ ‘‘Lazy Club အဖွဲ့နဲ့လေ’’လို့ ပြန်ဖြေလိုက်ပါတယ်။ ဆရာသမားက ‘‘Lazy Club ဆိုတာ ‘လမ်းဆုံ’ VCD မှာ တီးတဲ့ အဖွဲ့လား’’လို့ ပြန်ပြောတာကြောင့် ကျွန်တော့်ကို သိပြီး Lazy Club အဖွဲ့မှာ တီးတာ မသိတဲ့သူ ရှိပါသေးလားလို့ ထူးထူးဆန်းဆန်း ပုဂ္ဂိုလ်အကြောင်း ပြန်သတိရမိပါသေးတယ်။ အခုလည်း တကယ် မနက်မိုးလင်းမှ (ဦး)ဇော်ဝမ်းလို အစားထိုးမရတဲ့ အနုပညာ ဆုံးရှုံးမှုကို နမြောနေမိပါတယ်။ ကျွန်တော်က အနုပညာရှင် နာရေးဆိုရင် အမြဲလိုလို (ရန်ကုန် မှာတော့ ရှိနေမှပါ) လိုက်ပို့ဖြစ်တာကြောင့် (ဦး)ဇော်ဝမ်းလို ပုဂ္ဂိုလ်ကြီးရဲ့ နာရေးကို လိုက်ပို့ခွင့်မရတော့လို့ စိတ်ထဲကပဲ သူ ကောင်းရာမွန်ရာ ရောက်စေ



ရန်ကုန်လေဆိပ်တွင် မိသားစုနှင့် တွေ့ရစဉ်

mgyoe.com

m gyobe.com SAMPLE BOOK

ကြောင်း ဆုတောင်းပေးလိုက်ရပါတယ်။ ခရီးသွားခါနီး ကျွန်တော့်ကို ချွဲနေတဲ့ ကျွန်တော့်ရဲ့ သားနဲ့သမီး နှစ်ယောက်ကို စ,ချင်တာကြောင့် ''သားနဲ့ သမီး ပါးပါးနဲ့ လိုက်ပြီး လေယာဉ်ပျံစီးမလား''လို့ စမိပါတယ်။ သားနဲ့သမီးက လိုက်ချင်လို့ ပျော်ပြီး လိုက်မယ်ဆိုပြီး ဖြေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း- ''သားသားတို့ မီးမီးတို့ လိုက်ချင်ရင် တစ်ကိုယ်လုံး အိုးမဲသုတ်ပြီး ကပ္ပလီလေး တွေလို့ ပါးပါး ပြောပြီး လေယာဉ်ပေါ် ခေါ်သွားမယ်'' လို့ စ,လိုက်ပါတယ်။ သားသားက (၃ နှစ်သား) သူ့အသိဉာဏ်ပေါက်စလေးနဲ့ ''အိုးမဲ မသုတ်ချင် ဘူး၊ ညစ်ပတ်တယ်''လို့ ပြောပါတယ်။ သူ့ရဲ့ စကားလုံး သုံးပုံကလည်း ထူးဆန်း ပါတယ်။ သူ ထမင်းစားပြီး ဝသွားပြီ ဆိုတာနဲ့ ''တော်ပြီ… ညစ်ပတ်တယ်'' ဆိုပြီး သူ ပြောတတ်သလို ပြောတာပါ။ သမီးဖြစ်သူရဲ့ အဖြေကလည်း ပြောင်မြောက်ပါတယ်။ (သူကတော့ ခုနစ်နှစ်သမီးပါ) ''ပါးပါးက အိုးမဲ သုတ်ပြီး မီးမီးကို ခေါ်သွားပေမယ့် မီးမီးကမှ ကပ္ပလီစကား မပြောတတ်တာ၊ ဘယ်လိုလုပ် လိုက်မလဲ'' လို့ ပြန်ဖြေတာကြောင့် ကလေးအတွေးကလည်း ထူးခြားပါတယ် ဆိုတာ သိလိုက်ရပါတယ်။ ကျွန်တော် ပထမဆုံး လေဆိပ်ကို ရောက်ပြီ။

ဒီလိုနဲ့ Lazy Club မန်နေဂျာ စိုးနိုင်ထွန်း ရောက်လာပါတော့တယ်။ သူနဲ့ သူ့ဇနီး၊ မိဘတွေ ရောက်လာပြီး၊ ကိုဂျင်ပိကတော့ တစ်ယောက်တည်း လာပါတယ်။ ''ကလေး အိပ်နေတာ မနိုးလို့''လို့ ပြောပေမယ့် ကျွန်တော်က နိုင်ငံခြား သွားရတာ ရိုးနေလို့ မိန်းမက စိတ်မဝင်စားတော့ဘူး ထင်တယ်လို့ စ,မိပါတယ်။ ပြီးတော့မှ ကီးဘုတ်တီးမယ့် (ကို)အောင်ဒူး ရောက်လာပါတယ်။ ကိုမရခိုင်ကတော့ မိခင်၊ ညီမဖြစ်သူနဲ့ အတူ ရောက်လာလို့ လူစုံတက်စုံ ဓာတ်ပုံအရိုက်ခံကြရပါတော့တယ်။

မကြာခင် အချစ်ဂျာနယ်က မခင်လိမ္မာ ရောက်လာ၊ အဆိုတော် သဇင် မိဘများနဲ့ ရောက်လာ၊ ပြီးတော့မှ ဆရာ(ကို)ချစ်ကောင်း မိသားစုနဲ့ ရောက်လာပါတယ်။ ကျွန်တော် ဒီပွဲအတွက် စိတ်ပူရတဲ့ မင်းသား နှစ်ပါးထဲက တစ်ပါး ရောက်လာပြီမို့ ရင်တဝက်တော့ စိတ်အေးရပါတော့တယ်။ ကိုညွှန့် (ချစ်ကောင်း)က ဒီပွဲအတွက် သီချင်းတိုက်လည်း ဖမ်းလို့ မရ၊ လေယာဉ် လက်မှတ် ဝယ်ဖို့လည်း ဖုန်းဆက်မရနဲ့ ကိုယ်ပျောက်ဝိဇ္ဇာ ဖြစ်နေလို့ 'ဘယ်ဆီ ကို မင်း ရောက်နေလဲ' ဆိုတဲ့ သီချင်းအတိုင်း စိတ်ပူရသလို၊ အဆိုတော်

mgyoe.com SAMPLE BOOK


Rဇာနည်ကလည်း သူ့အမျိုးသမီးနဲ့ မခွဲနိုင်လို့ ဒီခရီးမှာ မလိုက်ဖြစ်ဘူး ဆိုတဲ့ ကောလာဟလတွေကြောင့် သူ လာမှပဲ သက်ပြင်းချရမှာ ဖြစ်နေပါတယ်။ အဆိုတော် ဇော်ပိုင်နဲ့ မန်နေဂျာ စိုးနိုင်ထွန်းတို့ကတော့ Rဇာနည် လိုက်မှာ လုံးဝသေချာပါတယ်လို့ ပြောနေတာကြောင့် မင်းတစ်ပါး ရောက်ပေမယ့် ကျန်တဲ့ မင်းတစ်ပါး ရောက်လာမယ့် အချိန်ကို စိတ်ပူပြီး စောင့်နေရပါတယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အမေရိက အနုပညာခရီးသည်

Rဓာနည် လေဆိပ်ကို ရောက်လာပြီ ဆိုတာနဲ့ ကြိုတင်ပြီး စောင့်ဆိုင်းနေကြတဲ့ ဂျာနယ်လစ်တွေ ကင်မရာမင်းတွေလည်း အားလုံး အသက်ဝင်သွားပြီး အမေရိကကို ခရီးသွားတော့မယ့် အနုပညာသမား ၉ ယောက်လုံး စုံပြီမို့ Group ပုံ ရိုက်ကြပါတော့တယ်။ ကီးဘုတ်တီးပေးဖို့ လိုက်ပါလာသူက Lazy Club တေးဂီတအဖွဲ့ရဲ့ ပင်တိုင်ကီးဘုတ်သမား မျိုးဇော် မဟုတ်ဘဲ The Wild One တေးဂီတအဆိုတော်ကြီး စိုင်းထီးဆိုင်(ကွယ်လွန်)ရဲ့ ဝိုင်းသားနဲ့ Century (စင်ကျူရီ) တေးဂီတအဖွဲ့ ခေါင်းဆောင် စောအောင်ဒူး ဖြစ်ပါတယ်။ သူက ကျွန်တော်တို့ Lazy Club အဖွဲ့နဲ့ လိုက်ပါဖြစ်ပုံကလည်း ထူးဆန်းမှုတစ်ခုပါ။ ပင်တိုင်ကီးဘုတ်ပညာရှင် မျိုးဇော်က သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုနဲ့ စင်္ကာပူနိုင်ငံကို ၁ လခရီးထွက်နေချိန် အမေရိကခရီးအတွက် လိုအပ်တဲ့ ပတ်စ်ပို့ (နိုင်ငံကူးလက်မှတ်)က စလို့ ကိုယ်ရေးအချက်အလက်တွေကို On Line ကနေ ပွဲစီစဉ်သူတွေက (အမေရိကန်နိုင်ငံ)က တောင်းပါတယ်။ ကျွန်တော်တို့လည်း ကိုယ့်အချက်အလက်တွေ ကိုယ်စီ ပေးကြပေမယ့် ကီးဘုတ်သမားအတွက် အချက်အလက်တွေ မရှိလို့ လှမ်းဆက်သွယ်ရာမှာ ခရီးလွန်နေတာမို့ မိနိုင်မယ် မထင်ဘူး။ ဒါကြောင့် သူ့နေရာမှာ တခြား ကီးဘုတ်သမားတစ်ယောက် အစားထိုးပေးဖို့ ကာယကံရှင်ကိုယ်တိုင်က စင်္ကာပူကနေ ခွင့်ပြုတာကြောင့် ကျွန်တော်

mgyoe.com

တို့လို အမေရိကန်နိုင်ငံကို လုံးဝမရောက်ဖူးသူတွေထက် ပိုပြီး အတွေ့အကြုံရှိတဲ့ ဂီတသမား(ကီးဘုတ်သမား) ဖြစ်ခဲ့ရင် ပိုကောင်းမယ်လို့ ဆုံးဖြတ်တာက တစ်ကြောင်း သူနဲ့ ကျွန်တော်တို့အဖွဲ့က ဟိုးအရင်ကတည်းက (Plus3) အဖွဲ့ (အဲဒီအဖွဲ့က မြစ်ကြီးနားက နာမည်ကြီးတိုင်းရင်းသား Boy Band ပါ)ရဲ့ Live Show သွားတီးကြတုန်း အသံဖမ်းဖို့ လိုက်လာတဲ့ စောအောင်ဒူးက ပထမ Lazy Club ရဲ့ ကီးဘုတ်သမား မရောက်လာမှုကြောင့် အခက်အခဲကြုံတုန်း ဝင်ပြီး ကူညီတီးခတ်ပေးခဲ့ဖူးလို့ ခင်မင်လာတာက တစ်ကြောင်း၊ သူ့ရဲ့ အသံဖမ်းအင်ဂျင်နီယာ အတွေ့အကြုံနဲ့ ကျွန်တော်တို့ သွားတီးရမယ့် မြို့ ၉ မြို့ရဲ့ အမေရိကန်နိုင်ငံသား အသံပိုင်းအင်ဂျင်နီယာတွေနဲ့ ချိတ်ဆက်ပြီး အကောင်းဆုံး ပံ့ပိုးပေးနိုင်မယ်လို့ ယုံကြည်တာကြောင့် သူ့ကို အမေရိကန်နိုင်ငံကို သွားဖျော်ဖြေမယ့်ပွဲ ဖြစ်ခဲ့ရင် လိုက်နိုင်မလားလို့ ကမ်းလှမ်းချိန် သူကလည်း တက်တက်ကြွကြွနဲ့ လိုက်နိုင်ကြောင်း အကြောင်းပြန်ခဲ့လို့ တကယ်သွားဖြစ်တော့ ဧည့်သည် ကီးဘုတ်ပညာရှင်အဖြစ်နဲ့ လိုက်ပါလာတာ ဖြစ်ပါတယ်။ (အဲဒီလို ပင်တိုင်ကီးဘုတ်သမားလေးရဲ့ အမေရိကခရီးစဉ် လွဲချော်မှုကို မနာလိုသူတွေက ကျွန်တော်တို့ ခရီးသွားနေတုန်း ရိသလို သဲ့သလို စကားနာထိုးကြတဲ့ စကားတွေလည်း ကြားနေရပ့ါသေးတယ်။ ဒါဟာလည်း လူ့သဘာဝအတိုင်းပဲလို့ ဖြေသိမ့်လိုက်ရပါတယ်။) ဒါကြောင့် အဖွဲ့ဝင် ၉ ယောက် ရဲ့ မိသားစုတွေနဲ့ နှုတ်ဆက်ကြပြီးတာနဲ့ လေဆိပ်အသစ်ကြီးရဲ့ ပစ္စည်းအလေးချိန် ချိန်တွယ်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ခရီးဆောင်အိတ်ကြီးတွေ (Show ပွဲတွေမှာ ဝတ်ဖို့ ၃ လစာ အဝတ်အစားတွေ ထည့်ထားတဲ့ အိတ်ကြီးတွေ) ချိန်တွယ်ဖို့ တန်းစီကြရပါတယ်။ အဲဒီလို အဝတ်အစားကိစ္စ ရေးရင်း လင်းစတူဒီယိုက ပိုင်ရှင် အန်တီ(ဘုတ်)ရဲ့ မှာလိုက်တဲ့ စကားအကြောင်း ရေးပြချင်စိတ် ပေါ်လာပါတယ်။ အန်တီဘုတ်က ဘယ်လို မှာခဲ့သလဲဆိုတော့ ခရီးမသွားခင် ၁ ရက်အလို သူ့စတူဒီယိုမှာ အမြန်ဆုံးတီးပေးဖို့ သီချင်းတစ်ပုဒ် အပ်လာတဲ့ အဆိုတော်လေး (စောသက်)ရဲ့ သီချင်းတီးဖို့ ပြင်ဆင်နေတုန်း သူက စားသောက်ခန်းမှာ တွေ့တော့– 'နင်တို့ အမေရိက သွားရင် အင်္ကျီတွေ မယူသွားနဲ့၊ ဟိုမှာ အရမ်းပေါတယ်၊ လေး ငါးဒေါ်လာလောက်ဆိုရင် တကယ့် ကောင်းကောင်းတွေ ဝတ်လို့ရတယ်၊ ပြီးတော့လည်း အဲဒီက မြန်မာတွေက အင်္ကျီအဝတ်အစားတွေလောက်တော့ သူတို့အတွက် ကုန်ကျစရိတ် မများလို့ လက်ဆောင်ပေးနိုင်ကြတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

ယူမသွားကြနဲ့" လို့ မှာလိုက်ပေမယ့် (သူက သမီးလေး အမေရိကမှာ ကျောင်းတက်နေလို့ ခဏခဏ သွားနေကျပါ) ကျွန်တော်တို့ကတော့ ဟိုမှာ ရောက်လို့ အင်္ကျီလဲစရာ မရှိရင်၊ လျှော်စရာစက် မရှိရင်၊ ကိုယ့်မှာ ယူသွားတဲ့ ဒေါ်လာငွေလေး နည်းနည်းပါးပါးနဲ့ ၃ လလောက် ကြာအောင် နေရချိန်၊ စားစရိတ် နေစရိတ် ခရီးစရိတ် (ခြေစောင့် လက်စောင့်) သိမ်းထားရမယ့် ပိုက်ဆံကို အင်္ကျီဝယ်မဝတ်ချင်တာကြောင့် (တကယ်တော့ အင်္ကျီသာ မဝယ်ချင်တာပါ၊ ဂစ်တာတော့ ဝယ်ဖို့ ဆုံးဖြတ်ပြီးသားပါ)။ ဒီက ပွဲ ၁၁ ပွဲအတွက် ဝတ်ရမယ့် အင်္ကျီ ၁၁ စုံတော့ (ကိုယ့်မှာ ရှိတဲ့အထဲက အကောင်းဆုံး ရွေးပြီး) ယူသွားပါတယ်။ ပြီးတော့လည်း အိမ်နေရင်း အင်္ကျီကအစ ပွဲတက်အင်္ကျီ မဟုတ်ဘဲ ခရီးသွားရင်း ဝတ်ဖို့ အင်္ကျီ အလယ်၊ ပုဆိုးတွေ အဆုံး တစ်ခုမကျန်အောင် ထည့်ရလို့ အိတ်ကြီး တစ်လုံးလုံး အပြည့်အသိပ်ပါ။ ဒီကြားထဲ စာအုပ်မဖတ်ဘဲ အိပ်လို့မရတဲ့ ကျွန်တော့်ရဲ့ ဒုက္ခကို ကြိုတင်ပြီး ကာကွယ်တဲ့အနေနဲ့ အချိန်အကြာကြီး ဖတ်ရအောင် ဖတ်လို့လည်း ကောင်းရမယ်၊ (ကောင်း မကောင်းကို သိပြီးသား၊ ဖတ်ဖူးပြီးသားလည်း ဖြစ်ရမယ်) ဝတ္ထုကြီးတစ်အုပ် (အဲဒီဝတ္ထုကြီးအတွက် 'ဆရာမောင်မိုးသူ' ရဲ့ 'အိပ်ဖိုးဒပ်'ကို ရွေးလိုက်ပါတယ်။ ပြီးတော့မှ အမေရိကန်ခရီးအတွက် လမ်းညွှန်စာအုပ်အဖြစ် 'ဦးဦးမြတ်ဦး'ရဲ့ 'သွားကြမလား အမေရိက' နဲ့ 'ဆရာ ဒေါက်တာဇော်သန်း' ရေးတဲ့ 'အမေရိကန်ခရီးသည်' စာအုပ် နှစ်အုပ်ကို ယူသွားခဲ့ပါတယ်။ နောက်ဆုံး ဖတ်လို့ကောင်းမယ့် စာစုလေးတစ်အုပ်အဖြစ် ဆရာသုမောင်ရဲ့ အနုပညာရှင်များအကြောင်း (ဝင်းဦးက စ,လို့ လွင်မိုး အဆုံး) ဖတ်လို့ လက်က မချအောင် ကောင်းတဲ့ စာအုပ်လေးတွေပါ ပါအောင် ယူသွားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ အိတ်ထဲမှာ အဝတ်အစား၊ ဖိနပ်၊ စက္ကူစာအုပ်က စလို့ နောက်ဆုံး နေကြာစေ့၊ ငါးပိကြော်၊ လက်ဖက်သုပ်တူး စတဲ့ စားစရာပေါင်းစုံကိုပါ စူပါမတ်ကြီးတစ်ခုကနေ ကျွန်တော့် အမျိုးသမီးက စိတ်ပူစွာ ထည့်ပေးလိုက်တာမို့ နေရာလွတ် မရှိခဲ့ပါဘူး။

ဒီလို ပစ္စည်းပေါင်းစုံနေတဲ့ကြားက ဟိုနိုင်ငံမှာ တစ်မြို့ကို ဂစ်တာ Effect တစ်ခု ငှားတီးရင် ကိုယ့်ပွဲမတီးခင် ဂစ်တာသံ Setting လုပ်နေရမှာ (အသံညှိနေရမှာ)စိုးလို့၊ ကျွန်တော့်ရဲ့ လက်ဆွဲတော် G.T.5 Effect Boss ကုမ္ပဏီက ထုတ်တဲ့ Effect ကြီးပါ ထည့်ယူသွားရတော့ အိတ်ကြီးတစ်အိတ်၊ Effect ထည့်တဲ့ အိတ်အကြီးကြီးက တစ်အိတ်၊ ပြီးတော့လည်း ကျောပိုးအိတ်

mgyoe.com

mgyoe.com

(အပြာရောင်)ထဲမှာလည်း စာရေးဖို့ စာအုပ်အလွတ်၊ ဘောပင်ကစ ,လို့ ကင်မရာ သီချင်း နားထောင်ဖို့ MP4 Player စသဖြင့် တိုလီမိုလီ၊ လေယာဉ်ပေါ်မှာ ချမ်းရင် ဝတ်ဖို့ အနွေးထည်က အစ ထည့်တဲ့အိတ်က တစ်အိတ်၊ ခါးမှာပတ်တဲ့ စစ်ရောင်(ခါးပတ်အိတ်) (အဲဒီအိတ်က ပတ်စပို့နဲ့ တခြား အသေးသုံးပိုက်ဆံ ကအစ ထည့်ဖို့ပါ) စတဲ့ များပြားလှတဲ့ အသုံးအဆောင်တွေကြောင့် တန်းစီချိန် မှာလည်း တခြားလူတွေထက် ကျွန်တော်က ပိုပြီးမလွတ်မလပ် ဖြစ်ရပါတယ်။ ဒါတောင် ဂစ်တာ မယူလာဖြစ်တာ ကျေးဇူးတင်ရမှာပါ။ ပစ္စည်းအားလုံး ချိန်တွယ်ကြချိန်၊ ကျွန်တော့်အိတ်က သတ်မှတ်ထားတဲ့ (ယူခွင့်ရတဲ့ ကီလို ၅၀ ထက် ပိုများနေလို့) အဝတ်အစားတွေ ပြန်ထုတ်ပြီး Effect အိတ်ကြီးကို လွယ်လိုက်မှ သတ်မှတ်ကီလို ဖြစ်သွားလို့ ဝန်ထမ်းတွေက လက်ခံလိုက်ပါတယ်။ ကျွန်တော့်မှာတော့ ကျောပိုးအိတ်ကလွယ်၊ Effect အိတ်ကြီးကိုလည်း ဘေးစောင်း လွယ်ပြီး၊ ခါးပတ်အိတ်ပိုက် ခရီးထွက်ဖို့၊ လှေကားထစ်တွေဆီ တက်ပြီး လူဝင်မှုကြီးကြပ်ရေးရဲ့ အစစ်အဆေး ခံရပါတော့တယ်။ အဲဒီလို လူတိုင်း ကိုယ့်ပစ္စည်းအိတ်တွေ ကိုယ်စီနဲ့ တန်းစီနေချိန် ဟိုဘက်လိုင်းမှာ တန်းစီနေတဲ့ အဆိုတော်ကြီး (ကို)ချစ်ကောင်းကို ကြည့်လိုက်တော့ သူက ထူးထူးဆန်းဆန်း မြားထည့်တဲ့အိတ်လို ပလတ်စတစ်ဘူး ရှည်ရှည်ကြီး လွယ်ပြီး အစစ်အဆေးခံနေ လို့ ‘ရော်ဘင်ဟု’လို့ ပိုင်းစမိပါသေးတယ်။ လမ်းတစ်လျှောက်လုံးလည်း အဲဒီ




*Lazy Club* အဖွဲ့နှင့် အဆိုတော်များ ခရီးစမထွက်ခင် အမှတ်တရ

mgyoe.com

mgyoe.com  SAMPLE BOOK 

ဘူးကြီးနဲ့ လွယ်ရက် လျှောက်သွားနေတာ တွေ့တိုင်း ရုပ်ရှင်ထဲက မြားသည်တော် 'ရော်ဘင်ဟု'ကို မျက်လုံးထဲ မြင်နေမိပါတယ်။ ကျွန်တော်တို့က လူသိများတဲ့ ဂီတသမားတွေ ဖြစ်နေလို့ ထင်ပါရဲ့။ တာဝန်ရှိသူတွေက ပျော်ပျော်ရွှင်ရွှင်ပဲ ခရီးစဉ်အကြောင်း မေးပြီး ပစ္စည်းတွေကို စစ်ဆေးဖို့ X-Ray စက်ထဲ ထည့်ပြီး ချိန်၊ လူကိုယ်တိုင် အစစ်အဆေးခံရတော့ ကျွန်တော့် ပိုက်ဆံအိတ်ထဲက မှတ်ပုံတင် ထုတ်ပြရင်း တစ်ထောင်တန် အနည်းငယ်ကို တွေ့သွားတဲ့ ဝန်ထမ်းတစ်ယောက် က ဘာလို့ မြန်မာငွေ ယူသွားတာလဲလို့ မေးပါတယ်။ ကျွန်တော်လည်း အူကြောင်ကြောင်နဲ့ အခု လာတဲ့လမ်းမှာ မုန့်စားတော့ ရှင်းဖို့ရယ်... ပြန်ရောက် တော့ ကားငှားတာရယ်... ပစ္စည်း အတင်အချ လုပ်ပေးတဲ့ ဝန်ထမ်းတွေကို ဝန်ဆောင်ခပေးဖို့အတွက် ခြေစောင့် လက်စောင့် ယူသွားတာပါလို့ အမှန်အတိုင်း ပြောလိုက်ပါတယ်။ အဲဒီမှာ ဝန်ထမ်းတစ်ယောက်က တကယ်ဆို ယူသွားခွင့် မရှိဘူးလို့ ပြောလာလေတော့ ကျွန်တော့်မှာ အဲဒီပိုက်ဆံတွေ ဘယ်သူ့မှ ပြန်ပေး လို့ မရတဲ့ နေရာ (အိမ်သားတွေက ပြန်သွားကြပါပြီ၊ ဝင်လို့လည်း မရတော့ပါ ဘူး) ဖြစ်နေလို့ အမှိုက်ပုံးထဲပဲ ထည့်ခဲ့ရမလို သူ့ကိုပဲ ပေးခဲ့ရမလို ဖြစ်နေပါ တယ်။ ဒါကြောင့် ကျွန်တော်လည်း 'ကျွန်တော် နိုင်ငံခြား သွားတဲ့ ခရီးများလှ ပါပြီ၊ အပြီးအပိုင် သွားတာလည်း မဟုတ်တော့ ဒီလို ပိုက်ဆံယူခွင့် မရှိတာ တကယ်ကို မသိလို့ အများပြည်သူတွေ အဲဒီကိစ္စ သိခဲ့အောင် ဆောင်းပါးတွေ၊ ကြေညာချက်တွေမှာ ထင်ထင်ရှားရှား ရေးပြထားရင် (တကယ်ကို မသိ နားမလည်တဲ့) ကျွန်တော့်လို လူမျိုးတွေအတွက် ပိုကောင်းသွားမှာပါ၊ ဒါ ကြောင့် ဒီကိစ္စလေးကို ကျွန်တော့်ရဲ့ ခရီးသွားစာအုပ် ရန်ကုန် ပြန်ရောက်လို့ ထုတ်ဖြစ်ခဲ့ရင် ထည့်ရေးပေးပါ့မယ်၊ ဒါမှ အများပြည်သူတွေ သိကြမှာပေါ့... လို့ ရိုးရိုးသားသားပဲ အကြံပေးလိုက်ပါတယ်။ အဲဒီမှာ ဘယ်လို အဓိပ္ပာယ်ပေါက် သွားသလဲ မသိတဲ့ ဝန်ထမ်းအမျိုးသမီးကြီးက "အဲဒါ ကျွန်မတို့နဲ့ မဆိုင်ဘူး" လို့ ပြောပြီး လွှတ်ပေးလိုက်တော့ ကျွန်တော်လည်း အူကြောင်ကြောင်နဲ့ ထွက် လာခဲ့ရပါတယ်။ စာရေးဖို့ စိတ်ကူးထားတာနဲ့ ရေးစရာ စရတဲ့ ကိုယ်ကပဲ ကံကောင်းလွန်းနေသလား မတွေးတတ်အောင် ဖြစ်ရပါတယ်။ ကျွန်တော့်လိုပဲ မြန်မာပိုက်ဆံတွေ ပါလာလို့ သတိပေးခံရတဲ့ အန်ကယ်ကြီးကလည်း ကျွန်တော့် ကို ရေးဖို့ အားပေးပါတယ်။ ပြီးတော့မှ သိရတာက အဲဒီပုဂ္ဂိုလ်ကြီးဟာ ရုပ်ရှင်ထုတ်လုပ်သူ 'နေက မွေးတဲ့လ' ရုပ်ရှင်ကားကြီးနဲ့ ကုမ္ပဏီ အကယ်ဒမီ

mgyoe.com

mgyoe.com SAMPLE BOOK

ရထားတဲ့ (မြိတ်)(ဦး)တင်အောင်နဲ့ မိသားစု ဖြစ်နေပါတယ်။ ဒီမှာပဲ လေယာဉ် မထွက်ခင် အနားယူတဲ့ အခန်းထဲ ရောက်ပြီး ဘာမှ မည်မည်ရရ မစားရသေးတဲ့ အဆိုတော်တွေလည်း လေယာဉ် စားသောက် ခန်း (အိုရီယင်တယ်ဟောက်စ် စားသောက်ဆိုင်)က မှာစားကြပြီး အချိန်ဖြုန်းကြပါတော့တယ်။ တကယ်တမ်း လေယာဉ်ပျံ (ထိုင်းလေကြောင်း) ခရီးစဉ်ထွက်ဖို့ ကြေညာလိုက်ချိန် အားလုံး ကိုယ့်အမိ မြန်မာပြည်ကြီးနဲ့ အကြာကြီး ခွဲရဦးမယ် (၃ လလောက် တစ်ခါမှ ခရီးမသွားကြဖူးလို့ သဘောသားတွေ ကြားရင်တော့ ဝိုင်းရယ်ကြမှာ အမှန်ပါ။) ဆိုတဲ့ စိတ်နဲ့ ဝမ်းနည်းတဲ့ မျက်နှာ သေလေးတွေနဲ့ TG (ထိုင်း အဲယားဝေး) လေယာဉ်ပေါ် တက်ခဲ့ကြပါတယ်။ တကယ်တမ်း လေယာဉ်ထွက်ချိန်မှာလည်း နှုတ်ဆက်မယ့်သူ မရှိတဲ့ လေဆိပ်ကြီးဘက် မျှော်ငေးကြရင်း ရှေ့ဆက် ဘာတွေ ဖြစ်ဦးမယ် မသိရတဲ့ အနုပညာ ခရီးသည်တစ်ယောက်ရဲ့ ခရီးအစအတွက် ရင်တထိတ်ထိတ်နဲ့ ဝေဟင်ထဲ ရောက်ခဲ့ရပါတော့တယ်။

❑

mgyoe.com

mgyoe..com SAMPLE BOOK

# သုဝဏ္ဏဘူမိ ခရီးသည်

ကျွန်တော်တို့ စီးနင်းလိုက်ပါလာတဲ့ TG (ထိုင်းအဲယားဝေး) လေယာဉ်ကြီးဟာ မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ပျံသန်းချိန် ၁ နာရီကျော်ကျော် ပဲ စီးရမှာဖြစ်လို့ လေယာဉ် ဝေဟင်ထဲ ရောက်ပြီး ထိုင်ခုံ ခါးပတ်တွေ ဖြုတ်လို့ရပြီ ဆိုတာနဲ့ ထိုင်းလူမျိုး ကုတ်အင်္ကျီ ခရမ်းရောင် ဝတ်ထားတဲ့ လေယာဉ်မောင်၊ လေယာဉ်မယ်တွေက မျက်နှာသုတ်စရာ တစ်ရှူးစလေးတွေ လိုက်ဝေပေးပါ တယ်။ ပြီးတော့မှ မနက်စာ ကျွေးမွေးတဲ့ အစားအစာတွေကို ဗန်းလေးတွေနဲ့ လိုက်ဝေပေးပါတယ်။ အစားအသောက်ဘူးတွေ ပေးပြီးတာနဲ့ ကော်ဖီ၊ လက်ဖက် ရည်၊ အချိုရည်၊ ဝိုင်အရက်၊ ဘီယာ စသဖြင့် ကိုယ် သောက်လိုတာ မှာစားလို့ ရပါတယ်။ သူငယ်ချင်းတွေကတော့ ဝိုင်အဖြူတွေ၊ အနီတွေ မှာသောက်ကြပြီး အရှိန်ရစပြုနေကြပါပြီ။ ကျွန်တော့်ကိုလည်း မဖြစ်မနေ သောက်ရမယ်ဆိုလို့ ဝိုင်အဖြူတစ်ခွက် သောက်လိုက်ရပါသေးတယ်။ သူတို့ လေကြောင်းလိုင်းက ကျွေးမွေးတဲ့ စားစရာ ဗန်းလေးထဲမှာ သွားကြားထိုးတံ၊ ဆား၊ ငရုတ်ကောင်းမှုန့် က စလို့ စက္ကူတစ်ရှူး မျိုးစုံပါ ,ပါတယ်။ အဲဒီလို သကြားထုပ်တွေ၊ နို့မှုန့်ထုပ် တွေနဲ့ ကော်ဖီ ဖျော်သောက်ဖို့ ထည့်ပေးထားတာကို မြင်တော့ ကျွန်တော်တို့ ဝိုင်းရဲ့ ဉာဏ်သည် ကီးဘုတ်ပညာရှင် စောအောင်ဒူးက သူ ကြားခဲ့ရတဲ့ အဖြစ်လေး တစ်ခုကို ပြောပြပါတယ်။

mgyoe.com

mgyoe.com

သူ့ရဲ့ သူငယ်ချင်း ဂီတသမားတစ်ယောက် နိုင်ငံခြားလေယာဉ်စီးတော့ လေယာဉ်ပေါ်မှာ အစားအသောက် ကျွေးချိန် သူ စားတဲ့ ဗန်းထဲက ပါသမျှ အထုပ်တွေ အကုန် ကော်ဖီထဲ ထည့်ဖျော်ပါတော့တယ်တဲ့။ သူ့ကော်ဖီက သကြား၊ နို့မှုန့်တင်မကဘဲ ဆားတွေရော၊ ငရုတ်ကောင်းမှုန့်တွေရော မသိဘဲ တွေ့သမျှအထုပ် ဖောက်ထည့်တော့ သူ့ဟာသူ ဖျော်သောက်ချိန် မျက်နှာတစ်ချက်မဲ့သွားပြီးမှ ဆေးက သူငယ်ချင်းကို ဒီလို ပြောပါတယ်။ "ဒီလေယာဉ်က တိုက်တဲ့ ကော်ဖီအနံ့က တစ်မျိုးကွ၊ ဇေကန္တ ဘရာဇီးကော်ဖီနဲ့ တူတယ်" ဆိုပြီး သူ့ရဲ့ မှားယွင်းမှုကို သူ မသိဘဲ ရမ်းသန်းမှတ်ချက်ချခဲ့တာ ပြန်ပြောပြတော့ ကျွန်တော် လေယာဉ်စီးတိုင်း၊ ကော်ဖီသောက်တိုင်း ဘရာဇီးကော်ဖီကို သတိရနေမိပါတယ်။ ကျွန်တော်တို့ အားလုံးလည်း စ,ကြ၊ နောက်ကြ၊ စားကြ၊ သောက်ကြနဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို လေယာဉ် ဆိုက်တဲ့အချိန် ၁၀း၃၀ လောက် ရှိပေမယ့် ထိုင်းနိုင်ငံထဲ ဝင်ရင် နာရီဝက် မိနစ် ၃၀ ထပ်ပေါင်းလိုက်ရလို့ ဒေသစံတော်ချိန် မနက် ၁၁ နာရီ ဖြစ်သွားပါပြီ။ ဒါကြောင့် လေယာဉ်ထွက်ပေါက် လိုဏ်ခေါင်းကတစ်ဆင့် ကိုယ် တစ်ဆင့်စီးရမယ့် ဂိတ်ကို ရှာပြီးတာနဲ့ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိမြို့ Lax လေဆိပ်ကို တိုက်ရိုက်ပျံသန်းမယ့် TG လေယာဉ်ထွက်မယ့် အချိန် က ည ၇း၁၅ မိနစ် ဖြစ်နေလေတော့ တစ်နေကုန် လေဆိပ်ထဲမှာ ဘယ်လို အချိန်ဖြုန်းကြမလဲ တွေးကြရင်း ပထမဆုံး ကိုယ့်မှာ ပါလာတဲ့ ဒေါ်လာတွေနဲ့ ယိုးဒယားငွေ(ဘတ်) လဲလှယ်ဖို့ စတင်ကြိုးစားရပါတော့တယ်။ ကျွန်တော်ကတော့ အစားအသောက်လည်း အရေးမကြီး၊ အရေးအကြီးဆုံးက ရန်ကုန်မှာ ရှေ့ထက်ရှားတဲ့ Guitar Technique မဂ္ဂဇင်း၊ အခွန်လွတ် စာအုပ်ဆိုင်မှာ လိုက်ရှာပါတော့တယ်။ ထင်တဲ့အတိုင်း တွေ့ပြီဆိုတာနဲ့ ကိုယ့်ဒေါ်လာငွေနဲ့ ပေးလို့ရသလားမေး၊ ပတ်စ်ပို့ပြပြီး အဲဒီစာအုပ်ယူ ပိုငွေ ပြန်အမ်းတဲ့ ဘတ်ငွေ ယူပြီး အဆိုတော်တွေနဲ့ အဖွဲ့သားတွေ နောက် မြန်မြန်လိုက်ရပါတော့တယ်။ စာအုပ်က ၁၅ ဒေါ်လာ



သုဝဏ္ဏဘူမိလေဆိပ်တွင် အမှတ်တရ

mgyoe.com

SAMPLE BOOK

ကျပါတယ်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရဲ့ လေဆိပ်အသစ် (သုဝဏ္ဏဘူမိ)ကြီးက အရမ်းရှည်လို့ ခြေထောက်ညောင်းအောင် လျှောက်ရပါတယ်။ စားသောက်ဆိုင်တစ်ဆိုင်မှာ စတည်းချကြမယ် ဆုံးဖြတ်ပြီး ကိုယ် စားချင်တာ ပြထားတဲ့ ပုံတွေမှာ ကပ်ထားတဲ့ ဈေးနှုန်းကြည့်ပြီးမှာ၊ အအေးဘူးယူ၊ ပြီးတာနဲ့ ပိုက်ဆံရှင်းပြီး လူမရှိတဲ့ ခုံအလွတ်တစ်ခုမှာ သွားထိုင်ကြပြီး အချိန်ဖြုန်းဖို့ ကြိုးစားရပါတော့တယ်။ ကွန်ပျူတာလက်တော့ ပါလာသူ ကိုအောင်ဒူးက သူ့လက်တော့နဲ့ Wi Fi မိတဲ့နေရာ သွားပြီး Internet ဝင်ကြည့်နေပါတယ်။ အဆိုတော်တွေကတော့ ဘီယာသောက်သူသောက်၊ ကျွန်တော်ကတော့ ထမင်းကြော်နဲ့ အအေးဘူး စားသောက်ပြီး ပိုနေတဲ့ အချိန်မှာ အလကား မဖြစ်ရအောင် အမေရိကခရီးရဲ့ အဖွင့်အခန်း စရေးလိုက်ပါတယ်။ တကယ်လည်း စိတ်ပါလက်ပါ ရေးရတော့ စာရေးရတာ ဈာန်ဝင်နေပေမယ့် နောက်ထပ် စားသောက်သူတွေ လာထိုင်မယ့်နေရာမှာ ကျွန်တော်တို့အဖွဲ့က မထတမ်း ကျောက်ချနေလို့ ဆိုင်ဝန်ထမ်းတွေက ချောင်းဟန့်သလို ကွက်ကြည့်ကွက်ကြည့်လုပ်လို့ အအေး ဝယ်သောက်ရ၊ စားစရာမှာစားရနဲ့ နောက်ကြောင်း မအေးပါဘူး။ ဒါကြောင့် ညနေ ၄ နာရီခွဲလောက်မှာ အဖွဲ့သားတချို့ဆီ ကျွန်တော့် ကျောပိုးအိတ်နဲ့ Effect အပ်ခဲ့ပြီး လေဆိပ်ထဲ စာရေးစရာ ကုန်ကြမ်း ရနိုင်ပါ့မလား ရှာဖွေ လမ်းလျှောက်ထွက်ခဲ့ပါတယ်။ လမ်းတော်တော်လျှောက်မိရင်ပဲ မြန်မာသဘော်သားတွေနဲ့ တွေ့ချိန် သူတို့က စ,နှုတ်ဆက်ပြီး ကျွန်တော့် ခရီးစဉ်မေး၊ ပြန်ဖြေရင်း သူတို့က မြန်မာပြည်ပြန်တော့မှာ ဖြစ်ကြောင်း သိရလို့ သူတို့ရဲ့ အိမ်ပြန်ချိန် ဝမ်းသာနေပုံကို ကြည့်ပြီး စကားပြော၊ သူတို့က ဓာတ်ပုံ တွဲရိုက်ပါရစေ ခွင့်တောင်းလို့ ဓာတ်ပုံရိုက်၊ ကိုယ်တစ်ယောက်တည်းလည်း ဓာတ်ပုံ ပြန်ရိုက်ပေးခိုင်းပြီး ခရီးဆက်ချိန် လေဆိပ်ထဲမှာ မမျှော်လင့်ဘဲ စတီးဂီတပို့ဘေးသံရှင် ကဗျာဘွဲ့မှူးနဲ့ သူ့အမျိုးသားကို တွေ့တော့ နှုတ်ဆက်ပြီး ဘာကိစ္စ လာတာလဲ မေးချိန်၊ သူ့အမျိုးသားရဲ့ အဖေ ဆေးကုသခံဖို့ လာတာလို့ သိရလို့ သူတို့ ပြန်မေးတဲ့ ကိုယ့်ခရီးစဉ်ကို



သုဝဏ္ဏဘူမိလေဆိပ် စားသောက်ဆိုင်တွင် အမှတ်တရ

mgyoe.com

mdyoe.com

ပြောပြနဲ့ အချိန်တွေ ဘယ်လို ကုန်သွားမှန်း မသိခဲ့ရပါဘူး။ ဒါကြောင့် လေဆိပ် အဆုံးထိ လမ်းလျှောက်ပြီးတာနဲ့ နောက်ကြောင်း ပြန်လှည့်ပြီး ကိုယ့်နေရာ ကိုယ်ပြန်တော့ ညနေ ၅ နာရီခွဲလောက် ဖြစ်နေပါပြီ။ ကိုယ် ထိုင်ခဲ့တဲ့ စားသောက်ဆိုင်လေး ရှိရာ သွားကြည့်တော့ တခြား နိုင်ငံခြားသားတွေပဲ ထိုင်နေကြလို့ ဆိုင်များ မှားသလား သေသေချာချာ ဆိုင်းဘုတ်ကြည့်တော့ လည်း ဒီဆိုင်ဆိုတာ သေသေချာချာ မှတ်မိနေပါတယ်။ အနီးအနား Shop-ping ထွက်တဲ့ သဇင်ရဲ့ အဝတ်အိတ်တွေ တင်ထားတဲ့ တွန်းလှည်းပေါ် ကိုယ့် ရဲ့ ကျောပိုးအိတ်နဲ့ ဂစ်တာ Effect တင်ထားမိတော့ အဆိုတော်တွေလည်း ပျောက်၊ သူငယ်ချင်း အတီးသမားတွေလည်း ရှာလို့ မတွေ့နဲ့ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြသူတွေကို ဘယ်နားမှာ ရှိမလဲ လိုက်ရှာရင်း မတွေ့တော့ ကိုယ့်ဘက်က ဟိုငေး ဒီငေး လုပ်ရင်း လေဆိပ်တစ်လျှောက် စာရေး ဖို့ ကုန်ကြမ်းရှာမိတာ အခုတော့ ကိုယ့်ပစ္စည်းတွေကို သူများတွေ သယ်ပေးရတဲ့ အဖြစ် ရောက်နေပြီလို့ တွေးမိပြီး လေဆိပ်အနှံ့ လိုက်ပြီးရှာ မတွေ့တာနဲ့ ၃ ထပ်ကနေ ၂ ထပ်ကို ပြန်ဆင်းပြီး အမေရိက လေယာဉ်စီးရမယ့် ဂိတ်ဆီမှာ အဆိုတော်တွေအားလုံး ကြိုသွားနေကြပြီ ထင်တယ်လို့ သတိရလိုက်မိတာနဲ့ လေဆိပ်လမ်းမကြီးတစ်လျှောက် အမြန်ဆုံး ကိုယ့်လေယာဉ် စီးရမယ့် ဂိတ် တံခါးဆီ လမ်းညွှန်အချက်ပြ ဆိုင်းဘုတ်တွေ ကြည့်ပြီး အမြန်ပြေးရပါတော့ တယ်။ တကယ်တမ်း ကိုအောင်ဒူး၊ ကိုမရခိုင်တို့ပဲ ရောက်နေတာ တွေ့လို့ ကျွန်တော့်ရဲ့ ငေးမောမိတဲ့ အဖြစ်ကြောင့် လူစုကွဲသွားမိတာကို ရှင်းပြ၊ အဆိုတော် တွေ လာမယ့်လမ်းကိုသာ မျှော်ကြည့်နေရပါတော့တယ်။ တကယ်တော့ လက် တွန်းလှည်းတွေက ဂိတ်အဝင်ဝ စက်လှေကားမှာ ထားခဲ့ရတာ ဖြစ်လို့ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်တော့်ရဲ့ လေးလံလှတဲ့ Effect နဲ့ ကျောပိုးအိတ်ကို တစ်ယောက် ကတော့ သယ်လာရတော့မှာပဲ သိလိုက်ပေမယ့် ကိုယ်ကလည်း လူတစ်ကိုယ် လုံး အစစ်ခံတဲ့ စက်ထဲ ဝင်ပြီးမှ အပြင်ပြန်ထွက်လို့ မရတော့တာကြောင့် သူတို့ အဆိုတော်တွေ အထဲမှာ ရှိနေတယ် ထင်မိပြီး အလောတကြီး ဝင်မိတဲ့ ကိုယ့်ကိုယ်ကိုပဲ ကျိတ်ပြီး အပြစ်တင်နေမိပါတယ်။ ၁၀ မိနစ်လောက် အကြာ မှာတော့ အဆိုတော်အဖွဲ့နဲ့ ကျန်ရစ်တဲ့ Player တွေ ဝင်လာကြတာ မြင်နေရ ပါတယ်။ သူတို့ ရှာဖွေ အစစ်ဆေးခံနေချိန် အားနာတဲ့စိတ်နဲ့ သွားတောင်းပန်ပြီး

mdyoe.com

mgyee.com SAMPLE BOOK

ကိုယ့် Effect ကိုယ် သွားယူတော့ သယ်လာပေးတဲ့ ဓော်ပိုင်က ကျွန်တော့် Effect ကြီးကို အလေးခံ သယ်လာပေမယ့် အပြုံးမပျက်ဘဲ "မုန့်ဝယ်ကျွေးရမယ်နော်" လို့ စ,လိုက်လို့ စိတ်ထဲမှာ တော်တော်လေး ပျော်နိုင်သွားပါတယ်။ (ကျေးဇူးပဲ ဓော်ပိုင်) ဒါကြောင့် သူ့ဆီက Effect ကို လက်လွှဲယူ တောင်းပန်ပြီး လက်တွန်းလှည်းနဲ့ တစ်ချိန်လုံး တွန်းသယ်ပေးရတဲ့ ညီမငယ် သဇင်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုက်ရပါတယ်။ လူအားလုံး စုံပြီဆိုမှ ကိုယ့်လေယာဉ်လက်မှတ်နဲ့ ပတ်စ်ပို့ အားလုံးထုတ်၊ တန်းစီကြပြီး အမေရိကန်နိုင်ငံကို ပျံသန်းဖို့ ဆိုက်ကပ်ထားတဲ့ Thai Airway လေယာဉ်ကြီးရဲ့ အပေါ်ကို တက်ဖို့ အသင့်ပြင်ရပါတော့တယ်။ တကယ်တမ်း ထိုင်းနိုင်ငံ လေဆိပ်မှာ ရောက်နေချိန်မှာလည်း ကိုယ့်မြန်မာနိုင်ငံနဲ့ အနီးဆုံးနေရာ နိုင်ငံတစ်ခု ဖြစ်နေလို့ စိတ်ထဲမှာတော့ ထူးထူးခြားခြား မဖြစ်မိပါဘူး။ (တခြားနိုင်ငံတွေ သွားတိုင်း ထိုင်းနိုင်ငံက တစ်ဆင့် စီးနေကျမို့ ထင်ပါရဲ့။) အခုခရီးကလည်း လေထဲမှာတင် ၁၆ နာရီကျော် မောင်းရမယ်။ နေတော့လည်း ၂ လခွဲလောက် နေရမယ်။ အချိန်တွေ ရာသီဥတုတွေလည်း အပြောင်းအလဲ ကြုံရမယ်။ လူသစ် အပေါင်းအသင်းသစ်တွေနဲ့လည်း ဆုံရမယ်။ စတိတ်ရှိုး တီးရာမှာလည်း တကယ့် အမေရိကန်နိုင်ငံသား စက်မှုပညာရှင်တွေနဲ့ တွေ့ဆုံပြီး တီးခတ်ရမှာမို့ အရာရာဟာ ရင်လေးစရာချည်းပါပဲ။ အခက်ခဲဆုံးကိစ္စ တစ်ခုကတော့ ကျွန်တော်တို့ရဲ့ ပြည်ဝင်ခွင့်ကို လက်မခံခဲ့ရင် လေဆိပ်မှာရှိတဲ့ လူဝင်မှုကြီးကြပ်ရေး အရာရှိက မေးတဲ့ မေးခွန်းတွေကို ကျေနပ်လောက်အောင် မဖြေနိုင်ခဲ့လို့ မြန်မာပြည် ပြန်ခဲ့ရရင် အရှက်တော့ ဖြန်းဖြန်းကွဲတော့မှာပဲလို့ တုန်လှုပ်နေမိပါတယ်။ ဒီလို အဖြေမတတ်လို့ မြန်မာပြည် ပြန်ခဲ့ရတဲ့ မြန်မာတွေအကြောင်း ရေးထားတဲ့ စာရေးဆရာ ဦးဦးမြတ်ဦးရဲ့ 'သွားကြဦးမလား အမေရိကား' စာအုပ်ကလည်း လောလောလတ်လတ် ဖတ်ထားတော့ တော်တော့်ကို မပျော်ရွှင်နိုင်တဲ့ ကျွန်တော့်မှာ မြန်မာပြည်မှာ အေးအေးနေရင် အကောင်းသား၊ ဘာမှန်း မသိရတဲ့ စိန်ခေါ်မှုတွေ ရင်ဆိုင်ချင်လို့ အမေရိကသွားချင်တာ၊ အခုတော့ မှတ်ပြီလားလို့ စိတ်ထဲက တွေးနေမိရင်း သက်ဆိုင်ရာ တာဝန်ခံဆီ ကိုယ့်လေယာဉ်လက်မှတ် ပြပြီး လေယာဉ်ထဲဝင်မယ့် လိုဏ်ခေါင်း (Tube) ထဲဝင်၊ ကျယ်ဝန်းလှတဲ့ လေယာဉ်ကြီးထဲက ကိုယ့်ထိုင်ခုံနေရာမှာ ဝင်ထိုင်၊ လေယာဉ်မထွက်ခင် အချိန်လေးမှာတော့ ကျွန်တော်တို့အဖွဲ့ အမေရိက

mgyoe.com SAMPLE BOOK

ခရီးသွားဖြစ်ဖို့ အမေရိက,ကပ္ပဲ စီစဉ်သူ မသီတာ ရန်ကုန် ရောက်လာပုံ ကျွန်တော်တို့အားလုံးနဲ့ တွေ့ကြ၊ တိုင်ပင်ကြပုံတွေနဲ့ အရာအားလုံးထဲမှာ အခက်ခဲဆုံး ဖြစ်ခဲ့တဲ့ အမေရိကန် ဗီဇာ (VISA) ရဖို့ သံရုံးကို ဝင်ခဲ့စဉ်က ကိုယ်တွေ့ကြုံခဲ့ရတဲ့ ရယ်စရာ၊ စိတ်လှုပ်ရှားစရာတွေအကြောင်း အတွေးထဲမှာ ပြန်လည်သတိရမိပြီး အတိတ်ဆီကို ခေတ္တခဏ အလည်သွားနေမိပါတော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# စိတ်ကူးထဲက အမေရိက

အမေရိက ရောက်ဖို့ဆိုတာ မြန်မာပြည်က တချို့လူတွေအတွက် အမြဲတမ်း မက်နေတဲ့ စိတ်ကူးအိပ်မက်တစ်ခုပါ။ တကယ့်ကို အနောက်နိုင်ငံကြီးတွေထဲက မှ ကမ္ဘာရဲ့ နံပါတ်တစ် နိုင်ငံကြီးမှာ နေသူ၊ ပြန်လာသူ၊ အဲဒီနိုင်ငံကို ထွက်သွားသူ စသဖြင့် အတတ်ပညာရှင်၊ အသိပညာရှင်၊ အနုပညာရှင်တွေ များစွာ ကျွန်တော်တို့နိုင်ငံမှာ ရှိကြသလို အဲဒီနိုင်ငံကြီးက ပြန်လာရင်လည်း တကယ့်ကို လူတွေ သူ့ပတ်ဝန်းကျင် အားလုံးက ဝိုင်းဝန်းမြှောက်စား မေးကြမြန်းကြနဲ့မို့ ဘဝမှာ ဘာယ်အရာကိုမှ သိပ်ပြီး အောက်ကျနောက်ကျ မခံချင်သူ၊ သူများတွေ စိတ်ဝင်စားတဲ့ ကိစ္စမှန်သမျှ အလိုလို ရှောင်လွှဲပြီး နေတတ်တဲ့ ကျွန်တော့်အကျင့် အတိုင်း မသွားရတော့လည်း ဘာဖြစ်လဲ၊ ငါတော့ စိတ်မဝင်စားပေါင်…လို့ စိတ်ထဲမှာပဲ အမြဲတွေးပြီး ကိုယ့်ကိုယ်ကိုလည်း သွားဖြစ်မယ် မထင်ခဲ့မိပါဘူးလို့ ထင်မိပါတယ်။ သူများတွေ အမေရိက သွားဖို့ စာမေးပွဲတွေ ဖြေကြ၊ DV Form တွေ ဖြည့်ကြ၊ အလုပ်ရှုပ်နေတာကိုတောင် ကျွန်တော်က တကယ့် ကို သနားနေမိပါတယ်။ အနောက်နိုင်ငံ ဟောလိဝုဒ်က ရုပ်ရှင်တွေ ကြည့်တိုင်း လမ်းတွေပေါ်မှာ အပစ်အခတ် အသတ်အဖြတ်တွေ၊ ဘူတာရုံတွေ၊ ရထားတွေ ထဲမှာ လူဆိုးတွေနဲ့ ရဲတွေ လိုက်တမ်းပြေးတမ်း ကစားတဲ့ ပြကွက်တွေ မြင်ရ တာ များနေတာက တစ်ကြောင်း၊ အမေရိကက ပြန်လာသူ တချို့ရဲ့ စာအုပ်

mgyoe.com

mgyoe.com SAMPLE BOOK

တွေထဲမှာ အမေရိက ဆိုတာ သေနတ်ကို တရားဝင်ရော၊ တရားမဝင်ရော ကိုင်နေကြတာ ဖတ်ရလို့ ဒီလောက် အန္တရာယ်များတဲ့ နိုင်ငံကြီးကိုများ ဘာလို့ တို့လူမျိုးတွေ အထင်ကြီးနေကြတာလဲလို့ မေးခွန်းထုတ်မိပါတယ်။ ဒီလို အမေရိကနဲ့ပတ်သက်ရင် ပုံပြင်တွေထဲက စပျစ်သီး ချဉ်တယ်လို့ ကိုယ် မစားရ တိုင်း အကောင်းမမြင်တဲ့ မြေခွေးလို ကျွန်တော့်ရဲ့ စိတ်ကူးတွေကလည်း ဘယ်လို မှ လှုလှုပပ မရှိတာကြောင့် တကယ်တမ်း အမေရိကပွဲ သွားတီးဖို့ အဆက် အသွယ် စ,ရပြီလို့ မန်နေဂျာ အိုကြာကွေး(စိုးနိုင်ထွန်း) ပြောစဉ်က တာဝန်အရ သွားမယ်လို့ ပြောလိုက်ရပေမယ့် စိတ်ထဲမှာတော့ ဖြစ်မှာ မဟုတ်ပါဘူးလို့ တွေးနေမိပါတယ်။ ဘာလို့ ဒီလို တွေးမိသလဲဆိုတော့ ကျွန်တော့် သူငယ်ချင်း အတီးသမား နှစ်ယောက် သူတို့ဘာသာ သူတို့ ချိတ်ဆက်ပြီး USA မှာ သွားတီးမယ်ဆို ဗီဇာဝင်ခဲ့စဉ်က သူတို့နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဘက်က သက်သေခံလက်မှတ်ထိုးပေး၊ ဒေါ်လာငွေတွေ သူတို့ကို ခေါ်သူတွေက စိုက်ထုတ် ပြီး ဗီဇာဝင်ကြပေမယ့် သူတို့အားလုံး (အဆိုတော်တွေလည်း ပါပါရဲ့) ဗီဇာ မရခဲ့ (Reject) လုပ်ခံခဲ့ရလို့ သူတို့ ပတ်စ်ပို့မှာ ငြင်းပယ်ခံရတဲ့ တံဆိပ်တုံးသာ အဖတ်တင်ခဲ့တာ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့လို့ ငါတို့ကိုလည်း ခေါ်မယ်ပြောပြီး ဒီလိုနဲ့ ပြီးသွားမှာပါလို့ စစ်မရောက်ခင် ကြိုပြီး မြားကုန်ခဲ့မိတာ ဝန်ခံပါတယ်။ ဒီလို ကိုယ့်ဘက်က လျှော့တွက်ထားတဲ့ အခြေအနေမှာ USA က ပွဲစီစဉ်သူတွေ က Performance VISA နဲ့ (အနုပညာနဲ့ ပြည်ဝင်ခွင့်ရအောင်) လျှောက် မယ် (ဒါကို P.1 ဗီဇာလို့ ခေါ်ပါတယ်) ဆိုပြီး ကျွန်တော်တို့ တီးဝိုင်းရဲ့ မှတ်တမ်း VCD တွေ၊ Tape CD တွေ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက Internet က အချက် အလက်တွေ စုဆောင်းပြီး USA မှာ ရှေ့နေငှားပြီး P.1 VISA လျှောက်နေ တယ်။ တစ်ယောက်ကို ဒေါ်လာ ၁၀၀ လောက် ကုန်တယ်။ (ဗီဇာဖိုးနော်) ကြားရတော့ တဖြည်းဖြည်းနဲ့ ဟုတ်လာသလို ခံစားရပါတယ်။ ဒါပေမဲ့လည်း ကိုယ် ရောက်ခဲ့ဖူးတဲ့ စင်္ကာပူ၊ မလေးရှား၊ ဂျပန်၊ ကိုရီးယား စသဖြင့် အာရှနိုင်ငံ တွေရယ်၊ အင်္ဂလန်နိုင်ငံလို ဥရောပနိုင်ငံတွေရယ် ရောက်ဖူးနေတာပဲ။ အမေရိက တော့ မလွယ်လှပါဘူးဆိုတဲ့ စိတ်တင်းပြီး ဖြစ်မလိုလို အခြေအနေကို သံသယ အကြည့်နဲ့ ကြည့်ပြီး ကိုယ့်အလုပ် ကိုယ် လုပ်နေတုန်း ဒီနှစ် ၂၀၀၉ သင်္ကြန် အပြီးမှာ မန္တလေးက ရန်ကုန်ကို အရောက် USA က ပွဲစီစဉ်သူ မသီတာ မြင့်မာပြည် လာမယ်။ တီးဝိုင်း အဖွဲ့သားတွေ၊ အဆိုတော်တွေနဲ့ Date သတ်မှတ်

mgyoe.com

mgyoe.com SAMPLE BOOK


မယ်ဆိုပြီး တွေ့ဆုံဖို့ ကြိုးစားလာလေတော့ ကျွန်တော်လည်း သကြင်္န်ပြီးပြီးချင်း မန္တလေးကနေ ရန်ကုန်ပြန် (မိသားစုနဲ့ မုံရွာ သွားလည်ပြီး အဲဒီနေ့ အမိပြန်ခဲ့ရတာပါ) တွေ့ဆုံကြမယ့် ညမှာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့က ထိုင်းစားသောက်ဆိုင်မှာ နဖူးတွေ့ ဒူးတွေ့ စကားစ,ပြောဖို့ ဖြစ်လာခဲ့ပါတယ်။ အဲဒီပွဲကို ည ၇ နာရီလောက် ကျွန်တော် ရောက်သွားတော့ စိုးနိုင်ထွန်းနဲ့ ဖုန်းချိန်းပြီး ဆိုင်ထဲဝင်၊ ရီဇတ် လုပ်တဲ့ အခန်းမှာ စောင့်ကြရင်း ကိုမရခိုင်၊ ကိုအောင်ဒူးတို့ ရောက်လာကြပါတယ်။ ကိုဂျင်ပိကတော့ ချင်းတောင် ဆက်ပြီး သွားနေလို့ မလာခဲ့နိုင်ပါဘူး။ အဆိုတော် ဇော်ပိုင်နဲ့ ဇနီး မမိမိ၊ Rဇာနည်နဲ့ ဇနီး ဝမ်း၊ အဆိုတော် သဇင်နဲ့ သူ့မိခင်တို့ အားလုံး ရောက်လာပြီးချိန်မှာ မသီတာနဲ့ အားလုံး မိတ်ဆက်ကြပါတယ်။ မသီတာက စကားပြောတာ သိမ်သိမ်မွေ့မွေ့ပေမယ့် သူ့ရဲ့ စည်းကမ်းချက်တွေကို အဆိုတော်တွေနဲ့ ကျွန်တော်တို့ အတီးသမားတွေကို ခပ်ရဲရဲရင့်ရင့် စပြီး ပြောပါတယ်။ 'အမေရိက ရောက်ခဲ့ရင် သီတာ ခွင့်မပြုဘဲ ဘယ်နေရာမှာမှ ဆိုတာ တီးတာ လုပ်ခွင့် မရှိပါဘူး၊ ဘာလို့လဲဆိုတော့ သီတာတို့က ပိုက်ဆံအများကြီး အကုန်အကျခံပြီး P.1 ဗီဇာလုပ်ခေါ်ပြီးမှ အမေရိက ရောက်ချိန် ဟိုလူက လာခေါ်ဆိုခိုင်း၊ ဒီလူက လာခေါ်တီးခိုင်းတာမျိုးတွေ လုပ်တတ်လို့ အခုကတည်းက ကြိုရှင်းပြထားတာပါ'လို့ ရဲရဲဝံ့ဝံ့ ပြောတော့ ကျွန်တော့်စိတ်ထဲ ဇာတ်လမ်းကတော့ လာပြီ၊ ပွဲတောင် မတီးရသေးဘူး၊ စည်းကမ်းတင်းကျပ်လိုက်တာလို့ တွေးမိရင်း မသီတာနဲ့ အခြား အဆိုတော်တွေ စကားပြောချိန်၊ ကိုယ့်အဖွဲ့သားတွေနဲ့ စ,ကြ နောက်ကြရင်း ပြန်ချိန်နီးလာတော့ အမေရိကကို စ,ထွက်မယ့်ရက်၊ ပြန်မယ့်ရက် သတ်မှတ်ကြရာမှာ Rဇာနည် မိန်းမ ကလေးမီးဖွားပြီးမယ့် အချိန်ကို စ,တွက်ပြီး သီတင်းကျွတ်လပြည့်နေ့ ရန်ကုန်မှာ စတိတ်ရှိုး စတီးမယ့်နေ့မတိုင်ခင် အရောက်ပြန်ကြဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ တကယ်တော့ ဝါဝင်လို့ မင်္ဂလာဆောင်တွေ မရှိချိန်၊ မိုးတွင်း ပွဲနည်းပါးချိန် USA သွားတီး၊ ပိုက်ဆံရှာ၊ နှစ်လခွဲ နေပြီးတာနဲ့ ရန်ကုန်ပြန်ရောက်၊ သီတင်းလည်းကျွတ်၊ စတိတ်ရှိုးလည်း တီး၊ မင်္ဂလာဆောင်လည်း တီး စိတ်ကူးထဲမှာတော့ OK ပါပဲ။ သွားဖြစ်တော့လည်း ရောက်ဖူးတယ် ရှိသွားတာပေါ့။ မသွားဖြစ်တော့လည်း ကျွန်တော့်ရဲ့ တတိယ Instrumental အယ်လ်ဘမ် 'သုခုမ စက်ရုပ် CD, Tape' ထွက်ဖို့ နယ်နှင်းလုံးမယ်။ ကျွန်တော်နဲ့ မြို့ပေါင်းများစွာ အဆိုပြိုင်ပွဲ လက်တွဲခဲ့တဲ့ (Super ကော်ဖီမစ်နဲ့) တခြားမြို့

mgyoe.com

mgyoe.com

အဆိုပြိုင်ပွဲတွေ လိုက်တီးမယ်ဆိုပြီး နှစ်ဖက်လုံး ဘယ်ဘက်က လာလာ ဒေါင်းတဲ့ပုံစံ (ဖဲစကား ထည့်ရေးလို့ အထင်မကြီးလိုက်နဲ့၊ တစ်ခါမှ တကယ့်ကို မကျွမ်းပါဘူး၊ မကစားပါဘူး၊ ကြားဖူးနားဝနဲ့ လူအထင်ကြီးမလား ရေးမိတာ ပါ။) အကွက်ဆင်ထားတော့ မသိတာတို့ (USA က ခေတ်ပုံဆရာ (ကို)ကျော်စွာ (GEORGE) လည်း မသိတာနဲ့ အဖော်လိုက်လာပါတယ်။ သူက ကျွန်တော်တို့ အ.ထ.က (၄) ပုဇွန်တောင်ကျောင်းသား ဆိုတာ USA ရောက်မှ သိခဲ့ရ ပါတယ်။) ပြန်သွားပြီး ကျွန်တော်တို့လည်း အခြေအနေ ဘာထူးမလဲ စုံစမ်းရင်း Rဇာနည်ရဲ့ မိန်းမ ကလေးမွေးတာ စောင့်ရင်း ရက်က နောက်ဆုတ်လာတာ ကြောင့် တကယ်တမ်း ဝါဝင်ချိန်အပြီး ဩဂုတ် (August) လ ၆ ရက်နေ့မှာ အမေရိကန်သံရုံး(တက္ကသိုလ်ရိပ်သာလမ်း)မှာ ဗီဇာဝင်ရမယ် ဆိုပြီး သိလာပါ တယ်။ တကယ်တမ်း ဗီဇာဝင်ရမယ့်နေ့ သိပြီဆိုတော့ အမေရိက,က ပို့လိုက် မယ့် P.1 ဗီဇာက ရောက်မလာသေးပါဘူး။ ဒါကြောင့် အားလုံး ဗီဇာဝင်ခါနီး ကပ်ပြီး ရောက်လာမှပဲ သက်ပြင်းချပြီး ဗီဇာဝင်ဖို့ ပြင်ဆင်ရပါတော့တယ်။ သူများတွေ ဘယ်လို ဗီဇာဝင်ကြသလဲ ကိုယ်ကလည်း မသိ။ သိဖို့လည်း မကြိုးစား၊ တကယ် ဝင်ရခါနီးမှ ကောင်စစ်ဝန်နဲ့ အင်္ဂလိပ်လို ပြောရရင် သူပြောတာ ကိုယ်က နည်းနည်းနားလည်တယ် ထားဦး၊ ကိုယ်က ပြန်ပြောရမယ့် ကိစ္စတွေ ကျမှ ဘာပြောလို့ ပြောရမှန်း မသိခဲ့ရင် ဒုက္ခဆိုပြီး ငယ်ငယ်က သူငယ်ချင်းတွေ English Speaking သင်တန်းတက်ချိန် ငါ မတက်ဘူး၊ ဘာဖြစ်လဲ ဆိုပြီး အရွဲ့တိုက်တဲ့စိတ် (တကယ်တော့ သင်တန်းဖိုး ပိုက်ဆံမရှိတာလည်း တစ်ဝက် ပါပါတယ်) ဖြစ်ခဲ့တာကို အခုမှ နောင်တရမလို ဖြစ်မိပေမယ့် တစ်စုံတစ်ယောက် က စိန်မခေါ်မချင်း ဘာမှ ပြင်းပြင်းထန်ထန် မလုပ်ချင်တဲ့ ကိုယ့်စိတ်ကို ကိုယ် သိပြီးသားမို့ ကြုံတဲ့အကွေ့မှာ ကြုံတဲ့တက်နဲ့ လှော်လိုက်မယ်၊ မရတော့ လည်း ကိုယ့်မြန်မာပြည်နဲ့ ၃ လလောက် မခွဲရတော့ဘူးပေါ့လို့ စိတ်တင်းပြီး ဗီဇာဝင်ဖို့ ကြိုးစားပါတော့တယ်။ (တကယ်လည်း ဒီတစ်ခေါက် သွားရမယ့် USA ခရီးဟာ ကျွန်တော့်ဘဝမှာ အချိန်အကြာဆုံး မြန်မာပြည်နဲ့ ခွဲရတဲ့ခရီး ဖြစ်နိုင်ပါတယ်။ ဒါကြောင့် သိပ်ပြီး ရင်းနှီးတဲ့ သူငယ်ချင်း နှစ်ယောက် သုံးယောက်နဲ့ စာနယ်ဇင်းက ဆိုလို့ (ပင်တိုင်ရေးနေတဲ့ နံနက်ခင်းဂျာနယ် သတင်းထောက် (ကို)တင်မောင်ဆွေကိုသာ ကြိုပြီး ပြောထားပါတယ်။ ဒါပေမဲ့ မသေချာသေးလို့ ဂျာနယ်ထဲမှာ မရေးပါနဲ့ဦးလို့တော့ ကြိုပိတ်ထားလိုက်ရပါ

mgyoe.com

SAMPLE BOOK

သေးတယ်။ အဲဒီလို ဘယ်သူမှ မသိအောင် ဗီဇာဝင်လျှောက်မယ်ဆိုမှ မသိလို့ မဖြစ်တဲ့ ကိစ္စတစ်ခုက ပေါ်ဖြစ်အောင် ပေါ်လာပါသေးတယ်။ အဲဒါကတော့ (၃၊ ၄၊ ၅) ၃ ရက် ဩဂုတ်မှာ ချပ်ထရီရမ် ဟိုတယ်မှာ ပြုလုပ်မယ့် မြန်မာဘီယာ အဆိုပြိုင်ပွဲမှာ ဒိုင်လုပ်ပေးဖို့ ကမ်းလှမ်းလာသူ ကိုဂျေမောင်မောင်၊ ကိုဂျေညီညီတို့နဲ့ ၃ ရက်လုံး အဆိုရှင်အသစ် ရွေးချယ်ပေးလိုက်ရလို့ ၆ ရက်နေ့မှာ ဆက်ပြီးရွေးဖို့ ကျွန်တော့်ကိစ္စ ဖြစ်လာတော့ အမေရိကန်သံရုံး ဗီဇာဝင်ရမယ့် ကိစ္စရှိနေလို့ ၆ ရက်နေ့တော့ ခွင့်လွှတ်ပါဆိုပြီး နုတ်ထွက်ခဲ့ရတာကြောင့် အဲဒီပွဲရဲ့ ဒိုင်လုပ်သူတွေ အားလုံးလိုလို ကျွန်တော် အမေရိက သွားဖို့ ဗီဇာဝင်ရမယ်ဆိုတာ သိသွားပြီး ဗီဇာရပါစေလို့ အားလုံးက ဆုတောင်းကြချိန် ထူထူးခြားခြား အဆိုတော် (ကို)ဂျေမောင်မောင်က ကျွန်တော်နဲ့ တွဲဖက် တိုင်ပင်နေကျမို့ 'ကိုနိုင်ဇော်… ဗီဇာရမှာပါ၊ သေချာပါတယ်၊ ကိုနိုင်ဇော်အကြောင်း ကျွန်တော် သိပါတယ်၊ အဆင်ပြေလိမ့်မယ် စိတ်ချ'လို့ ကျွန်တော့်ကို ယုံကြည်မှုအပြည့်နဲ့ ပြောလာလေတော့ ငါ့ကို ငါ့ထက်ပိုပြီး ယုံတဲ့သူတွေပြီဆိုပြီး ဝမ်းသာစိတ်နဲ့ 'ဗီဇာ ရခဲ့ရင် အဆိုပြိုင်ပွဲ ဒိုင်မလုပ်ဖြစ်ပေမယ့် ကိုဂျေဆီ ဖုန်းဆက်ပြီး အရင်ဆုံး အသိပေးပါ့မယ်၊ ဖုန်းဆက်လို့မရခဲ့ရင် ချပ်ထရီရမ်ဟိုတယ်ကို သွားအကြောင်းကြားမယ်လို့' (အဲဒီဟိုတယ် မြေအောက်ထပ်က ဖုန်းမမိပါ) စိတ်ထဲမှာ ကြိုတွေးပြီး ဗီဇာဝင်မယ့်ညမှာ အိပ်လို့မရတာရ ဖြစ်ခဲ့ရပါတယ်။

❑

mgyoe.com

mgyoe.com
SAMPLE BOOK

# သံရုံးသို့ ဝင်ပြီ

အဲဒီနေ့က မှတ်မှတ်ရရ ကျွန်တော့်သားလေး မိုးအာကာဇော်ရဲ့ သုံးနှစ်ပြည့် မွေးနေ့ (၆-၈-၂၀၀၉) ရဲ့ မနက် ၇ နာရီမှာ ကျွန်တော် ကြိုတင်ပြင်ဆင်မှုတွေ အပြည့်နဲ့ ကျွန်တော့်အိမ် ရှိရာ ၅၄ လမ်း၊ မဟာဗန္ဓုလလမ်းနဲ့ အနော်ရထာ လမ်းအလယ်ကနေ ကားမောင်းထွက်ခဲ့ပါတယ်။ ကျွန်တော့်ဘဝတစ်လျှောက် နိုင်ငံ တော်တော်များများရဲ့ ဗီဇာရဖို့ သံရုံးကောင်စစ်ဝန်တွေနဲ့ ဝင်တွေ့ခဲ့ရဖူး တာ သုံး လေးကြိမ်လောက် ရှိခဲ့ပါပြီ။ ဒီတစ်ခေါက် အမေရိကန်သံရုံးဝင်ဖို့ သွားတဲ့ ခရီးလောက် စိတ်မလှုပ်ရှားဖူးပါဘူး။ ဘာလို့ စိတ်လှုပ်ရှားရသလဲ ဆိုတော့ အမေရိကန်သံရုံး ဗီဇာကြေးကလည်း ဒေါ်လာ ၁၀၀ ကျော်ကုန် (အမေရိက က ပွဲစီစဉ်သူတွေက ကုန်ကျခဲ့တာပါ)လို့ သူများပိုက်ဆံ ဆုံးမှာလည်း ကြောက် ရသေး။ ကိုယ့်ကိုမှ ငြေးပြီး ဗီဇာ မရဘူးဆိုခဲ့ရင် တခြားအဆိုတော်တွေ၊ အတီးသမား တွေကြားမှာ အရှက်ကွဲရချေသေးရဲ့လို့ တွေးပူမိတာ အမှန်ပါ။ အမေရိကန် ဗီဇာက နတ်ကြီးတယ်လို့ တချို့တွေက ပြောကြလို့ ကိုယ့်ရှေ့မှာ ထိသွားတဲ့ ပုဂ္ဂိုလ်တွေလည်း မျက်မြင်ကိုယ်တွေ့မို့ သံရုံးကို ဝင်ပြီး လူတွေ့ တွေ့မယ့်အချိန် စမတ်ကျကျ ဝတ်ဖို့၊ ရှပ်အင်္ကျီအဖြူလက်ရှည်ရယ်၊ ဂျင်းဘောင်းဘီ အမည်းရောင် (အသစ်စက်စက်နော်… အဲဒီခရီးအတွက် ကျိတ်ပြီး ဝယ်ထားတာ။ ကြွားတယ် လို့ တော့ မထင်လိုက်ပါနဲ့ ဟဲ ဟဲ) သပ်သပ်ရပ်ရပ်ဝတ်၊ All Star ဖိနပ်စီးပြီး

mgyoe.com

(အဲ) ဖိနပ်မစီးခင် ဘုရား ကြိုတင်ရှိခိုးပြီးတော့မှပဲ အမေရိကန် သံရုံးဘေးက FUJI စားသောက်ဆိုင်ရှေ့မှာ ကားရပ်ပြီး စောင့်နေကြမယ်။ လူစုံမှ ၈ နာရီ သံရုံးထဲ ဝင်ကြမယ်လို့ မန်နေဂျာ စိုးနိုင်ထွန်းရဲ့ အမှာစကား အတိုင်း အိမ်က ၇ နာရီအတိ ထွက်ခဲ့ပါတယ်။ မနက်စောစော လမ်းကလည်း ရှင်း၊ မီးပွိုင့်ကလည်း လွတ်၊ ကိုယ်ကလည်း စိတ်စောနေလို့ ထင်ပါရဲ့။ ဘာ တစ်ခုမှ မစားခဲ့ရဘဲ (သမီး ကျောင်းတောင် ဝင်မပို့ခဲ့ရဘဲ ထွက်ခဲ့ရလို့) သံရုံး ရှေ့ ရောက်တော့ ကားတစ်စီးမှ မရှိသေးတာ မြင်ရတာနဲ့ စားသောက်ဆိုင်ထဲ ဝင်မလို့ ကြည့်လိုက်တော့ ကိုယ် ထိုင်နေကျ လက်ဖက်ရည်ဆိုင် Lucky7 တို့၊ Morning Star တို့လို မဟုတ်ဘဲ အထဲကိုလည်း မမြင်ရတာကြောင့် (ဆိုင် ကြောက်တဲ့ စိတ်ခံကြောင့် ထင်ပါရဲ့) မဝင်ရဲဘဲ မန်နေဂျာဆီ ဖုန်းဆက်လိုက် တော့ သူက အိမ်က ထွက်လာပါပြီလို့ ပြောပါတယ်။ အဲဒီမှာတင် မနက် မိုးလင်းရင် ထမင်းကြော်၊ ကြက်ဥကြော်နဲ့ လက်ဖက်ရည်ကိုပဲ အမြဲ မညည်း မညူ သောက်လေ့ စားလေ့ရှိတဲ့ စိတ်အတိုင်း အင်းလျားလမ်းမှာ လက်ဖက်ရည် ဆိုင် သွားထိုင်ပြီး မနက်စာ စားထားမယ်။ အဆိုတော်တွေ လာမှ သူတို့နဲ့ မီးစင်ကြည့်ပြီး ကမယ်လို့ ဆုံးဖြတ်။ အင်းလျားလမ်းဘက်ကို ကားမောင်းထွက်ခဲ့ ပါတယ်။ တကယ် မိုက်ဆာလာပြီဆိုမှ ဘာဆိုင်မှလည်း မတွေ့၊ ကားရပ်ဖို့က လည်း အဆင်မပြေတာနဲ့ နောက်ဆုံး တက္ကသိုလ် ဓမ္မာရုံဘေးက ကင်တန်းသွား ပြီး တက္ကသိုလ်အလွမ်းပြေ လက်ဖက်ရည်နဲ့ ထမင်းကြော် ဝင်စားပြီး တစ်ယောက် တည်း ခဏ အချိန်ဖြုန်းနေလိုက်ပါတယ်။ ၁၅ မိနစ်လောက်နေမှ ဖုန်းဆက် လိုက်တော့ သံရုံးရှေ့မှာ ရောက်နေကြပြီလို့ သိရတာနဲ့ မနက်စောစော ဘုန်းကြီး တရားအခွေ ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေးကို ခေါ်ပြီး ပိုက်ဆံရှင်း၊ ကားမောင်းပြီး တက္ကသိုလ်ရိပ်သာ လမ်းက အမေရိကန်သံရုံးရှေ့ကို နောက်တစ်ခေါက် သွားရပါတော့တယ်။ ကျွန်တော် သံရုံးရှေ့ ရောက်တော့ မန်နေဂျာတင်မကဘဲ ကိုမရခိုင်၊ ကိုဂျင်ပိတို့လည်း သူတို့ ကားအသီးသီးနဲ့ ရောက်နေကြရုံမက Rကြီးတောင် သူ့ဇနီး (ကလေး မီးဖွားပြီးခါစ)နဲ့ ကားပေါ် က မဆင်းရသေးပါဘူး။ မကြာခင် ဇော်ပိုင်လည်း သူ့ကားလေးနဲ့ ရောက်လာပါ တယ်။ အမေရိကန်ရေးရာ ကျွမ်းကျင်သူလို့ ကျွန်တော်တို့ နာမည်ပေးထားတဲ့ ကီးဘုတ်ဆရာ စောအောင်ဒူးလည်း မရှေးမနှောင်း ရောက်လာပါတယ်။ တကယ် တော့ သူတစ်ယောက်တည်း ကျွန်တော်တို့ထက် အရင် အမေရိက ရောက်ဖူးသူ

mgppe.com

mgyoe.com SAMPLE BOOK

ဖြစ်နေပြန်တော့ သံရုံးဝင်ခါနီး သူ့ကို ရှေ့ဆုံးက လမ်းကြောင်းရှင်းခိုင်းရပါတယ်။ သဇင်လည်း သူ့အမေ၊ အဖေနဲ့ ရောက်လာ၊ လူစုံနေပြီမို့ နောက်ဆုံးကျန်ရှိသူ ကိုညွန့် (ချစ်ကောင်း)ကို ဆိုင်ထဲကပဲ စောင့်ကြမယ်ဆိုပြီး အားလုံး ဆိုင်ထဲ ဝင်တော့ သပ်သပ်ရပ်ရပ် ခမ်းနားလွန်းတဲ့ ဆိုင်ထဲမှာ စားသောက်သူလူကုံထံတွေ ရောက်ရှိနေတာ မြင်ရပါတယ်။ ကျွန်တော်က တစ်ခါမှ အထဲမဝင်ဖူးလေတော့ သူများ ဦးဆောင်တာ လိုက်ဝင်ပြီး သီးသန့်ဆိုဖာတွေနဲ့ အခန်းထဲမှာ နေရာချပေးပါတယ်။ ကိုညွန့်ကို စောင့်ရမယ့်အတူတူ စားချင်တာ မှာကြတဲ့ အဆိုတော်တွေရဲ့ကြားမှာ ကော်ဖီတစ်ခွက် မှာလိုက်ပါတယ်။ သိပ်မကြာလိုက်ခင် စားစရာတွေ ရောက်လာချိန် စားမယ် ကြံရုံရှိသေးချိန် သံရုံးဖွင့်ပြီ၊ ကိုညွန့်လည်း ဆိုင်ရှေ့ ရောက်ပြီ၊ အထဲသွားကြမယ်၊ ပြန်ထွက်လာမှ စားကြလို့ မန်နေဂျာက ပြောလိုက်သံ ကြားတာနဲ့ စားပွဲထိုး ညီလေးကို အဆိုတော်တွေ ရော၊ ကျွန်တော်ကပါ ပြန်လာမှ စားမယ်၊ သိမ်းပေးထားပါလို့ အပ်ခဲ့ပြီး ဗီဇာဝင်ဖို့ အမေရိကန်သံရုံးထဲ အမြန်ဝင်လိုက်ကြပါတယ်။ သံရုံး ဂိတ်အဝင်မှာ မတ်တတ်ရပ်စောင့်နေတဲ့ ဝန်ထမ်းဆီ မှတ်ပုံတင်တွေ ထားခဲ့ရပြီး အထဲကို လျှောက်လမ်း ကော်ရဒ်ဒါပုံစံအတိုင်း သွားကြရပါတယ်။ တိုက်အိမ် ခန်းကြီးလို အခန်းထဲ တံခါးဖွင့်ပြီး ဝင်ချိန် ကျွန်တော်တို့ အားလုံးရဲ့ တယ်လီဖုန်းတွေကို ခဏ သိမ်းယူထားလိုက်ပြီး လက်နက် စတဲ့ ပစ္စည်းကိရိယာတွေ ရှိ မရှိ စစ်တယ် ထင်ပါရဲ့။ အားလုံး OK ပြီ ဆိုတော့မှ အဲဒီတိုက်ခန်းကျယ်ထဲက ထွက်ပြီး ဗီဇာဝင်မယ့် ရုံးထဲ ဝင်လိုက်ရပါတယ်။ နဖူးတွေ ဒူးတွေ ဝင်ရပြီဆိုတော့မှ အထဲမှာ မြင်ရတာက ရထားဘူတာမှာ ခရီးသည်တွေ ထိုင်သလို မျက်နှာက ရှေ့ဘက်နံရံကို အားလုံး ဝိုင်းကြည့်နေသလို ထိုင်ခုံ (ပလတ်စတစ် ဖိုင်ဘာခုံ) ၃၀ ခန့်နဲ့ အဲဒီထိုင်ခုံတွေမှာ မပြည့်သေးတဲ့ လူတွေ ကြိုရောက်နေကြလို့ ကျွန်တော်တို့လည်း လွတ်တဲ့ နေရာ ရှေ့ဆုံးတန်းမှာ ဝင်ထိုင်လိုက်ကြပါတယ်။ မျက်နှာချင်းဆိုင် နံရံအပေါ်မှာ TV ကနေ ကြိုပ်ဟ်တသတင်း လွှင့်ပေးထားတာကို ငေးတဲ့သူက ငေး။ နံရံက စာအုပ်စင်မှာ ချိတ်ထားတဲ့ Newsweek, Time မဂ္ဂဇင်းများယူဖတ်တဲ့သူတွေက ဖတ်ပြီး စိတ်လှုပ်ရှားမှုများကို မသိမသာ လျှော့ချနေကြတာတွေ့နေရပါတယ်။ ဘယ်လိုပဲ ဟန်ဆောင်ဟန်ဆောင် ကျွန်တော်လည်း စိတ်လှုပ်ရှားနေလို့ မဂ္ဂဇင်းတစ်စောင် ယူဖတ်လိုက်တာ။ အဲဒီမဂ္ဂဇင်း (Times ထင်ပါရဲ့) ရဲ့ ကာတွန်းက CHINA.com ဆိုတဲ့ စာလုံးမှာ အစက်အပြောက် (dot) ကို

mgyoe.com

SAMPLE BOOK


ရိုးရိုးမရေးဘဲ အစက်လေးကို အမြောက် ပြောင်းဝပုံ ရေးပြီး နောက်မှာ အမြောက်ကြီးနဲ့ တရုတ်စစ်သားတွေပုံ တွေ့ရလို့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ နိုင်ငံကြီးအချင်းချင်းတောင် ကာတွန်းနဲ့ ကလိထားတာ တွေ့ရလို့ တရုတ်ပြည်က ထုတ်တဲ့ မဂ္ဂဇင်းသာ ဖတ်ခွင့်ရရင် အမေရိကန်ကို ဘယ်ပုံ ပြန်သရော်ဦးမလဲ ဆိုပြီး တွေးမိပါသေးတယ်။ ထိုင်ခုံတွေမှာ ထိုင်နေကြတဲ့ ဗီဇာ ဝင်မယ့်သူတွေရဲ့ ဘယ်ဘက် ဘေးနံရံဘက်မှာ ရထားလက်မှတ် ရောင်းသလို ကောင်တာဆန်ဆန် မှန်လုံခန်းလေးတွေ ရှိပြီး အင်တာဗျူးလုပ်မယ့် ဆရာသမားတွေ မရောက်သေးတာကြောင့် စောင့်နေကြရင်း မြန်မာဝန်ထမ်းတွေ နာမည် ခေါ်တဲ့ ကောင်တာမှာ အရင်ဆုံး ကိုယ့်အချက်အလက်တွေ ပြောရင်း စောင့်ကြရပါတယ်။

ဒီလို စောင့်နေရင်းက ငါ့ကို အင်္ဂလိပ်လို မေးတာ၊ နားမလည်ခဲ့ရင်တော့ ဒုက္ခပဲ။ ဒါမှမဟုတ် ငါ ပြောတဲ့ တတ်သလောက် မှတ်သလောက် အင်္ဂလိပ်စကားကို နားမလည်ခဲ့ရင်တော့ ဘေးကလူတွေ ကြားကုန်တော့မှာပဲ ဆိုပြီး စိတ်ပူစပြုလာပါပြီ။ တကယ်ဆို ကောင်စစ်ဝန်နဲ့ ဗီဇာ လျှောက်သူ နှစ်ယောက်တည်း အခန်းထဲ ဝင်ပြောရတာက ဘယ်သူမှ မကြားရလို့ ကိုယ်ပြောတာ အဆင်မပြေလည်း ရှက်စရာ မလို။ ဗီဇာမပေးလည်း ခပ်တည်တည်နဲ့ ဗီဇာ ရသလို ဟန်ဆောင်ပြီး အခန်းပြင် ထွက်လာဖို့တောင် စိတ်ကူးထားမိပေမယ့် အခုလို လူအများကြားတဲ့ နေရာကြီးမှာ မေးမယ်။ အမေရိကန် ဝင်ခွင့်ပြုမပြု သိရမယ်ဆိုတော့ ဒုက္ခလှလှ မတွေ့ရပါစေနဲ့လို့ပဲ၊ ဘုရားမှတစ်ပါး အားကိုးစရာ မရှိတော့သူလို ခံစားရလို့ ဖောချွေးတောင် ပြန်လာသလိုပါပဲ။ ဗီဇာဝင်သူတွေထဲမှာ ခပ်ငယ်ငယ် ယောကျ်ားလေး (အမေရိကမှာ ကျောင်းသွားတတ်သူတွေ) ခပ်ချောချော မိန်းကလေးငယ်တွေ (သူတို့လည်း ကျောင်းတက်ဖို့ပါ) အရွယ်လတ်ပုဂ္ဂိုလ်တွေ၊ သက်ကြီး လင်မယားတွေ (သူတို့ကတော့ အလည်အပတ်ပါ) လူစုံနေအောင် တွေ့ရတော့ ဘယ်သူစပြီး ထိပေါက်မလဲလို့ စိတ်ထဲက ကျိတ်တွေးနေမိပါတယ်။ သူငယ်ချင်း အမေရိကန်ရေးရာ ကျွမ်းကျင်သူတွေက လူတွေ့မေးပြီး ကိုယ့်ပတ်စ်ပို့ ပြန်ပေးလိုက်ပြီဆိုရင် ဗီဇာ မရဘူးလို့ သိရပြီး မနက်ဖြန် ညနေ ၃ နာရီ လာခဲ့ပါဆိုရင် ဗီဇာပေးလိုက်ပြီလို့ သိခွင့်ရတော့ ဘယ်ပုဂ္ဂိုလ်ကို စကားပြောပြီးရင် ပတ်စ်ပို့ ပြန်ပေးလိုက်မလဲလို့ ခပ်လန့်လန့်နဲ့ စောင့်ကြည့်ရပါတော့တယ်။ အဲဒီလို လူတွေ့ မစစ်ခင် အမေရိကာ သွားခွင့်ရခဲ့လို့ ရန်ကုန် ပြန်ရောက်ရင် စာရေးဖို့ ဗဟုသုတ ရမယ့် ကိစ္စလေးတွေကို ကြိုပြီး

mgyoe.com

မှတ်မယ်လို့ ဆုံးဖြတ်ထားတဲ့ ကျွန်တော့်ရဲ့ မှတ်ဉာဏ်က ထူးထူးဆန်းဆန်း ရှင်းပြတဲ့ ကိုချစ်ကောင်းရဲ့ စကားတစ်ခွန်းကိုလည်း တစ်ဆက်တည်း မှတ်မိနေလို့ အခု စာအုပ်ထဲမှာ ရေးရပါတော့မယ်။ သူ ပြောတဲ့ စကားလေးက သူ ကျင်လည်ခဲ့တဲ့ ကျောက်မျက်ရတနာလောက အကြောင်းလေးပါ။ TV က ကျောက်မျက်တွေ ပြနေရင်း အပြာရောင်ကျောက်ကို နီလာ ဆိုပြီး ပြတော့ ကျွန်တော်တို့က နီလာသာ ပြောတာ အနီလည်း မဟုတ်ဘူး။ အပြာရောင်ကြီးလို့ ပြောလိုက်မိချိန်မှာ သူ ကျွမ်းကျင်တဲ့ ကျောက်မျက်ရတနာအကြောင်း ကြားလိုက်တဲ့ ကိုညွန့်က 'နီလာ'လို့ ဘာလို့ ခေါ်သလဲ သိလား၊ မိုးကုတ်တို့ ဘာတို့ ဒေသတွေမှာ ကျောက်ကူးရင် ပတ္တမြား အနီရောင် ရမလားဆိုပြီး တူးကြပေမယ့် အပြာရောင် (နီလာကျောက်) တွေ့ပြီဆိုရင် သူ့အောက်ထဲမှာ ထပ်တူးတာနဲ့ ပတ္တမြားရှိစမြဲ ဖြစ်လို့ အနီလာ၊ အနီလာ (ပတ္တမြားလာလို့) အော်ပြီး ကျောက်တူးကြရင်း အဲဒီ ရှေ့ပြေးတွေ့ရတဲ့ အပြာရောင်ကျောက်ရဲ့ နာမည်က တဖြည်းဖြည်းနဲ့ အနီလာ၊ အနီလာကနေ နီလာ နီလာ ဖြစ်သွားတာလို့ ကျောက်လောကရဲ့ စကားတစ်ခုကိုလည်း ကြားခဲ့ရလို့ မသိသူအတွက်တော့ အထူးအဆန်း စကားတစ်ခုအဖြစ် စာရေးပြီး ဒီစာအုပ်ထဲမှာ ဖော်ပြလိုက်ရပါတယ်။ (တကယ့် နည်းစနစ်ကျ မကျကိုတော့ မသိပါ။) သူ့ရဲ့ စကားကို နားထောင်နေချိန် မရှေးမနှောင်းမှာပဲ ကောင်တာနှစ်ခုလုံး ဖွင့်ပြီး ရှပ်အင်္ကျီ လည်စည်းနဲ့ အမေရိကန်နိုင်ငံသား နှစ်ယောက်က မြန်မာနာမည်များကို သူတို့လေသံနဲ့ ခပ်ဝဲဝဲ ခေါ်တာ နားစွင့်ရင်း ကိုယ့်အလှည့်ကို စောင့်ကြရပါတော့တယ်။ ပရိသတ်တွေ စောင့်မျှော်ကြတဲ့ အချိန်ကို ရောက်ပါပြီလို့ ဆိုရမလို။ တကယ်က ကျွန်တော့် နောက်ထိုင်ခုံက ကောင်လေးတစ်ယောက်က အင်တာဗျူးတော့ ကောင်စစ်ဝန်ရဲ့ စကားသံကို မှန်ချပ်နောက်မှာ ဖြစ်နေလို့ ခပ်တိုးတိုးပဲ ကြားရပေမယ့် ဖြေဆိုသူ လူငယ်က အင်္ဂလိပ်လို သွက်သွက်လက်လက်နဲ့ သူ့အထောက်အထားစာရွက်တွေ ပြပြီး ဖြေဆိုလို့ ဗီဇာပေးလိုက်ပါတယ်။ မှန်ထဲက စလစ်စာရွက်လေး ထွက်လာတာနဲ့ အဲဒီလူငယ်ခမျာ ဝမ်းသာအားရ ဖြစ်လိုက်ပုံများ ကောင်စစ်ဝန်ကတောင် သူ့ကို ကြည့်ပြီး ရယ်နေပါတယ်။ ပထမဆုံးပုဂ္ဂိုလ် ကံကောင်းသွားလို့ ဒုတိယကောင်မလေး (ကိုရိုးယားမင်းသမီး စတိုင်နဲ့) လည်း ကျောင်းတက်မှာမို့ ဗီဇာ ရသွားပါတယ်။ ကောင်စစ်ဝန်ပဲ သဘောကောင်းသလား၊ ဒီနေ့ပဲ ဗီဇာလျှောက်သူတွေ ကံကောင်းသလား ဝေခွဲလို့ မရပါဘူး။ တစ်ပြိုင်နက်တည်း

mgyoe.com

နှစ်ယောက်စီ မေးနေလေတော့ အချက်အလက် မပြည့်စုံသူ တချို့လည်း စာရွက်စာတမ်း ပြန်ယူဖို့ ထပ်ချိန်းတာ တွေ့နေရတာကြောင့် ကိုယ့်မှာတော့ ဘာအထောက်အထား စာရွက်စာတမ်းမှ မရှိ၊ မယူလာရဘဲ အနုပညာသမား ဖြစ်ကြောင်းသာ ပြောပြီး အင်္ကျီဖျူးဝင်ရမှာ ဆိုတော့ သက်တမ်းပြည့်သွားလို့ အသစ်လဲပေးလိုက်တဲ့ ပတ်စ်ပို့ကလည်း စင်္ကာပူ၊ မလေးရှား ဝင်ဖူးတဲ့ ဗီဇာပဲ ရှိနေလို့ (အင်္ဂလန်၊ ဂျပန်၊ ကိုရီးယား၊ စင်္ကာပူ၊ မလေးရှား) ဝင်ဖူးတဲ့ ဗီဇာ တွေ ပါသွားတဲ့ ပတ်စ်ပို့အဟောင်း လှန်မကြည့်မှာကို စိုးရိမ်မိနေပါတယ်။ ပတ်စ်ပို့အသစ်ဖြစ်နေလို့ ဗီဇာ စိတ်မချလို့ (သူ့နိုင်ငံမှာ အလုပ်လုပ်ပြီး နေမယ့်သူ၊ မြန်မာပြည် မပြန်မယ့်သူလို့) ထင်ပြီး ဗီဇာမရရင် ဒုက္ခလို့လည်း တွေးပူမိပါ သေးတယ်။ ဒီလို မဝံ့မရဲ အားငယ်မှုတွေ၊ ရှက်စိတ်တွေ၊ သိမ်ငယ်စိတ်တွေ ဘယ်က ဘယ်လို ဝင်လာချိန်လေးမှာပဲ မပီကလာ ပီကလာအသံနဲ့ 'ဦးနိုင်ဇော်' ဆိုတဲ့ နိုင်ငံခြားသား ခေါ်သံ ကြားရတာကြောင့် အလျင်အမြန် ထပြီး နာမည် ခေါ်လိုက်တဲ့ ကောင်တာမှာ သွားရပ်လိုက်တော့ နောက်ကျောကို ဝိုင်းကြည့်နေမယ့် မျက်လုံးတွေကို သဘောပေါက်လိုက်ပြီး ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့ သူ ပြောတဲ့ အင်္ဂလိပ်စကားကို နားထောင်လိုက်ချိန်မှာ····

□

mgyoe.com

mgyoe.com SAMPLE BOOK

# ကော်ပီပြဿနာ

ကျွန်တော့်ရဲ့ နာမည် ခေါ်သံ ကြားလို့ မရဲတရဲ ထသွားတဲ့ ကျွန်တော့်စိတ်ထဲမှာ နောက်ကျော မလုံသလို ခံစားနေရသလို ဗီဇာပေးမယ့် နိုင်ငံခြားသားရဲ့ မေးခွန်း ဘာဖြစ်မယ်လို့ စိတ်ထဲမှာ ကြိုပြီးတွေးနေ၊ သူ ပြောမယ့် အင်္ဂလိပ် အသံထွက်ကို မှန်ခြားထားလို့ လိပ်ပတ်လည်အောင် မကြားခဲ့ရင် ဘယ်လိုလုပ်မလဲ ဆိုပြီး သူနဲ့ သေသေချာချာ မျက်နှာချင်းဆိုင်လိုက်တော့ လူလတ်ပိုင်း ဥပမိရုပ်ကောင်းကောင်း၊ ရှပ်အင်္ကျီ သပ်သပ်ရပ်ရပ် အပြာနုရောင် ဝတ်ထားပြီး မျက်နှာအနေအထား ဖော်ရွေသဘောကောင်းမယ့်ပုံပဲလို့ ခန့်မှန်းလိုက်မိတာနဲ့ သူ့ရဲ့ ပြောစကား နားထောင်လိုက်မိချိန် သူက အံ့သြစရာ ကောင်းလောက်အောင် မြန်မာစကား ပြောတတ်၊ မြန်မာလို နားလည်နေတာ တွေ့ရတော့ ရှေ့က ဗီဇာဝင်သွားတဲ့ ခပ်ငယ်ငယ် ချောချော မိန်းကလေးတွေဟာ သူတို့ဟာသူတို့ အင်္ဂလိပ်လို ပြောတတ်တာ ကျွမ်းကျင်ကြောင်း ဗီဇာပေးသူ သိအောင် တမင် ပြောတာ ဖြစ်မယ်လို့ ထင်လိုက်မိပါတယ်။ ဗီဇာပေးမယ့် မေးမြန်းသူ ပုဂ္ဂိုလ်က ကျွန်တော့်ရဲ့ ပတ်စ်ပို့ကို ကြည့်ပြီး– "ဦးနိုင်ဇော် ဘာအလုပ် လုပ်ပါသလဲ" လို့ မေးပါတယ်။ ကျွန်တော်ကလည်း သူ့ရဲ့ မြန်မာစကားသံ (မပီကလာပီကလာ) ကြားလိုက်ရလို့ အားတက်သွားပြီး ဂစ်တာတီးပါတယ်လို့ ပတ်စပို့ထဲက အလုပ် အကိုင်မှာ ရေးဖြည့်ထားတဲ့ Musician ဆိုတဲ့ ဂုဏ်ပုဒ်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောပြလိုက်ပါတယ်။ သူကလည်း ကျွန်တော် ဂီတသမားမှန်း အစောကြီး

mgyoe.com

mgyoe.com


ကတည်းက သိပြီးသားဖြစ်ရက်နဲ့ (P1 ဗီဇာ) Performence ဗီဇာအတွက် ကျွန်တော်တို့ ဝိုင်းရဲ့ VCD, CD, မဂ္ဂဇင်းတွေ မှာ ပါတဲ့ ဆောင်းပါးတွေက အစ အမေရိကကို ပို့ပေး၊ ရှေ့နေနဲ့ ဗီဇာရဖို့ လုပ်ရလို့ အမေရိက အစိုးရက P1 ဗီဇာ ပေးလိုက်ဖို့ အကြောင်းကြားတဲ့စာလည်း သံရုံးကို မနေ့ကတည်းက တင်ပြီးသားမို့ ကောင်စစ်ဝန် (ထင်တာနော်) က ကျွန်တော့်ကို နောက်ထပ် ဒုတိယမေးခွန်းတစ်ခု မေးလာပါတယ်။ အဲဒီမေးခွန်းက အင်္ဂလန်နိုင်ငံကို ဘာကိစ္စနဲ့ သွားတာလဲ ဆိုတာပါ။ ကျွန်တော်ကလည်း ရဲရဲဝံ့ဝံ့ပဲ "ဂစ်တာ သွားတီးတာပါ"လို့ ပြောလိုက်ပါတယ်။ သူက ခေါင်းညိတ်ပြီး တတိယမေးခွန်း ထပ်မေးပါတယ်။ "ဂစ်တာ မတီးခင် ဘာလုပ်သလဲ" လို့ မေးလာတော့ "ဂစ်တာမတီးခင် ဘာမှ မလုပ်ပါဘူး၊ ကြေးစား (pro) ဂစ်တာသမားဖြစ်ဖို့ ဂစ်တာ လေ့ကျင့်ရပါတယ်။ (ဆိုချင်တာက "ကျွန်တော်ဟာ ပရောဖက်ရှင်နယ် ဂစ်တာသမားဖြစ်ဖို့ သေသေချာချာ လေ့ကျင့်လာသူပါ"လို့ ပြောလိုက်တော့ သူက စတုတ္ထမေးခွန်း ထပ်မေးပါတယ်။ "အမေရိကန် ဂီတကို ကြိုက်ပါသလား"တဲ့။ ဒါကြောင့် ကျွန်တော်က "ကြိုက်ပါတယ်" လို့ ပြောလိုက်ပါတယ်။ သူက ထပ်ပြီး ဘယ်အမေရိကန် ဂစ်တာသမားကို ကြိုက်ပါသလဲ ဆိုတော့ ကျွန်တော့်ရဲ့ မြင်ဆရာ၊ ကြားဆရာ၊ သင်ဆရာ (DVD Lesson ထဲကနော်) Paul Gilbert (ပေါလ်ဂီးဘတ်) ကို ကြိုက်ပါတယ်လို့ ပြောလိုက်တော့ သူက ကွန်ပျူတာ (အင်တာနက်နဲ့ ချိတ်ထားပုံ ရပါတယ်) ကို နာမည်ရိုက်ထည့်လိုက်ပြီး (ကျွန်တော် မမြင်ရတဲ့ Screen ကို ကြည့်ပြီးမှ ကျေနပ်တဲ့ပုံနဲ့- "ငါ့ကို ဒီလို မေးလို့ စိတ်မဆိုးပါနဲ့၊ ငါက ဂစ်တာသမား မဟုတ်တော့ နာမည်တွေ မသိလို့ မေးကြည့်တာပါ" လို့ ရယ်ရယ်မောမော ပြောပြီး မနက်ဖြန် ညနေ ၃ နာရီ ဗီဇာ လာယူပါလို့ ချိန်းလိုက်ပါတယ်။ အဲဒီမှာတင် Lazy Club အတီးသမားလေးယောက်ထဲမှာ ကျွန်တော် ပထမဆုံး အင်တာဗျူး OK ပြီး ဗီဇာရသွားပြီဆိုပြီး ဝမ်းသာလိုက်တာ မပြောပြလောက်အောင်ပါပဲ။ ကျန်တဲ့သူတွေကလည်း ထိုင်ခုံတွေကနေ ကျွန်တော် ပြန်လာတာကို ဝိုင်းကြည့်နေပြီး ဘယ်လိုလဲ မေးကြတော့ အားလုံး အဆင်ပြေတယ်။ လွယ်လွယ်လေးတွေ မေးတယ်။ အရမ်းမရစ်ဘူး။ (ရှေ့က လူငယ်တစ်ယောက်ဆိုရင် သူတို့ လိုချင်တဲ့ စာရွက်စာတမ်း မပြည့်စုံလို့ ဆိုပြီး ပြန်လွှတ်လိုက်တာ တွေ့လိုက်ရလို့)။ အခုလို မောင်မင်းကြီးသား P1 ဗီဇာရဲ့ ကျေးဇူးကြောင့်သာ ဘာအထောက်အထားမှ ထပ်မရစ်ဘဲ ဗီဇာ

mgyoe.com

mgyoe.com

ပေးလိုက်တာလား၊ အရင်ခရီးတွေ (စင်္ကာပူ၊ ကိုရီးယား၊ အင်္ဂလန်၊ ဂျပန်) နိုင်ငံကြီးတွေ သွားပြီး ဗီဇာပေးတဲ့ ရက်အပြည့်တောင် မနေဘဲ ပြန်တဲ့ တံဆိပ်တုံးတွေ တွေ့လို့ ယုံကြည်ပြီး ဗီဇာပေးလိုက်တာလား။ (တချို့ဆို ဂျပန်မှာ သွားလည်ပြီး ၂ လ ဗီဇာပေးရင် အလုပ်ဝင်လုပ် အပြန် သိန်း ၃၀၊ ၄၀ ပိုက်ပြန်ခဲ့တဲ့သူတောင် ရှိတယ် ကြားဖူးပါတယ်။) အခုတော့ သူများနိုင်ငံတွေမှာ ကျွေးမယ့် မွေးမယ့်သူ မရှိလို့ စောစောပြန်ခဲ့သမျှ အခုမှ အပေါ်စီးကနေ ငါ သူများနိုင်ငံတွေမှာ ကြာကြာမနေတတ်ဘူး ဆိုပြီး ခပ်တည်တည်နဲ့ အထင်မကြီးသလို ပုံစံပေါက်သွားလို့ သိပ်ပြီး အမေးအမြန်း မထူတော့ဘဲ ဗီဇာပေးလိုက်ပုံ ရသွားပါတယ်။ ကျွန်တော့်ရှေ့က ဗီဇာဝင်တဲ့ မန်နေဂျာရယ်၊ ကျွန်တော်ရယ် ၂ ယောက် ဗီဇာရလို့ ပျော်နိုင်ပေမယ့် ကျန်တဲ့သူတွေအတွက်တော့ စိတ်ပူရပါသေးတယ်။ (တချို့ဆို အမေရိကန်က ပြန်လာပြီးမှ နောက်တစ်နှစ် သွားလည်တာ၊ ဗီဇာမပေးတာမျိုး၊ တီးဝိုင်းတစ်ဖွဲ့လုံးထဲမှာ တစ်ယောက်ပဲ ဗီဇာမပေးတာမျိုး ရှိခဲ့ဖူးတော့) ခပ်လန့်လန့်နဲ့ စောင့်နေရပါသေးတယ်။ ဒါပေမဲ့ ကျန်တဲ့သူတွေ (အတီးသမားတွေ အားလုံး) ဗီဇာ ရသွားကြပါတယ်။ ဒါကြောင့် ဗီဇာဝင်ဖို့ စောင့်နေတဲ့ အဆိုတော် (Rဇာနည်၊ ချစ်ကောင်း၊ သဇင်၊ ဇော်ပိုင်)တို့ ထပ်စောင့်ကြရပါတယ်။ အဲဒီမှာတင် အမေရိကန်ကို အလည်အပတ်သွားမယ့် အန်တီကြီးတစ်ယောက်က ကျွန်တော်တို့ ဗီဇာရသွားတာ သိလိုက်လို့ ပွဲ သူ လာကြည့်မယ်ဆိုပြီး ပွဲလုပ်မယ့်မြို့နဲ့ အချိန်မေးပါတယ်။ ကျွန်တော်တို့ကလည်း ပရိသတ်ဆိုတော့ သေသေချာချာ ရှင်းပြပါတယ်။ အဲဒီအန်တီကြီးက အဆိုတော် ဘယ်သူတွေ ပါလဲလို့ ထပ်မေးတာကြောင့် "Rဇာနည်၊ ဇော်ပိုင်၊ ချစ်ကောင်း၊ သဇင်" ဆိုပြီး ပြောလိုက်ချိန် အန်တီကြီးက "Rဇာနည် ဘယ်မှာလဲ၊ ငါလည်း မတွေ့ပါလား"လို့ မေးတာကြောင့် ကျွန်တော်လည်း ချက်ချင်း မျက်စိဝေ့ကစားပြီး Rကြီးကို လိုက်ရှာရပါသေးတယ်။ တစ်ခန်းလုံး နှံ့ပြီ ထင်ရချိန်၊ မတွေ့ရလို့ ဘယ်ရောက်နေသလဲ စဉ်းစားရင်း အန်တီကြီးရဲ့ ဘေးက ထိုင်ခုံမှာ သူ့မိန်းမနဲ့ တိုးတိုး တိုးတိုးနဲ့ စကားပြောနေတဲ့ သူ့ကို ငိုအားထက် ရယ်အားသန် တွေ့လိုက်ရလို့ ဘေးချင်းကပ် ထိုင်နေပြီးမှ 'Rဇာနည်' လိုက်ရှာခိုင်းတဲ့ အန်တီကြီးရဲ့ မျက်စိမလျှင်မှုကို သဘောကျသွားပြီး "အန်တီကြီး… Rဇာနည်က ဘေးမှာလေ" လို့ ပြောရင်း အဆိုတော်ကို အန်တီကြီးနဲ့ မိတ်ဆက်ပေးမလို့ လုပ်တုန်း အန်တီကြီး ပြောလိုက်တဲ့ စကားကြောင့် ပက်လက်လန်မလို ဖြစ်ခဲ့ရပါတယ်။ အန်တီကြီးက- "သားက Rဇာနည်လား၊ အန်တီ

mgyoe.com

တစ်ခါမှ မမြင်ဖူးဘူး၊ လူတွေ ပြောသံကြားလို့သာ အခုမှ တွေ့ဖူးတာ"ဆိုပြီး တကယ့်ကို ဂျာနယ်၊ TV၊ VCD တွေထဲမှာ တစ်ခါမှ မတွေ့ဖူးဘူးလို့ ပြောလာလေတော့ သြော်... ငါတို့ မြန်မာပြည်မှာ ဒီလို အန်တီကြီးမျိုးလည်း ရှိသေးပါလားလို့ မှတ်ချက်ချလိုက်မိပါတယ်။ အန်တီကြီးက ခေတ်မီတဲ့ပုံနဲ့ ပိုက်ဆံရှိသူ ဖြစ်နေလေတော့ ကျွန်တော့်ကိုများ နောက်သလား ထင်ပြီး ထပ်မေးကြည့်တော့လည်း တကယ်ကို ရိုးရိုးသားသားပါပဲ။ ဒါလည်း သံရုံးထဲက အလွဲလို့ ရေးရမလို ဖြစ်နေပါပြီ။ ဒီလို ရေးပြလို့ Rကြီးအကြောင်း Beauty မဂ္ဂဇင်းထဲမှာ ရေးမိတာ စာရေးပြီး ဆဲတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကိုတော့ လန့်မိပါတယ်။

ဒါကြောင့် အဆိုတော် အားလုံးကို နှုတ်ဆက်၊ အပြင်မှာ ဘာမှမစားရသေးလို့ မှာထားတဲ့ ကော်ဖီ သွားသောက်ကြမယ်။ သူတို့အားလုံးက ကိုယ့်ထက် ပိုထင်ပေါ်သူတွေ နိုင်ငံသိတွေ ဖြစ်နေလေတော့ ဗီဇာ သေချာပြီဆိုပြီး သံရုံးအပြင်ဘက် Lazy Club အဖွဲ့သား ၅ ယောက် ထွက်ခဲ့ကြပါတယ်။ ကိုယ့်ရဲ့ Phone ပြန်ယူ၊ မှတ်ပုံတင် ပြန်ယူပြီး သံရုံးအပြင်မှာ တွေ့ရတဲ့ သဇင့် အဖေကိုပါ စိတ်မပူဖို့ ပြောပြီး စားသောက်ဆိုင်ထဲ ပြန်ဝင်ကြပါတယ်။ ကျွန်တော်တို့ ဝင်ထိုင်တဲ့ အခန်းထဲ ရောက်ချိန် ဘာမှ စားစရာတွေ မချထားလို့ ကော်ဖီ၊ မုန့်တွေ၊ ဘယ်မှာလဲလို့ မေးလိုက်တော့ သိမ်းထားပါတယ်။ ပူပူနွေးနွေး စားရအောင် ပြန်နွှေးပေးပါ့မယ် ဆိုပြီး စားပွဲထိုးလေးတွေက ထွက်သွားပါတယ်။ ကျွန်တော်လည်း သီးသန့်ရေအိမ်ခန်းထဲ ဝင်၊ အပေါ့အပါးသွားပြီး စောင့်နေပေမယ့် စားစရာက ရောက်မလာတာကြောင့်၊ စားပွဲလည်း သိပ်မလောက်လို့၊ အဆိုတော်တွေ ရောက်လာ ဝင်ထိုင်ကြချိန်၊ မှာထားတဲ့ ကော်ဖီ ရောက်လာမယ့် အချိန်အထိ မစောင့်တော့ဘဲ သူငယ်ချင်းတွေကို အခုပဲ ပြန်တော့မယ်၊ ဗီဇာရတဲ့အကြောင်း ကျွန်တော့်မိန်းမရယ်၊ အစ်ကို ဗေဒင်ဆရာရယ်၊ သူငယ်ချင်း ရှော်မှုဆိုးအောင်အောင်ရယ်၊ နံနက်ခင်းဂျာနယ်က သူငယ်ချင်း ကိုတင်မောင်ဆွေရယ်၊ ဗီဇာ ရကိုရရမယ်လို့ ကြိုပြီး သေချာပေါက် ပြောထားသူ ကိုဂျေမောင်မောင်ရယ်တို့ဆီ Phone ဆက်ဖို့နဲ့ သားလေးရဲ့ ၃ နှစ်ပြည့်မွေးနေ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေလို့ ကလေးကို ဘုရားနဲ့ ကစားကွင်း(ယူတိုးပီးယား) လိုက်ပို့ရမယ့် တာဝန်တွေ၊ သမီး ကျောင်းကြိုရမယ့် တာဝန်တွေ ကျန်သေးတာကြောင့် အားလုံးကို နှုတ်ဆက်၊ ကားမောင်းပြီး ရေကျော်ကို ပြန်ခဲ့ပါတယ်။ လမ်းတစ်လျှောက်မှာလည်း အမေရိကကို သေချာပေါက် သွားရတော့မှာမို့ အခုမှ သတင်းပေးရပါ

mgyee.com

တော့တယ်။ သူငယ်ချင်း၊ မိတ်ဆွေ၊ ညီအစ်ကိုတွေကလည်း ကျွန်တော့်ရဲ့ ခရီးစဉ် အကြောင်း အခုမှ မထင်မှတ်ဘဲ ကြားရတော့ ဝမ်းသာပြီး ဂုဏ်ပြုစကား ပြောကြ၊ နံနက်ခင်း ဂျာနယ်ကလည်း ခရီးသွားမယ့် နှစ်လခွဲအချိန်အတွင်း အပတ်စဉ် ဆောင်းပါး ၇ ခု ရေးပေးခဲ့တာ။ (တကယ်တော့ ကြိုတင်ပြီး ညစဉ် လိုလို ၇ ပတ်စာ ကြိုရေးထားတာကြောင့်) အခုမှ ဖွင့်ပြောချိန် တိုက်တိုက် ဆိုင်ဆိုင် အဆိုတော် ထူးအိမ်သင် ကွယ်လွန်တာ ၅ နှစ်ပြည့် ဖြစ်နေလို့ ထူးအိမ်သင် အကြောင်း ဆောင်းပါးတစ်ပုဒ် ထပ်ရေးပေးခဲ့ပါ တောင်းဆိုလို့ စုစုပေါင်း ၈ ပုဒ် ကြိုတင်ပေးခဲ့ဖို့လည်း ကတိပေး၊ Hello ဂျာနယ်မှာ ‘သီချင်းများရဲ့ နောက်ကွယ်’ ကဏ္ဍအတွက် ကျွန်တော် အပတ်စဉ် တာဝန်ယူရေးနေတဲ့ သီချင်းများ အကြောင်း၊ အဆိုတော် လွှမ်းမိုးရဲ့ ‘ဟသ်ာတို့ရဲ့ နန်းတော်ရှေ့’ သီချင်းရေး ဆရာရဲ့ အခက်အခဲ ပြဿနာတွေအကြောင်း ရေးပြီး နိုင်ငံခြားမသွားခင် ဂျာနယ်တိုက်ကို ပေးခဲ့ဖို့ စသဖြင့် မှာစရာရှိတာ၊ လုပ်စရာရှိတာတွေ၊ ဝယ်စရာ ရှိတာတွေ (အထူးသဖြင့် ဂျင်းဘောင်းဘီ ဝယ်ရပါတယ်၊ ဟိုရောက်မှ အဝတ် အစားတွေ၊ ဂျင်းဘောင်းဘီအဝတ်တွေ မတရားဈေးပေါ်လို့ မှားမှန်း သိရပါ တယ်။) ဝယ်ဖို့ ပြင်ဆင်ရင်း တစ်နေကုန် အလုပ်ရှုပ်နေပါတယ်။ တကယ်လည်း နောက်တစ်နေ့ Lazy Club အဖွဲ့သားတွေနဲ့ ပြန်တွေ့ချိန်၊ အားလုံးက ကျွန်တော့်ကို– “မင်းက တော်တော်ချစ်ဖို့ကောင်းတယ်၊ ကော်ဖီ မှာပြီး မသောက် သွားဘူး၊ မင်း မှာတဲ့ ကော်ဖီ ရောက်လာတော့ ကိုညွန့်(ချစ်ကောင်း)က သူ သောက်မယ် ဆိုပြီး ယူသောက်လိုက်တယ်။ ပိုက်ဆံရှင်းတော့ ၅ သောင်းကျော် ကျလို့ အားလုံး စုရှင်းကြရတယ်။ ကိုညွန့်မှာ ပိုက်ဆံတစ်သောင်း စိုက်လိုက် ရလို့ သူ့ဘာသာသူ ‘ငါ ဆီဒိုးနားမှာ ကော်ဖီသွားသောက်မိရင်တောင် တစ်ခွက် တစ်သောင်း ပေးရမှာ မဟုတ်ဘူး’ ဆိုပြီး မင်း မှာပြီး မသောက်တာ ကံကောင်း လို့ ပိုက်ဆံ တစ်သောင်း လွတ်သွားတဲ့အကြောင်း ပြောနေတယ်” ဆိုပြီး ဝိုင်းရယ်ရင်း ပြောပြမှ ဘုမသိဘမသိ ကျွန်တော့်ရဲ့ ကော်ဖီ ယူသောက်မိတဲ့ သူ့ကို သနားသွားမိပါတယ်။ တကယ်တော့ ကျွန်တော်တို့က ပြန်လာမယ် ပြောလို့ အခန်းကိုပါ ပိတ်ထားရတာကြောင့် အခန်းခပါ ပါနေလို့ ကော်ဖီတစ်ခွက် တစ်သောင်းခွဲတမ်း ကျသွားတာကြောင့်လည်း သံရုံးအလွဲများ နောက်ဆက်တွဲ ကော်ဖီပြဿနာလို့ ခေါင်းစဉ် တပ်လိုက်ရတာပါ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# လေယာဉ်ပေါ်မှာ••• အချိန်အတော်ကြာ

'ကော်ဖီ သောက်မှာလား၊ လက်ဖက်ရည်လား' ဆိုတဲ့ Thai Airway လေယာဉ်မယ်ရဲ့ မေးခွန်း ကြားလိုက်ရမှ ကျွန်တော့်ရဲ့ စိတ်ကူးတွေ အတိတ်မှာ တော်တော်ကြာသွားပြီဆိုတာ သိလိုက်ရပြီး ဘေးပတ်ဝန်းကျင်ကို သတိထားလိုက်မိပါတော့တယ်။ တကယ်တော့ ကျွန်တော်တို့ရဲ့ Thai Airway လေယာဉ်ကြီးဟာ စတင်ပျံသန်းချိန်တောင် နည်းနည်းကြာနေပါပြီ။ ကျွန်တော့်ရဲ့ အတွေးတွေက အိမ်ကို သတိရသွားပြီး မှေးခနဲ အိပ်ပျော်သွားသလို ဖြစ်သွားမိလို့ လေယာဉ်မယ်ရဲ့ စကားသံကြောင့် အတိတ်က လန့်နိုးသွားခဲ့တာပါ။ ကျွန်တော် ထိုင်နေတဲ့ ခုံနဲ့ ဘေးချင်းကပ် ထိုင်ခုံမှာ အဆိုတော် Rဇာနည်၊ ပြီးတော့ ဇော်ပိုင်၊ ကိုချစ်ကောင်း အစီအစဉ်အလိုက် အလယ်တန်းမှာ နေရာရကြပါတယ်။ ကျွန်တော်က အစွန်ဆုံး၊ ပြီးတော့မှ အဆိုတော်တွေက အထဲမှာပါ။ နောက်ခုံတန်းမှာတော့ 'သဇင်'က သူတစ်ယောက်တည်း နိုင်ငံခြားသူလေးတွေနဲ့ ထိုင်ရပါတယ်။ သုဝဏ္ဏဘူမိလေယာဉ်ကွင်းမှာ နေလယ်က လေယာဉ်ချိန်စောင့်နေတုန်း ကျွန်တော်တို့နဲ့ ခုံနံပါတ် မတူတဲ့ သူ့ကို စ,ချင်တာကြောင့် "ငါထင်တယ်၊ နင်နဲ့ အတူတူထိုင်ဖို့ ဘေးတစ်ဖက်စီမှာ ကပ္ပလီကြီးနှစ်ယောက်နဲ့ ဖြစ်မယ်ထင်တယ်၊ သတိတော့ထား" လို့ စလိုက်တာနဲ့၊ သူကလည်း လူရွှင်တော်တွေ ပြက်လုံးထုတ်ကြသလို 'ဟိတ်'လို့ ပြန်စပါတယ်။ (လူရွှင်တော်တွေနဲ့ဆို

mgyoe.com

mgyoe.com

ရုပ်ရှင်သရုပ်ဆောင်လောကထဲ ဝင်နေသူမို့ ရယ်ရအောင် လုပ်တဲ့ ပညာလည်း တတ်လာပါတယ်၊ သူ့ဟာသကလည်း သတ်သတ်ရေးပြမှ ရမှာမို့ နောက်အခန်းတွေမှာ ဖတ်ရမှာပါ) ကျွန်တော်ကတော့ စာရေးဆရာ လုပ်မယ့်သူမို့ လေယာဉ်ထဲက အခြေအနေ၊ ဆေးပတ်ဝန်းကျင်က လူတွေရဲ့ အနေအထား၊ လေယာဉ်ကြီးရဲ့ ဖျော်ဖြေမှုအစီအစဉ်တွေကို အချိန်ရသလို လေ့လာရပါတော့တယ်၊ တကယ်တမ်း လေယာဉ်ထွက်ချိန် ၇ နာရီခွဲဆိုပေမယ့် တကယ် လေယာဉ်ကြီး မိုးပေါ်ရောက်ချိန်၊ ဘန်ကောက်မြို့ကြီးကို ကျော်ဖြတ်ချိန်၊ လေယာဉ်ထိုင်ခုံရဲ့ ရှေ့က TV အသေးလေးတစ်ခုစီ ကိုယ့်ရှေ့ ပါရှိနေတာကြောင့် အဲဒီ TV အသေးလေးတွေရဲ့ မျက်နှာပြင်ကို လက်နဲ့ ထိလိုက်ရုံနဲ့ ကိုယ် လိုချင်တဲ့ ရုပ်ရှင်အစီအစဉ်၊ နားထောင်ချင်တဲ့ သီချင်း၊ ဂိမ်းကစားချင်သလား၊ ဒါမှမဟုတ် လေယာဉ်ပျံသန်းမှု ခရီးစဉ်အကြောင်း သိချင်လား၊ ကလေးတွေအတွက် ကလေးရုပ်ရှင်၊ ကလေးသီချင်းများ ကြည့်ဖို့အပြင် နားကြပ်တစ်စုံစီလည်း ပလတ်စတစ်အိတ်လေးနဲ့ ပေးထား၊ စောင်တစ်ထည်စီလည်း ပေးထားတာကြောင့် လေယာဉ်ကြီးထဲမှာ လိုက်ပါလာတဲ့ ခရီးသည်တွေအားလုံး နားကြပ်ကိုယ်စီနဲ့ တိတ်ဆိတ်ပြီး စောင်တွေလည်း ခြုံပြီး ကိုယ့်နေရာမှာ ကိုယ် ထိုင်နေကြတာ၊ နေ့ကလေးထိန်းကျောင်းထဲက ကလေးတွေ နေ့လယ် တစ်ရေးတမော အိပ်နေကြသလိုပါပဲ၊ တိတ်ဆိတ်နေပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာ ခရီးသွားတဲ့ ကားတွေမှာသာ တစ်ခုံတစ်ယောက် နားကြပ်တစ်စုံစီ ပေးထားရင် တော်တော်ကောင်းမှာပဲ။ ဘာလို့ မလုပ်ကြသေးတာလဲ မသိဘူးလို့ အားမလိုအားမရ ဖြစ်မိပါတယ်။ တကယ်တော့ ခရီးသည်အားလုံးရဲ့ အဆင်ပြေရေးအတွက် တစ်ယောက်ချင်းစီရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ အခုလို နားကြပ်လေးတွေ ဝေပေးထားတော့ VCD သီချင်း ကျယ်ကျယ်လောင်လောင် ဖွင့်လို့ အိပ်မရတာတွေ၊ ရုပ်ရှင်တွေ အငြိမ့် VCD တွေရဲ့ အသံကို ကျယ်ကျယ်လောင်လောင် ဖွင့်တဲ့ ကားဆရာတွေ၊ အသံမကြားရမှာစိုးလို့ အသံကျယ်ခိုင်းတဲ့ စပီကာနဲ့ ထိုင်ခုံက ဝေးတဲ့ ခရီးသည်


အမေရိကသွား လေယာဉ်ပေါ်မှာ အမှတ်တရ

mgyoe.com

mgyoe.com SAMPLE BOOK

တွေကြောင့် စပီကာ ခေါင်းပေါ်မှာရှိတဲ့ ထိုင်ခုံမှာ ကျဖူးသူ ကျွန်တော့်အတွက် တိတ်တိတ်ဆိတ်ဆိတ် ခရီးသွားခြင်းကို ဘယ်တော့မှ ရပ့်မလဲလို့ လေယာဉ်စီးရင်းနဲ့ တွေးနေမိပါတယ်။ လေယာဉ်ပေါ်မှာ ပထမဆုံး စပြီး ဧည့်ခံတာက စနိုးတာဝါလေး(ပူပူနွေးနွေး) လိုက်ပေးပါတယ်။ ပြီးတော့မှ ရေသန့်၊ သစ်သီးဖျော်ရည်၊ ခရမ်းချဉ်သီးဖျော်ရည်၊ ကြိုက်ရာယူသောက်ဖို့ ဗန်းနဲ့ လာပေးပါတယ်။ ကျွန်တော်ကတော့ လိမ္မော်ရည်ပဲ ယူသောက်ဖြစ်ပါတယ်။ ကျွန်တော် ထိုင်နေတဲ့ ဘေး၊ လျှောက်လမ်းရဲ့ တစ်ဖက်မှာ အာရပ်အဘိုးကြီးနဲ့ သူ့ဇနီး အဘွားကြီး ထိုင်နေပါတယ်။ အဲဒီအဘိုးကြီးက လမ်းမလျှောက်နိုင်လို့ လေယာဉ်ပေါ်က ထိုင်ခုံအထိ ပွေ့ချီပြီး လေယာဉ် အမှုထမ်းတွေက နေရာချပေးထားရပါတယ်။ အရပ်အမောင်းကတော့ ခြောက်ပေကျော်ကျော် မြင့်မားလှပါတယ်။ ဒါကြောင့် သူ့ခန္ဓာကိုယ်ကြီးကို သူ မသယ်နိုင်ပေမယ့် ပိုက်ဆံကပဲ စကားပြောတယ် ထင်ပါရဲ့၊ လေယာဉ်မယ်တွေ၊ အမှုထမ်းတွေ ဗျာယာခတ်နေအောင်ကို ဂရုစိုက်ကြပါတယ်။ အစားအသောက် စားဖို့ စာရင်းစာရွက်လေးတစ်ခု ကျွန်တော်တို့ လေယာဉ်ထိုင်ခုံရဲ့ ရှေ့မှာ ညှပ်ထားတာကြောင့် ပထမဆုံး ညစာစားဖို့ သူတို့ ကျွေးမွေးမယ့် အစားအစာ နှစ်မျိုး၊ ဥပမာ– ကြက်သားနဲ့ စားမလား၊ ပင်လယ်စာ စားမလား စသဖြင့် အစားအသောက်တစ်မျိုး ကြိုက်တာ မှာပြီးတာနဲ့ အချိုပွဲ၊ သစ်သီးရည်၊ လက်ဖက်ရည်၊ ရေသန့်၊ ပေါင်မုန့် စတဲ့ စားစရာတွေ အစုံအလင် ထည့်ထားတဲ့ ဗန်းကို လေယာဉ်မယ်ဆီက ယူပြီး စားရပါတယ်။ ခုနက အာရပ်အဘိုးကြီးအတွက်တော့ (ကြိုတင်ပြီး လေယာဉ်လက်မှတ် ဝယ်ကတည်းက စာရင်းပေးထားလို့ ထင်ပါရဲ့၊ အားလုံးထက်အရင် အာရပ်တွေ စားတဲ့ (မူဆလင် အစားအစာ) ဒံပေါက်လိုထမင်းနဲ့ ကြက်ပေါင်ကြော်ပြီး ပလာတာလို စားစရာတွေ လာချပေးပါတယ်) သူ့ရဲ့ စားစရာတွေက ဟင်းခတ် အမွှေးအကြိုင်တွေကြောင့် ကျွန်တော့်မှာ ညနေပိုင်းတစ်ခုလုံး အငတ်ခံပြီး လေဆိပ်မှာ နေခဲ့ရသမျှ အတိုးချပြီး စားစရာ လာချပေးချိန်မှာ ခေါင်းမဖော်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဘေးမှာ ထိုင်နေတဲ့ အဆိုတော်တွေလည်း အသီးသီး သူတို့အတွက် စားစရာတွေ လာပို့လို့ လေယာဉ်ပေါ်က ညစာစားပွဲလေးတစ်ခု အမှတ်တရ ဖြစ်ခဲ့ရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# မိုးပေါ်က ညှော်ခံမှုစနစ်များ

လေယာဉ်ပေါ်မှာ စားတဲ့ သောက်တဲ့ (အချိုရည် သောက်တာနော်) ကိစ္စပြီးတဲ့နောက် သူတို့ ထိုင်းလေယာဉ်ထိုင်ခုံတွေ နောက်ကျောမှာ တပ်ထားတဲ့ TV အသေးလေးတွေကို စပြီး လေ့လာရပါတော့တယ်။ အဲဒီ TV သေးသေးအပြားလေးတွေက ဘေးပတ်ဝန်းကျင်က ထိုင်နေတဲ့ သူ မျက်စိထဲ အလင်းမပြန်အောင် သေသေချာချာ တွက်ချက်ပြီး လုပ်ထားပုံရပါတယ်။ ဒါကြောင့် ဘေးကလူက ကိုယ့် TV ဖွင့်ကြည့်လို့ သေသေချာချာ မမြင်ရဘဲ မျက်စိလည်း မစူးပါဘူး။ အသံကလည်း နားကြပ်နဲ့ နားထောင်၊ မျက်စိလည်း အနှောင့်အယှက် မဖြစ်တော့ တကယ့်ကို ခရီးသွားရတာ စိတ်ချမ်းသာစရာ ကောင်းပါတယ်။ ဒီမှာ ကျွန်တော့်ရဲ့ တောသားလို ခေတ်နောက်ကျပုံ တစ်ခုတော့ ရှက်ရှက်နဲ့ ဝန်ခံပါရစေ။ အဲဒီ TV လေးတွေကို ကိုယ့်ထိုင်ခုံဘေးမှာ ရှိတဲ့ Remote အဝေးထိန်းကိရိယာ (လက်ကိုင်ကြိုးတော့ ပါပါတယ်)နဲ့ ရွေးပြီး ကိုယ် ကြည့်ချင်တဲ့ Program ထဲ ဝင်ရပါတယ်။ ကွန်ပျူတာမောက်စ်နဲ့ ရွေးသလိုမျိုးပေါ့။ ကိုယ်က ရုပ်ရှင်ကြည့်ချင်ပြီဆိုရင် ရုပ်ရှင် ၈ ကားလောက် ပြနေတဲ့ Setting ထဲ ဝင်လိုက်ပြီး ကိုယ်ကြိုက်တဲ့ကား စကြည့်လို့ ရသလို တရုတ်၊ ကိုရီးယား၊ အိန္ဒိယ စတဲ့ အာရှရုပ်ရှင်များလည်း ရှိပါတယ်။ ဒါမှမဟုတ် သီချင်းနားထောင်မယ် ဆိုရင်လည်း နာမည်ကြီး Album တွေရဲ့ ကာဗာပုံတွေ ပေါ်လာပြီး သီချင်းတစ်ခွေလုံး

mgyoe.com

mgyee.com SAMPLE BOOK

ကြိုက်ရာ သီချင်း မြည်းစမ်းပြီး နားထောင်၊ ကြိုက်ပြီဆိုမှ ကိုယ် နားထောင်ချင်တဲ့ Album တစ်ချပ်လုံး နားထောင်လို့ ရပါတယ်။ ဒီလိုမှ ရုပ်ရှင်မကြည့်၊ သီချင်းလည်း နားမထောင်ချင်ရင်၊ သတင်းကားဆန်ဆန် ပညာပေး အားကစားပိုင်းတွေ၊ တောတွင်းစွန့်စားခန်းခရီးတွေ၊ TV ရုပ်သံဇာတ်လမ်းတွေ၊ မကြည့်နိုင်ဘူးဆိုရင် Game ကစားလို့လည်း ရအောင် လုပ်ပေးထားပါတယ်။ ကျွန်တော်ဘာရယ်မဟုတ်ဘဲ ရုပ်ရှင်တစ်ကား ဖွင့်ကြည့်နေဖြစ်ပါတယ်။ အစားအသောက်လာပြီး လေယာဉ်မယ် ပေးချိန်၊ ထမင်းစားချိန်၊ ရုပ်ရှင်ကို မျက်စိကလည်း မလွတ်တမ်း ကြည့်နေရပါတယ်။ အစီအစဉ်အားလုံးက လေယာဉ်ပျံသန်းချိန်မှာ Server (ထိန်းချုပ်ခန်း)က ဖွင့်ပေးထားလို့ ကိုယ် ကြိုက်တဲ့ ရုပ်ရှင်ကို မိတဲ့နေရာက စ,ကြည့်နေမိတာပါ။ ဒါကြောင့် TV ပိတ်လိုက်ရင် ရုပ်ရှင်ဇာတ်လမ်းတွေလွတ်သွားပြီး ဘာတွေ ဆက်ဖြစ်မယ်မှန်း မသိမှာ ကြောက်တာနဲ့ အစား စားနေတာတောင် မျက်လုံးက TV ရှေ့က မခွာရဲပါဘူး။ မီးတွေလည်း မှိတ်ပြီးအားလုံး အိပ်ကြဖို့ ပြင်ဆင်နေချိန် ရှေ့ထိုင်ခုံမှာ TV ကြည့်နေတဲ့သူက ကျွန်တော်ကြည့်တဲ့ကား အစကနေ စ,ကြည့်နေတာ မြင်တော့မှ မသင်္ကာလို့ နည်းနည်းစပ်စုလိုက်တော့၊ ကြိုက်တဲ့အချိန် အစက ဖွင့်ကြည့်၊ မကြိုက်ရင် ကျော်ကြည့်လို့ရတဲ့ကိုယ့် TV ကို ထိန်းချုပ်တဲ့ Hard Disk တစ်လုံးစီ ပေးထားပုံရတာကြောင့် TV ကို နှိပ်ပြီး လိုရာရွှေ့လို့ရတယ် ဆိုတာကို Server အထိ ကျော်ပြီး စဉ်းစားမိနေတဲ့ ကိုယ့်အဖြစ်ကို ခပ်ရှက်ရှက်နဲ့ ရယ်မိပါတယ်။ တစ်ခါတစ်ခါမှာ ကြိုသိနေတဲ့ စိတ်ကြောင့် မှားတတ်ပုံ အလားတူကိစ္စရပ်တစ်ခုကို သတိရနေမိပါတယ်။ အဲဒါက သူငယ်ချင်းတစ်ယောက် ပြောပြဖူးတာပါ။ သူက ဖလင်နဲ့ ဓာတ်ပုံရိုက်တဲ့ ခေတ်တုန်းက သူ့သူငယ်ချင်းတစ်ယောက်ကို ဓာတ်ပုံရိုက်ဖို့ ကင်မရာနဲ့ချိန်လိုက်တော့ အဲဒီခေတ်က ဒီခေတ် ဒီဂျစ်တယ်ကင်မရာတွေလို ပုံကြည့်ပြီး မကြိုက်ရင် ပြန်ဖျက်နိုင်တဲ့ စနစ်မျိုး မပေါ်သေးဘဲ ဖလင်တစ်လိပ်လုံး ကုန်အောင် ရိုက်ပြီးတော့မှ ကူးဆေးပြီး ကိုယ့်ပုံကိုယ် ပြန်တွေ့ရတဲ့ခေတ်၊ ဖလင်ဈေးကြီးတဲ့ခေတ်မို့ ဖလင်မပါဘဲ စပြီး နောက်ပြောင် ဓာတ်ပုံရိုက်တာ ခံဖူးပုံပေါ်တဲ့ သူ့သူငယ်ချင်းက 'နင့်ကင်မရာက နဂ္ဂတစ်ကော ပါရဲ့လား၊ ညာပြီးဓာတ်ပုံရိုက်သလို လာမနောက်နဲ့' လို့ ပြန်ပြောပါသတဲ့။

တကယ်တမ်း ကင်မရာထဲ ထည့်ရတာ ဖလင်ပါ။ ဓာတ်ပုံရိုက်ပြီးမှ အပြင်မှာ ဆေး၊ ကူးပြီးမှ နဂ္ဂတစ် ဖြစ်သွားတာကို အသိလွန်နေတဲ့ သူ့သူငယ်ချင်း

mgyee.com

mgyoe.com

က နဂ္ဂတစ်လို့ ကြုံပြောမိသလိုမျိုး၊ ကျွန်တော်ကလည်း ကိုယ့် TV ကိုယ် ကြည့်ပြီးနေတာကိုပဲ အသိလွန်ပြီး လေယာဉ်ပျံရဲ့ Main Server တွေ ထိန်းချုပ်ခန်းတွေ ကြုံတွေးမိနေတာကြောင့် ကိုယ့်ထိုင်ခုံတစ်ခုံ Hard Disk တစ်ခု ပေးထားရင် ပြီးတာပဲဆိုတာ မေ့သွားမိတဲ့ အဖြစ်လေးပါ။ တကယ်တော့ လေယာဉ်ပေါ်မှာ ရှိတဲ့ ခရီးသည်တွေ အဆင်ပြေရင် ပြီးရော၊ ဘာပဲ ပေးထား ပေးထား ကိုယ့်ကိစ္စ မဟုတ်ဘူးဆိုပြီး စိတ်ပိုင်းဖြတ် ရုပ်ရှင်ကြည့်ရပါတော့တယ်။ လေယာဉ်က တစ်ညလုံး စီးရမှာ ၁၆ နာရီ ကြာမှာ။ ထိုင်းနိုင်ငံကနေ L.A (အမေရိကန်နိုင်ငံ) Lax လေဆိပ်ကို ဘယ်မှာမှ မနားဘဲ တိုက်ရိုက်ဖြတ်ပျံမှာဆိုတော့ (တချို့လေကြောင်းလိုင်းတွေက (Transit) လေယာဉ်ပြောင်းပြီး နှစ်ဆင့်လောက် နိုင်ငံခွဲစီးရပါတယ်။ (ဈေးလည်း ပိုသက်သာပါသတဲ့။) ဒါကြောင့် လေယာဉ်ပေါ်မှာ ၁၆ နာရီ ဘယ်လို အချိန်ဖြုန်းမလဲဆိုပြီး TV ကြည့်၊ သီချင်းနားထောင်၊ ကိုယ့်ရှေ့က TV လေးမှာ ကိုယ့်လေယာဉ် ဘယ်ရောက်ပြီ ဆိုတာ အချက်အလက်ပြတဲ့ မြေပုံလေး ရှာကြည့်လိုက်တော့ အားရစရာပါပဲ။ စပါးလုံး တစ်ထောက်လောက်တောင် လေယာဉ်က မရွေ့သေးပါဘူး။ ဒါကြောင့် ရန်ကုန်ဘူတာကြီးက နာရီကြီး (ခရီးသည်တွေ ထိုင်ခုံတွေပေါ်မှာ ချိတ်ထားပါတယ်။) ဘယ်နှနာရီထိုးပြီလဲ မေးလိုက်တော့ ၃ နာရီထိုးဖို့ ၆ လက်မလောက် လိုသေးတယ်လို့ စ,ခဲ့ဖူးတာ ပြန်သတိရမိပြီး ကိုယ့်လေယာဉ်လည်း ခြောက်လက်မလောက် မြေပုံထဲက အကွာအဝေးကို ၁၅ နာရီလောက် မောင်းရဦးမှာပါလားလို့ တွေးမိပါတယ်။ လေယာဉ်က မီးတွေကိုတော့ မှိတ်လိုက်ပါတယ်။ ညလယ်စာ စားချင်သူတွေအတွက် လေယာဉ်အမှုထမ်းတွေကို လှမ်းပြောလိုက်ရင် စီစဉ်ပေးပါတယ်။

တစ်ညလုံး သစ်သီးဖျော်ရည်၊ ရေသန့် စတဲ့ ဗန်းကိုင်ပြီး ခရီးသည်တွေ မအိပ်ခင်၊ ဒါမှမဟုတ် အိပ်မပျော်သူတွေက အချိန်မရွေး တောင်းသောက်လို့ ရအောင် စီစဉ်ပေးထားပါတယ်။ ဒါပေမဲ့လည်း လေယာဉ်စီးရတာ အဝေးပြေးကားစီးရတာနဲ့ ပတ်ဝန်းကျင် ခပ်ဆင်ဆင်ပဲဆိုတာ တကယ်တမ်း ထိုင်ရာမထအချိန်ကြာလာတော့ သိခွင့်ရခဲ့ပါတယ်။ ဘယ်လိုပဲ TV တွေ၊ ဗီမိခံပစ္စည်းတွေ ရှိရှိ၊ ဘာမှာစားလို့ရရ၊ ထိုင်ခုံမှာ ထိုင်ရတာတော့ ပင်ပန်းတာချင်း အတူတူပါပဲ။ လှုပ်လို့မှ မရတာ။ ဒါကြောင့် ရုပ်ရှင်တွေထဲမှာ လေယာဉ်စီးတာ မြင်ပြီး သက်သာမယ် ထင်သူတွေအတွက် ကျွန်တော့်ရဲ့ တကယ့်အတွေ့အကြုံလေးတစ်ခု ပြောပြ

mgyoe.com

mgyoe.com SAMPLE BOOK

မိတာပါ။ လေယာဉ်စီး ခရီးသည်အားလုံး ကြိတ်မှိတ်ပြီး အိပ်ကြတာ တွေ့နေရပါတယ်။ ဘေးပတ်ဝန်းကျင်က ပြတင်းပေါက်တွေ အားလုံးလည်း ပိတ်ထားလို့ မှောင်မည်းနေ၊ ခေါင်းပေါ်က အဝါရောင် မီးလုံး၊ မီးချောင်းတွေလည်း ပိတ်ထားလို့ အပေါ့အပါးသွားချိန်၊ လမ်းထလျှောက်ပြီး ကိုယ်နဲ့နီးတဲ့ လေယာဉ်အိမ်သာဆီသွား၊ အိပ်လို့ သိပ်မရတဲ့အတူတူ လေကြောင်းလိုင်းက စီစဉ်ထားပေးတဲ့ သွားတိုက်ဆေး၊ သွားပွတ်တံနဲ့ မျက်နှာသစ်ပြီး မနက် ၅ နာရီလောက်မှာ ဂိမ်းထိုင်ဆော့နေမိပါတယ်။ TV ဂိမ်းကလည်း ကျွန်တော့်အိမ်မှာ အမျိုးသမီး ဆော့နေကျ ဘောလုံးရောင်စုံလေးတွေ တွင်းထဲ မကျအောင် အရောင်တူရွေးပြီး လိုက်ပစ်တဲ့ ဂိမ်းကို အိမ်မှာ လက်နဲ့ မထိခဲ့လေသမျှ အချိန်ဖြုန်းရင်း ဆော့နေမိပါတယ်။ လေယာဉ်ပေါ်က နားကြပ်ကလည်း (လေယာဉ်စီးခရီးသည်တွေ ယူမသွားအောင် ထင်ပါရဲ့) ကက်ဆက်၊ CD၊ MP3 နားကြပ်တွေနဲ့ လုံးဝမတူတဲ့ ဂျက်ပင်နှစ်ခု ပြိုင်တူပါတဲ့ စတီရီယို နားကြပ်ပါ။ မနက် ၆ နာရီလောက်မှာတော့ ပထမဆုံး မီးလုံးမှိန်မှိန်လေးတွေ စလင်းလာပါတယ်။ ပြီးတော့မှ တဖြည်းဖြည်းချင်း ပုံမှန်အလင်းရောင် ဖြစ်ချိန်၊ လေယာဉ်ပေါ်မှာ မနက်စာကျွေးဖို့ ပြင်ဆင်၊ အပူပေးတဲ့ အစားအသောက်တွေနဲ့ မနက်စာ(ဘရိတ်ဖက်စ်) စတင်ကျွေးဖို့ ပြင်ဆင်ပါတော့တယ်။ အဲဒီတော့မှပဲ လေယာဉ်စီးခရီးသည်တွေ အားလုံး အသက်ဝင် နိုးထကြပြီး လေယာဉ်ကြီးလည်း ဆူညံဆူညံ ဖြစ်လာပါတော့တယ်။ ခရီးသည်တွေ ကြိုက်ရာရွေးပြီး စားနိုင်အောင် လုပ်ပေးထားလို့ အရွေးမှားဖူးတဲ့ ကျွန်တော် (ကိုရီးယားအလွဲများမှာ ပါဖူးပါတယ်) ဒီတစ်ခါတော့ ကိုယ်နဲ့ အဆင်ပြေမယ့် အစားအစာကိုပဲ ရွေးပြီး မှာလိုက်ပါတယ်။ မနက်စာကို ပေါင်မုန့်၊ ခေါက်ဆွဲ၊ ကိတ်မုန့်၊ အသားတစ်မျိုး၊ အချိုပွဲ၊ သစ်သီး၊ အချိုရည်၊ ရေသန့် စသဖြင့် ဖွယ်ဖွယ်ရာရာ စားပြီးချိန်မှာ မနက် ၇ နာရီခွဲလောက် ဖြစ်နေတော့ ကျွန်တော်တို့ လေယာဉ် စထွက်တဲ့ည ၇ နာရီခွဲက စတွက်ရင် ၁၂ နာရီလောက် ရှိပြီမို့ နောက်ထပ် ၄ နာရီလောက် ထပ်စီးရင် အမေရိက ရောက်တော့မယ် ဆိုပြီး ရင်တွေ ဘာတွေတောင် ခုန်နေမိပါတယ်။ စာအုပ်တွေ၊ ရုပ်ရှင်တွေထဲက အမေရိက ဆိုတာကြီးနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့ရတော့မယ်။ ရုပ်ရှင်တွေထဲကလို သေနတ်တွေနဲ့ ပစ်ကြ ခတ်ကြ၊ ရဲကားတွေက လိုက်ဖမ်းရင် မှောက်ကြ၊ အဆောက်အဦတွေကလည်း မီးလောင် စသဖြင့် တကယ့် အမေရိကရဲ့ မြင်ကွင်းတွေထဲမှာ ကိုယ် ရောက်သွားရင် ဘယ်လို ရှောင်ရ

mgyoe.com

တိမ်းရမလဲ ဆိုပြီး စိတ်ပူမိနေပါတော့တယ်။ တကယ်တမ်း ပျံသန်းချိန် ၃ နာရီလောက် အကြာမှာ ပြင်ပလောကကြီးက မှောင်မည်းသွားတော့ မြန်မာစံတော်ချိန် မနက် ၁၁ နာရီလောက်က သူတို့ အမေရိကရဲ့ ညပိုင်း ဖြစ်နေပါပြီ။ ဒါကြောင့် ကျွန်တော်တို့လို လေယာဉ်ပေါ်မှာ မဝတဝ အိပ်ခဲ့ရသူတွေကော နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရသူတွေပါ အမေရိက ရောက်ချိန် နေ့ခင်းကြီး (မြန်မာစံတော်ချိန်)နဲ့ နောက်တစ်ခေါက် ထပ်အိပ်ရမယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မလဲလို့ စဉ်းစားနေတုန်း လေယာဉ်ကြီးရဲ့ TV အသေးလေးတွေပေါ်မှာ လေယာဉ် ဆင်းသက်တော့မှာ ဖြစ်လို့ ဖျော်ဖြေရေး အစီအစဉ်အားလုံး ရပ်ပြီး လေယာဉ်မောင်းရဲ့ မြင်ကွင်း ပေါ်လာပါတယ်။ လေယာဉ်မှာ တပ်ထားတဲ့ TV ကင်မရာလေးကတစ်ဆင့် လော့စ်အိန်ဂျလိစ်မြို့ကြီးကို မီးရောင် တထိန်ထိန်နဲ့ တွေ့နေရပါပြီ။ ဘေးက အဆိုတော် ဇော်ပိုင်က ရောက်ဖူးသူမို့ "ကိုနိုင်ဇော်… L.A မြို့ကြီးက ဘယ်လောက်ကြီးသလဲ ဆိုရင် လေယာဉ်ပေါ်ကနေ နာရီဝက်လောက် ဖြတ်ပျံနေတာတောင် လေယာဉ်ကွင်း မတွေ့ရသေးဘူး မယုံရင်ကြည့်" ဆိုပြီး သတိပေးလို့ L.A မြို့ကို တကယ်ပဲ TV လေးကနေ ကြည့်နေမိတော့လည်း သူ ပြောတဲ့အတိုင်းပါပဲ။ မပြီးနိုင် မဆုံးနိုင် နာရီဝက်လောက် ထပ်စောင့်ကြည့်နေရပါသေးတယ်။ တကယ်တမ်း လေယာဉ်ပြေးလမ်း မီးလုံးလေးတွေ တန်းစီနေတဲ့ Lax လေဆိပ်ကို လေယာဉ် စဆင်းသက်တော့မှပဲ ကိုယ့်ကို ပြည်ဝင်ခွင့်ပေးမှ ပေးပါ့မလား၊ အမေရိကန်နိုင်ငံကို ရောက်ပြီးမှ ပေးမဝင်လို့ လေဆိပ်မှာပဲ နေခဲ့ရတဲ့ ရုပ်ရှင် (တာမီနယ်)ရဲ့ မင်းသား တွမ်ဟမ့်အဖြစ်က မျက်စိထဲ မြင်လာမိတာကြောင့် ကိုယ့်ရဲ့ ပတ်စပို့အဟောင်း(အဲဒီ ပတ်စပို့ထဲမှာ ဂျပန်၊ ကိုရီးယား၊ အင်္ဂလန်၊ စင်္ကာပူ၊ မလေးရှား ဝင်ဖူးကြောင်း ခိုင်လုံတဲ့ အထောက်အထားတွေ ပါတာ မယူခဲ့ဘဲ အိမ်မှာ ထားခဲ့ပြီး စင်္ကာပူနဲ့ မလေးရှားပဲ ထပ်သွားထားတဲ့ အထောက်အထားလောက်သာ ပါတဲ့ ပတ်စပို့အသစ် ယူခဲ့မိတဲ့ ကိုယ့်အပြစ်နဲ့ကိုယ် လေဆိပ်က လူဝင်မှုကြီးကြပ်ရေးအရာရှိ သဘောကောင်းကောင်းနဲ့ တွေ့ပါစေလို့ ဆုတောင်းရင်း လေယာဉ်ရပ်နားချိန် ဘုရားတ,နေမိလိုက်ပါတော့တယ်။

❑

mgyoe.com


mgyoe.com SAMPLE BOOK

# သဘောကောင်းတဲ့ ဂွန်ဇာလက်

ကျွန်တော်တို့ စီးလာတဲ့ TG(Thai Airway)747 လေယာဉ်ကြီး အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့ Lax လေဆိပ်ကို ဆိုက်ရောက်ပြီးချိန် ခရီးသည်အားလုံးက ပျော်ရွှင်နေကြပေမယ့် ကျွန်တော်ကတော့ ထုံးစံအတိုင်း ပြည်ဝင်ခွင့်ငြင်းပယ်ခံခဲ့ရရင် အမေရိကန်နိုင်ငံထဲ ဝင်ဖို့ ဗီဇာမပေးရင် ဒုက္ခပဲဆိုပြီး ကျွန်တော့်ရဲ့ ပတ်စ်ပို့အဟောင်း (နိုင်ငံတော်တော်များများ သွားဖူးတဲ့ အထောက်အထား) မပါဘဲ ပတ်စ်ပို့အသစ်ကြီးရဲ့ စာမျက်နှာအလွတ်တွေအတွက် ရင်ပူနေရပါပြီ။ ကျန်တဲ့ ခရီးဖော် သူငယ်ချင်းတွေက သူတို့ရဲ့ အထောက်အထား အပြည့်အစုံပါလို့ ဝမ်းသာနေကြပုံရပါတယ်။ မန်နေဂျာ စိုးနိုင်ထွန်းကို သွားပြီး တိုင်ပင်လိုက်မှ သူက ''ကိုနိုင်ဇော် ဒါက အမေရိက၊ သူတို့ သံရုံးကို အပြည့်အဝယုံကြည်ပြီးသား၊ ရန်ကုန်က ဗီဇာရပြီဆိုရင် ဘာမှ ကြောက်စရာ မလိုဘူး။ ဂျပန်နိုင်ငံလို အာရှနိုင်ငံတွေမှာသာ ဗီဇာပေးပေမယ့် နိုင်ငံထဲ အဝင်မခံတာတွေရှိတာ၊ စိတ်မပူပါနဲ့'' လို့ အားပေးစကား ကြားလိုက်ရမှ တော်တော်လေးစိတ်ချမ်းသာရာ ရသွားပါတယ်။ လေယာဉ်ပျံကြီးက ရပ်နားပေမယ့် TV ကင်မရာလေးကတစ်ဆင့် လေယာဉ်ကြီးရဲ့ ရှေ့မြင်ကွင်းကို ခရီးသည်တွေရဲ့ TV သေးသေးလေးမှာ ပြပေးနေလို့ အားလုံးကို မြင်နေရပါတယ်။ ညက မည်းမှောင်နေပေမယ့် လေယာဉ်ကွင်းရဲ့ အလင်းရောင်အောက်မှာ ဝန်ထမ်းတွေ

mgyoe.com

mgyoe.com SAMPLE BOOK



အမေရိက *Lax* လေဆိပ်မှာ အမှတ်တရ
(လော့စ်အိန်ဂျလိစ်မြို့)

လှုပ်ရှားနေကြပြီး ခဏကြာချိန် ကျွန်တော်တို့ လေယာဉ်ကြီးကို ကားသေးသေးလေးတစ်စီးက လာဆွဲခေါ်သွားတာ မြင်နေရတော့ ဝေလငါးနဲ့ ဆိတ်လောက် ကွာခြားတာ ဘယ်လို အကြောင်းကြောင့် လာဆွဲပေးသလဲ သိချင်လာပါတယ်။ တကယ်တမ်း လေယာဉ်ကြီးကတော့ အဲဒီကားသေးသေးလေးရဲ့ ဆွဲခေါ်မှုနောက်လိုက်ရင်း လေဆိပ်နဲ့ ကပ်မိပြီဆိုမှ ခရီးသည်တွေ ဆင်းဖို့ ပေါင်းကူးတံတားနဲ့ ချိတ်ဆက်ပြီး ခရီးသည်အားလုံး ဆင်းခွင့်ပေးလိုက်ပါတယ်။ ကျွန်တော်တို့လည်း အားလုံးထဲမှာ အမေရိက ရောက်ဖူးတဲ့ 'ဇော်ပိုင်'နဲ့ 'ကိုအောင်ဒူး' ကို ဆရာတင်ပြီး သူတို့နောက်လိုက်၊ ဂိတ်ဝမှာ ပြထားတဲ့ Immigration ဆိုတဲ့ လူဝင်မှုကြီးကြပ်ရေးကောင်တာဆီ သွားကြရပါတော့မယ်။

ကောင်တာရှေ့မှာတော့ လူတွေ အများကြီး၊ ဇစ်လို မြွေလိမ်မြွေကောက် တန်းစီနေကြတာ တွေ့ရတာကြောင့် ကျွန်တော်တို့အားလုံး စုရုံးပြီး ကောင်တာတစ်ခုရဲ့ ရှေ့မှာ နောက်ဆုံးက ဝင်တန်းစီလိုက်ကြပါတယ်။ ခဏကြာတော့ လေဆိပ်ဝန်ထမ်းယူနီဖောင်းတွေနဲ့ အနောက်နိုင်ငံသားနှစ်ယောက် ရောက်လာပြီး လူခွဲစီကြဖို့ နေရာညွှန်ပြပေးတာကြောင့် သူတို့ နေခိုင်းတဲ့ ကောင်တာမှာ ကျွန်တော်က ဝင်ရပ်လိုက်ရင်း အဖွဲ့သားအားလုံး လူစုကွဲကုန်ကြပါတယ်။ နောက်မှ သိရတာက လေဆိပ်ကင်မရာတွေကတစ်ဆင့် အုပ်စုလိုက် ခရီးသည်တွေကို လူခွဲစီခိုင်းတာ လုံခြုံရေးအရလို့ ကြားရပါတယ်။ အကြမ်းဖက်သမားတွေက စုရုံးပြီး ခြိမ်းခြောက်မှာစိုးလို့ တတ်နိုင်သမျှ ခရီးသည်အဖွဲ့တွေကို လူစုခွဲခိုင်းတယ်လို့ သိရပါတယ်။ ကျွန်တော် ရပ်နေတဲ့ ကောင်တာက အမျိုးသားဝန်ထမ်း ဖြစ်ပြီး အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ခပ်ငယ်ငယ်၊ ရုပ်ဖြောင့်ဖြောင့်နဲ့

mgyoe.com

mgyoe.com  SAMPLE BOOK 

သဘောကောင်းပုံရပါတယ်။ အဲဒီမှာလည်း တစ်ခု ဗဟုသုတ ရတာက အနောက်နိုင်ငံသား ဝန်ထမ်းတွေက သိပ်ပြီးဗီဇာမကြောင်ဘဲ လိုရင်းလောက် မေးပေမယ့် အာရှတိုက်က တရုတ်လူမျိုး အမေရိကန်နိုင်ငံသား ဝန်ထမ်းတွေက ရစ်တယ်လို့ သိရတာကြောင့် အာရှတိုက်သား ရှိတဲ့ ကောင်တာမှာ မစီနဲ့လို့ သတိပေးသံကြားရတာကြောင့် ဘေးကောင်တာက တရုတ်လူမျိုး ဝန်ထမ်းကို လှမ်းကြည့်လိုက်တော့ သူနဲ့ ဥပမိရုပ်တူသူ အာရှတိုက်သားတွေကို မကျေမနပ်နဲ့ လိုချင်တာတွေ စစ်နေပါတယ်။ ဒါလည်း ဒုက္ခပါလားလို့ တွေးမိလိုက်ပြီး ကိုယ့်ကောင်တာက ဝန်ထမ်း သဘောကောင်းပါစေလို့ ဆုတောင်းရုံပဲ ရှိပါတော့တယ်။ တဖြည်းဖြည်းနဲ့ နီးလာတော့ သူ့ရင်ဘတ်က နာမည်ဖတ်လို့ရနေပါပြီ။ နာမည်က 'ဂွန်ဇာလက်' လို့ ရေးထားပါတယ်။ မက္ကဆီကန်လို့လည်း နောက်မှ သိရပါတယ်။ သူက ကျွန်တော့်အလှည့်မှာ လာခဲ့ဖို့ ခေါ်တော့ ခပ်တည်တည်နဲ့ ဝင်သွားပြီး ကျွန်တော့် ပတ်စ်ပို့ ပြလိုက်ပါတယ်။ သူက ကျွန်တော့်ရဲ့ ဗီဇာပေါ်က P1 ကို သေသေချာချာ ကြည့်ပြီးမှ ခေါင်းညိတ် ပြုံးပြပါတယ်။ (လူထက် P1 က စကားပြောတယ်နော်) ပြီးတော့မှ အပြန်လေယာဉ်လက်မှတ် တောင်းပါတယ်။ ကျွန်တော်လည်း အသင့်ဆောင်ထားလို့ ထုတ်ပြလိုက်တော့ ဖတ်ကြည့်လိုက်ပြီး ကျွန်တော့်ရဲ့ ပတ်စ်ပို့ပေါ်မှာ တံဆိပ်တုံးနဲ့ရိုက်ပြီး အမေရိကန်ပြည်ထောင်စုထဲ ဝင်ခွင့်ပေးလိုက်ပါတယ်။

ကျွန်တော်လည်း ကိုယ် ဝင်ခွင့်ရလို့ ဝမ်းသာတာကြောင့် အထဲ အမြန်ဝင်ပြီးမှ တခြားကောင်တာတွေက ကိုယ့်ဘော်ဒါ အပေါင်းအသင်းတွေ ဘယ်လိုနေသလဲ ကြည့်လိုက်တော့ သူတို့လည်း အသီးသီး ဝင်ခွင့်ရကြပေမယ့် ပြည်ဝင်ခွင့်ပေးတဲ့ ဝန်ထမ်းရဲ့ စိတ်သဘောထားပေါ် မူတည်ပြီး ဗီဇာရတဲ့ရက် မတူကြပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်တို့အားလုံး ပြန်ကြမယ် ဆုံးဖြတ်ထားတဲ့နေ့ထက် ၃၊ ၄ ရက် (အနည်းဆုံး)ဗီဇာရကြလို့ ဘာပြဿနာမှ မရှိကြဘဲ ကိုယ့်ပစ္စည်းတွေ ရွေးဖို့ ပစ္စည်းရွေးရမယ့် နေရာကို ကိုယ်စီသွားကြပါတော့တယ်။ ကိုယ့်ပစ္စည်းတွေ တင်လာတဲ့ ရာဘာပြားနဲ့ ရွေ့လျားစက်ကြီးပေါ်က ကိုယ့်ပစ္စည်းအသီးသီး ယူပြီးကြချိန်၊ လေဆိပ်က လှည်းတွေပေါ်တင်ပြီး အထွက်မှာ အမေရိကန်နိုင်ငံထဲ ယူခွင့်မရတဲ့ အသားခြောက်များ၊ အသီး အပင်များ စတဲ့ တားမြစ်ကုန်တွေ ရှာဖွေတဲ့ စက်ပေါ် ကျွန်တော့်ရဲ့ အိတ်ကြီးကို မနိုင့်တနိုင်မ,တင်ပေးရပါတော့တယ်။ အဲဒီမှာ ဝန်ထမ်းတွေက လုံးဝမကူညီဘဲ သူ့ဘာသာ

mgyoe.com

mgyoe.com SAMPLE BOOK

သက်သောင့်သက်သာ ကြည့်နေလို့ အမေရိကန်စတိုင်ဆိုတာ ဒါမျိုး ထင်ပါရဲ့။ မိန်းကလေးတွေလည်း သူတို့ ကုန်ပစ္စည်းတွေ ဖွင့်ပြ၊ ကျွန်တော်လည်း တားမြစ်ကုန် မပါကြောင်း ဖွင့်အစစ်ခံပြီးမှ ထွက်ပေါက်ကို ကမန်းကတန်း ထွက်လိုက်တော့ ကျွန်တော်တို့ အနုပညာသမားတွေကို လာကြိုကြတဲ့ L.A မြို့ခံတွေနဲ့ ပထမဆုံး နဖူးတွေ့ ဒူးတွေ့ စတွေ့ရပါတော့တယ်။ ပွဲစီစဉ်သူ မသီတာက အပြုံးများစွာနဲ့ စောင့်ကြိုနေပြီး ကျွန်တော်တို့ကို ပန်းစည်းကိုယ်စီ ပေးပြီး ကြိုဆိုပါတယ်။ ကင်မရာမင်း ကိုဂျော့က ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ပါတယ်။ အားလုံး ဝမ်းသာအားရ နှုတ်ဆက်၊ ကျန်တဲ့လူကို စောင့်ကြရင်း တချို့ဆေးလိပ်သောက်ချင်တဲ့သူတွေက လေဆိပ်အပြင်ဘက် ထွက်ပြီး ဆေးလိပ်သောက်လို့ ကျွန်တော်လည်း အမေရိကမြေ စနင်းဖူးပြီဆိုပြီး အပြင်ခဏ ထွက်လိုက်ချိန်ဇော်ပိုင်က "ကိုနိုင်ဇော်... L.A ရဲ့ လေကို ရှူကြည့်၊ အရသာ တစ်မျိုး ခံစားရလိမ့်မယ်၊ အရမ်းလတ်ဆတ်တဲ့ လေနဲ့ရတယ်" ဆိုတာကြောင့် သူ ပြောတာဟုတ်၊ မဟုတ် သေသေချာချာ လေကို ရှူကြည့်တော့ လေထုညစ်ညမ်းမှု မရှိတာ၊ တောင်ပေါ်မြို့လေးလို ဖြစ်နေတာ၊ ကျယ်ဝန်းလှတဲ့မြို့ ဖြစ်နေလို့ ထင်ပါရဲ့။ ပြင်ဦးလွင်တို့၊ ကလောတို့က လေရှူရသလိုပါပဲ။ တကယ့်ကို သာမန်လေနဲ့ မတူညီတာ သတိထားလိုက်မိပါတယ်။ ကားတွေ အများကြီး ရှိပေမယ့် ကားအားလုံး အသစ်စက်စက်တွေလို ဖြစ်နေတာကြောင့်လည်း မီးခိုးနံ့ မရှူရတာဖြစ်နိုင်ပါတယ်။ အားလုံး စုံပြီဆိုတော့မှ Group Photo ရိုက်ကြရအောင်လို့ ပြောကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြပါတယ်။ ပြီးတော့မှ လာကြိုတဲ့ကားတွေပေါ် ခွဲတက်ကြပြီး တကယ့်ကို နဖူးတွေ့ ဒူးတွေ့ L.A ရဲ့ ညကို စတင်ခံစားဖို့ ကားတွေ စ,ထွက်ခဲ့ကြပါတယ်။ ခမ်းနားတဲ့ လေဆိပ်ကြီးပေမယ့် ကျွန်တော်တို့ ဝင်ရတဲ့ ဂိတ်ပေါက်က ခပ်သေးသေး၊ အရင်က ရန်ကုန်လေဆိပ် ပြည်တွင်းလေဆိပ် ခရီးသည် နားနေသလောက်သာ ရှိတာမို့ ခပ်ကြွားကြွား ဓာတ်ပုံရိုက်မယ်ဆိုပြီး အားခဲထားသမျှ ခပ်ကုပ်ကုပ်နဲ့ ထွက်ခဲ့ရပါတယ်။ လေဆိပ်ကအထွက် လမ်းမကြီးတွေကတော့ ရုပ်ရှင်တွေထဲကလိုမျိုး မိုးပျံလမ်းတွေ ဖြစ်နေပါပြီ။ ဘေးပတ်ပတ်လည်မှာတော့ လူနေအိမ်ခြေ သိပ်မရှိ၊ (တကယ့်ကို လုံးလုံးမရှိဘဲ) တောင်ကုန်းတွေ၊ နီယွန် ဆိုင်းဘုတ်ကြီးတွေကို ဖြတ်ပြီး ကားပေါ်ကနေ L.A ဆိုတာ ဘာလဲလို့ ရင်သပ်ရှုမောချင်ကြပေမယ့် တကယ့် L.A ဆိုတာက ကြီးလွန်းလို့ အချိန် အတော်ကြာကြာ အမြန်မောင်းခဲ့ရပေမယ့်

mgyoe.com

SAMPLE BOOK

လမ်းမီးတွေ ဖိတ်ဖိတ်တောက်နေတဲ့ နေရာတွေကို ၁ နာရီလောက်ကြာမှ ရောက်ပြီး ပွဲစီစဉ်သူ မသီတာက အားလုံးကို 'Banana Bay' လို့ ခေါ်တဲ့ ယိုးဒယား စားသောက်ဆိုင်မှာ ကျွေးမွေးဧည့်ခံဖို့ ခေါ်လာတာလို့ သိရပါတယ်။ အဲဒီဆိုင်က ခြံဝင်းကြီး တစ်ခုထဲမှာ U ပုံ သာမန် ဆိုင်ခန်းတွေ ရှိပြီး အဲဒီဆိုင်တွေရဲ့ အစွန်ဆုံးက အခန်းခပ်ကြီးကြီးထဲမှာ ဖွင့်ထားပါတယ်။ ကျွန်တော်လည်း အမေရိကဆိုတာ ရုပ်ရှင်တွေထဲမှာ ဆိုးပေ့ ကြမ်းပေ့ ဒုစရိုက်သမားတွေ ကြီးစိုးတဲ့နေရာ၊ သေနတ်တွေ ဒိုင်းဒိုင်းမြည်အောင် ဖြစ်ကြတဲ့ ရန်ပွဲတွေရှိတဲ့ နေရာလို့ သိထားတာကြောင့် ခပ်လန့်လန့်နဲ့ ဆိုင်ထဲ ဝင်ခဲ့ရပါတယ်။ ရာသီဥတုကတော့ ပြင်ဦးလွင် နွေရာသီလောက် နေလို့ကောင်းရုံပါပဲ။ ဆိုင်ထဲမှာတော့ အအေးဓာတ် လွှတ်ထားပါတယ်။ စားပွဲရှည်ကြီးတစ်ခုမှာ L.A မြို့ခံတွေနဲ့ ကျွန်တော်တို့အားလုံး မိတ်ဆက်ပေးကြပြီး စားစရာ မှာထားတဲ့အတိုင်း အလျှိုပယ် ရောက်လာပါတော့တယ်။ အမေရိကမှာ မြန်မာအစားအစာ မစားရဘဲ ဘိုစာတွေ စားရရင်တော့ ဒုက္ခပဲလို့ စိတ်ပူမိသမျှ ဒီတစ်ညတော့ ယိုးဒယား ထမင်း ဟင်းတွေ စ,စားရတာကြောင့် တစ်ညတော့ ဒုက္ခက လွတ်ပြီလို့ ကျိတ်တွေးနေမိပါတယ်။ (တကယ်လည်း တစ်နေ့ချင်း ဖြတ်သန်းခဲ့ရတာတွေ ရေးပြပါဦးမယ်) အဲဒီမှာ ဧည့်ခံသူ မြို့ခံတွေက ဘီယာ မသောက်၊ အရက် မသောက်တဲ့ ကျွန်တော့်ကို "ဘီယာ အရက် မသောက်တတ်ရင် ဆော်ဒါသောက်ပါလား" လို့ စ,မေးတာကြောင့် ကျွန်တော့်စိတ်ထဲမှာ အရက်မသောက်သူကို ဆိုဒါသောက် (ဆိုဒါက အရက်နဲ့ တွဲသောက်ရတာ) ဆိုတော့ စ,နေ၊ နောက်နေသလား ထင်ပြီး သူတို့ မျက်နှာကြည့်တော့လည်း တကယ့် အတည်ပေါက် မျက်နှာတွေ ဖြစ်နေလို့ နားမလည်နိုင်ဘဲ ငေးကြည့်နေမိပါတယ်။ အဲဒီမှာ ကျွန်တော့်ရှေ့ကို ကိုကာကိုလာဘူး လာချပေးပြီးတော့မှ ကျွန်တော့်ရဲ့ မသိနားမလည်ပုံ မျက်နှာကို ကြည့်ပြီး 'ဒီ USA မှာ အချိုရည်မှန်သမျှကို ဆိုဒါလို့ ခေါ်တယ်လို့ ပြောလိုက်မှ ပထမဆုံး အမေရိကရဲ့ သင်ခန်းစာ နံပါတ်တစ်ကို စတင်ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ စားပွဲဝိုင်းရဲ့ ရှေ့ခပ်လှမ်းလှမ်းက ဝိုင်းမှာ အာရှတိုက်သား မိန်းကလေးတွေ၊ ကောင်လေးတွေ၊ လူပြိုလေးတွေ အုပ်စုစ,နောက်နေကြတာ တွေ့ရလို့ ဘာလူမျိုးတွေလဲလို့ ဘေးက မိတ်ဆွေတွေကို မေးလိုက်တော့ 'မြန်မာတွေပါ' လို့ ပြန်ဖြေလိုက်သံ ကြားလိုက်ရမှ မြန်မာတွေရဲ့ နေရာဒေသအလိုက် ခေတ်အလိုက် လူငယ်ပုံစံလေးတွေကို မြင်လိုက်ရမှ

mgyoe.com

mgyoe.com SAMPLE BOOK

အံ့ဩမိပါတယ်။ အဲဒီလူငယ်တစ်ယောက်က ခေါင်းတုံးပြောင်နဲ့ စတိုင် ဖြစ်ပါတယ်။ မြို့ခံ အစ်မကြီးတစ်ယောက်က "ဒီကောင်လေးက ထွန်းအိန္ဒြာဗိုလ် ယောက်ျား ကိုအောင်မင်းထွန်း ညီလေ" လို့ ပြောလိုက်တာနဲ့ စ,ချင် နောက်ချင်စိတ်က ဘယ်လိုမှ မထိန်းနိုင်တော့လို့ 'ဆံပင် မြင်တာနဲ့ သိပါတယ်'လို့ ပြောလိုက်တော့ အားလုံး ပွဲကျသွားကြပါတယ်။ ကျွန်တော်တို့လည်း စားသောက်ပြီး ကိုယ် နေရမယ့် အိမ်ဆီ လိုက်ပို့ဖို့ ကားတွေပေါ် တက်ခဲ့ကြပါတယ်။ တကယ်တမ်း အပြင်ဘက်မှာ ညသန်းခေါင်ကျော် ၁၁ နာရီ ဖြစ်နေလို့ အချိန်လွဲတဲ့ ဒုက္ခတော့ စ,ပြီ။ လေယာဉ်ပေါ်မှာ အိပ်ခဲ့သမျှ နာရီပိုင်းပဲ ရှိသေးတယ်။ အခုတော့ ညပြန်အိပ်ရဦးမှာပါလားလို့ တွေးမိရင်း ဇာတ်လမ်းကတော့ စပြီလို့ ကိုယ့်ရဲ့ ကိုယ်ခံစွမ်းအားတွေ အချိန်နဲ့ တိုက်ခိုက်တာ စပြီးတွေ့ရတော့မယ်ဆိုပြီး စဉ်းစားရင်း ကျွန်တော်တို့ နေရမယ့် Diamond Bar အရပ်ကို ရောက်ခဲ့ပါတော့တယ်။ ဘေးပတ်ဝန်းကျင်မှာတော့ တောင်ကြီးတွေက ဝိုင်းထားလို့ တောင်ကြီး ရောက်နေသလို အိမ်ရဲ့ နောက်ဘက်၊ ဘေးဘက် ခပ်လှမ်းလှမ်းမှာက 'တောင်ချွန်း'လို တောင်ကြီးနဲ့ တောင်တွေပေါ်က လူနေအိမ်တွေရဲ့ မီးရောင်လေးတွေကို စ,မြင်ရပြီး အိမ်တံခါးကို မသိတာက စပြီး ဖွင့်လိုက်ပါတော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ရန်ကုန်မှာ နေ့ L.A မှာ ည

ကျွန်တော်တို့အဖွဲ့သားတွေ အားလုံး နေမယ့် ကိုမင်းမင်း(သူကလည်း ဒီပွဲတွေရဲ့ စီစဉ်သူ တစ်ယောက်ပါ)ရဲ့ အိမ်တံခါး ဖွင့်ပြီး ပထမဆုံး ဧည့်ခန်း၊ ပြီးတာနဲ့ TV စင်၊ အိမ်ရဲ့ နောက်ဘက်မှာ ရေကူးကန်နဲ့ ပြည့်စုံတဲ့ အိမ်ကလေးကို တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ သော့ကြိုပေးထားတဲ့ မသီတာက သော့ဖွင့်ပြီး နေဖို့ နေရာတွေ ကိုယ့်အစီအစဉ်နဲ့ကိုယ် ကြိုက်ရာယူကြပါ ဆိုလာတော့၊ အဆိုတော် သုံးယောက် (ဇော်ပိုင်၊ ချစ်ကောင်း၊ Rဇာနည်)က တစ်ခန်း ယူလိုက်ပါတယ်။ ဆောင်းချင်းကပ် အခန်းထဲမှာ ကျွန်တော်နဲ့ ကိုမရခိုင်က မွေ့ရာတစ်ခုစီ ယူလိုက်ပြီး ဧည့်ခန်း ဆိုဖာတွေပေါ်မှာ ကိုအောင်ဒူး၊ ကိုဂျင်ပီနဲ့ စိုးနိုင်ထွန်း သုံးယောက် နေရာခွဲယူလိုက်ကြပါတယ်။ တစ်ဦးတည်းသော အမျိုးသမီး သဇင်က မသီတာ ရဲ့ အိမ်မှာ လိုက်နေမှာ ဖြစ်လို့ ကျွန်တော်တို့ အားလုံး နေရာယူ၊ စကားတွေ ပြောနေချိန်မှာ ကိုမင်းမင်း(အိမ်ရှင်)က သူ့အိပ်ခန်းထဲက အိပ်မှုန်စုံမွှားနဲ့ ထွက်လာပြီး ကျွန်တော်တို့ ရောက်လာတာ မသိလိုက်လို့ တောင်းပန်စကား ပြောပါတယ်။ အားလုံးနဲ့ မိတ်ဆက်ကြပြီး လူပျိုကြီး (တစ်ယောက်တည်း နေလို့ ပြောတာနော်) ရဲ့ အလုပ်က မနက် ၄ နာရီ ထရမှာမို့ သူ့အခန်းထဲ ပြန်ဝင်အိပ်သွားပါတော့ တယ်။ သဘောကောင်းတဲ့ အိမ်ရှင်ရဲ့ မျက်နှာနဲ့ ဖော်ရွေမှုကြောင့် အားလုံး အနေအထိုင် မကျပ်တော့ဘဲ မသီတာတို့ကိုလည်း သူတို့ အိမ်ပြန်ပြီး နားနိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


အောင် စိတ်မပူဖို့ ပြောပြီး L.A ရဲ့ ညချမ်းမှာ စပြီး အိပ်ပျော်အောင် ကြိုးစား အိပ်ရာဝင်ကြပါတော့တယ်။ ဒါပေမဲ့ ရန်ကုန်စံတော်ချိန် မနက် ၁၂ နာရီ လောက်မှာ (L.A ရဲ့ စံတော်ချိန် ည ၁ နာရီခွဲ ဖြစ်နေလို့) ဘယ်လိုမှ အိပ်လို့ မရတဲ့ မျက်လုံးတွေနဲ့ ပထမဆုံး ဒုက္ခကို စပြီး ခံစားရပါတော့တယ်။ ရန်ကုန်မှာ ဆိုရင် နေ့လယ် တစ်ရေး မအိပ်ဖြစ်ခဲ့တာ ဘယ်နှနှစ်မှန်း မသိတော့အောင် အလုပ်တွေ လုပ်ခဲ့ရသူမို့ အခုလို လတ်လတ်ဆတ်ဆတ် အိပ်ရေးဝနေသူတွေခများ ဘယ်လိုမှ အိပ်လို့ မပျော်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ကိုယ် ရောက်ဖူးချင်တဲ့ အမေရိကတော့ ရောက်နေတာ သေချာပြီ။ မနက် မိုးလင်းရင် ဘာတွေ ဆက်ဖြစ် မလဲဆိုပြီး မဖြစ်မနေ မျက်စိကို မှိတ်ရင်း တစ်ညတာ ကုန်အောင် စောင့်မျှော်နေ ရတာ ပင်ပန်းလွန်းပြီး မနက် ၆ နာရီလောက်မှာ ဘယ်လိုမှ အိပ်လို့ မရတော့လို့ အိပ်ရာက လူးလဲထ၊ ပါလာတဲ့ သေတ္တာထဲက မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံတွေ ထုတ်ပြီး မျက်နှာသစ်၊ ရေချိုးပြီး ဘာလုပ်ရင် ကောင်းမလဲ စဉ်းစား။ ကိုယ် မရောက်ဖူးတဲ့ အရပ်၊ အိမ်ရှင်ကလည်း မနက် မိုးမလင်းခင် ကားနဲ့ ၂ နာရီကျော် မောင်းရမယ့် အလုပ်ရှိရာကို ထသွားပါပြီ။ မနက်စာက လည်း ဘယ်လိုမှန်း မသိတဲ့ အခြေအနေနဲ့ အိပ်ရာက နိုးလာတော့ အိမ်ရှေ့ကို ထွက်ကြည့်လိုက်မှ ရာသီဥတုကလည်း အရမ်းမအေးဘဲ အနေတော်လောက်၊ ရှေ့က လမ်းမကြီးမှာလည်း လူတစ်ယောက်မှ မရှိဘဲ ညာဘက် လမ်းဆုံးမှာ တံတားကြီး တစ်ခု (အမြန်လမ်းပါ) ဘယ်ဘက်မှာ လမ်းဆုံးရင် တောင်ကြီးတစ်ခုနဲ့ တောင်ပေါ်က အိမ်လေးတွေကို အစီအရီ တွေ့နေရပါတယ်။ အိမ်ရှေ့က အိမ်မှာလည်း လူနေအိမ်နဲ့ ကားတွဲရက် (ရုပ်ရှင်ထဲမှာသာ မြင်ဖူးတဲ့) ကားအိမ်လေးတစ်စီးကိုလည်း တွေ့ရပြီး အမေရိကန် အလံကိုတော့


*L.A* အိမ်ရှေ့က မြင်ကွင်းများ

mgyoe.com

mgyee.com SAMPLE BOOK

ထောင်ထားပါတယ်။ အစောကြီး ကိုယ်တစ်ယောက်တည်း နိုးနေလေတော့ လူတစ်ယောက်မှ မရှိတဲ့ အမေရိကကို ပထမဆုံး စတွေ့ရတော့တာပါပဲ။ မနက်စောစော အိပ်မရတဲ့သူတွေ အားလုံး နိုးလာကြပြီး ဧည့်သည်တွေပဲ ရှိတဲ့ အိမ်မှာ မနက်စာစားဖို့ ဆိုင်ကလည်း မနီး၊ ကားလည်း မရှိ၊ မသွားတတ် မလာတတ်နဲ့ အဆင်ပြေသလို မနက်စာကို ရှာခဲသေတ္တာ၊ အစားအသောက် ဗီရိုတွေ ဖွင့်ရင်း ကော်ဖီဖျော်၊ ပေါင်မုန့် ယိုသုတ်ပြီး ဖြေရှင်းလိုက်ကြရပါတော့တယ်။ ညက အိပ်မရလို့ မနက်စောစော ဘာအလုပ်မှလည်း မရှိလို့၊ အခွေဖွင့်သူက ဖွင့်၊ TV ဖွင့်သူက ဖွင့်၊ စက်ဘီးစီးတဲ့ လေ့ကျင့်ခန်းလုပ်သူက လုပ်၊ တစ်အိမ်လုံးကို ဖြောင်းဆန်နေပါတော့တယ်။ ရေချိုးခန်း၊ အိမ်သာ တစ်ခုတည်း တွဲရက် ဖြစ်နေလို့ အိမ်ရှင် ကိုမင်းမင်းရဲ့ အိပ်ခန်းတံခါး ဖွင့်ပေးထားတာ တွေ့ရလို့ ဝင်ကြည့်တော့ သူ့ရေချိုးခန်းနဲ့ အိမ်သာပါ သုံးလို့ရအောင် သော့မပိတ်ဘဲ ထားပေးတဲ့ စိတ်ဓာတ်ကို ပထမဆုံး ချီးကျူးမိလိုက်ပါတယ်။ တကယ်တော့ သူ့ကိုယ်ရေးကိုယ်တာ စာအုပ်စာတမ်းတွေ ရှိတဲ့ အခန်းထဲ ကျွန်တော်တို့ မသွားချင်ပေမယ့် လူ ၈ ယောက် တစ်ပြိုင်တည်းနိုး၊ မျက်နှာသစ် ရေချိုး၊ ကိစ္စဝိစ္စတွေ ဖြေရှင်းဖို့ ရေချိုးခန်း ၂ ခန်းမှ ဖြစ်မှာမို့ အားနာနာနဲ့ပဲ သုံးခဲ့ရတာပါ။ မနက် ၉ နာရီ မသီတာ ကားနဲ့ လာခေါ်မယ်လို့ သိထားကြပြီး Hollywood ကို လိုက်ပို့မယ် ဆိုတာကြောင့် အားလုံး အဝတ်အစားလဲပြီး စောင့်နေကြပါတယ်။ တကယ်တမ်း မသီတာနဲ့ သဇင် ကားအဖြူကြီးတစ်စီးနဲ့ ရောက်လာတော့ ၁၁ နာရီ ထိုးနေပါပြီ။ အဲဒီကားကြီးနဲ့ ကျွန်တော်တို့ အဖွဲ့သား ၁၀ ယောက်ကို နေရာအနှံ့ လိုက်ပို့ဖို့ မနေ့ညကတည်းက ကားငှားတဲ့ ကုမ္ပဏီကနေ ငှားထားတဲ့ ကားကြီးမှန်း သိရပါတယ်။ အဲဒီလူအများကြီး စီးနိုင်တဲ့ ကားနဲ့ အားလုံးကို တင်ပြီး အဆင်သင့် သွားစားဖို့ မသီတာ လာခေါ်ချိန်၊ မနက် ၁၀ နာရီမှာ မိုးပျံကားလမ်းတွေ၊ တောင်ခေါင်းတုံးတွေ၊ ဆိုင်းဘုတ် အကြီးကြီးတွေ၊ လူနေအိမ်လှလှလေးတွေ၊ မြက်ခင်းစိမ်းစိမ်းနဲ့ ပန်းခြံလေးတွေ စသဖြင့် တကယ့် လော့စ်အိန်ဂျလိစ်မြို့ရဲ့ မြင်ကွင်းကို အခုမှ မြင်တွေ့ရပါတော့တယ်။ L.A က ကျယ်ဝန်းလွန်းလှလို့ တစ်နေရာနဲ့ တစ်နေရာ အနည်းဆုံး မိနစ် ၃၀ အမြန်လမ်းပေါ်မှာ ကီလိုအမြန်နှုန်းနဲ့ မောင်းမှ ရောက်လို့ စားသောက်ဆိုင်ဆိုရင်လည်း တမေ့တမော၊ ဘယ်နေရာသွားသွား တမေ့တမော ကားစီးခဲ့ရတာလည်း L.A ပါပဲ။ ဒါကြောင့် စားသောက်ဆိုင် မရောက်ခင် လမ်းမှာ အားလုံး အိပ်ငိုက်နေကြလို့ အချိန်ကြည့်လိုက်တော့ မနက် ၁၁ နာရီခွဲ (မြန်မာ စံတော်ချိန်

mgyoe.com SAMPLE BOOK

ည ၁း၀၀ နာရီ) ဖြစ်နေလို့ သူများတွေ လန်းဆန်းနေတဲ့ မနက်ခင်းမှာ အချိန်ပြောင်းလဲမှုဒဏ် စပြီး ခံစားရသူတွေ ဘ၀က မလွယ်လှပါဘူး။ ဒီလိုနဲ့ မနက်စာ စားကြရမယ့် မြန်မာထမင်းဆိုင်ကို ရောက်ခဲ့ရပါတယ်။ ဆိုင်နာမည်က 'ရိုးမ'တဲ့။ နှစ်ထပ်တိုက်လို ခပ်ပုပုလေးပါပဲ။ မြေညီထပ်မှာ သပ်သပ်ရပ်ရပ်နဲ့။ ကျွန်တော်တို့ ၀င်လိုက်တော့ ဆိုင်ထဲမှာ မြန်မာစာ၊ မြန်မာစကားသံတွေ၊ မြန်မာစာလက်ကမ်းစာစောင်တွေနဲ့ ပြည့်နေပြီး အစားအသောက် စာရင်းဆိုင်းဘုတ်မှာလည်း မြန်မာစားစရာတွေ နာမည်တွေကို ရေးထားတာ တွေ့ရလို့ မြန်မာပြည် ပြန်ရောက်သွားသလို ခံစားမိပါတယ်။ ဆိုင်ရှင် အစ်မကြီးကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ သဘောကောင်းပါတယ်။ ကျွန်တော်တို့အားလုံး စားဖို့ စားစရာတွေကလည်း အစုံအလင်။ ဘူးသီးကြော်ကလည်း ပူပူနွေးနွေးနဲ့မို့ မြန်မာစာ၊ ထမင်းတစ်နပ် စားခွင့်ရခဲ့ပြီပေါ့လို့ ၀မ်းသာအားရ ဖြစ်ခဲ့ရပါသေးတယ်။

ဒီစားသောက်ဆိုင်မှာ ထိုင်ပြီး စားသောက်ကြပြီးတာနဲ့ မြန်မာပရိသတ်တွေက အဆိုတော်တွေနဲ့ ဓာတ်ပုံတွဲရိုက်ကြ၊ တချို့ကလည်း အပြင်ထွက်ပြီး ဆေးလိပ်သောက်ကြနဲ့ အလုပ်ရှုပ်ချိန်မှာ ဆိုင်ထဲက လက်ကမ်းစာစောင်လေးတွေကို တွေ့မိပြီး အဲဒီနားမှာ ထိုင်နေတဲ့ အဆိုတော်မလေး'သဇင်' လက်ထဲမှာ ကိုင်ပြီး ဖတ်နေတာ တွေ့ရလို့ ''သဇင်... နင့်လက်ထဲက ဘာလဲ''လို့ သူ ဖတ်နေတဲ့ စာရွက်ရဲ့ အကြောင်းအရာကို သိချင်လို့ မေးလိုက်ပါတယ်။ သူက 'လက်ကမ်းစာရွက်လေ'လို့ အတိအကျ ပြန်ဖြေတာကြောင့် ''ဒါတော့ သိတာပေါ့ဟဲ့၊ ငါ သိချင်တာက စာရွက်ပေါ်မှာ ဘာတွေ ရေးထားတာလဲ''လို့ မေးလိုက်တော့မှ ''ကြိုးတန်း ရုပ်ရှင် အမေရိကမှာ လာပြမှာမို့ ကြော်ငြာထားတာ''လို့ ပြောပါတယ်။ ဒါကလည်း 'သဇင်'ရဲ့ အလွဲတစ်ခုပါပဲ။ ဒီခရီးမှာ သဇင်ရဲ့ ထူးထူးဆန်းဆန်း ၀ါသနာလေးတစ်ခုကိုလည်း သတိထားမိပါတယ်။ အဲဒါကလည်း 'သဇင်'တင်မကဘဲ မိန်းကလေး တော်တော်များများလည်း ဒီလိုလုပ်လေ့ရှိသလား မသိပေမယ့် ရှိရင်လည်း ရှိနိုင်မှာပါလို့ တွေးမိပါသေးတယ်။ 'သဇင်'က ကားပေါ်မှာပဲဖြစ်ဖြစ်၊ ထမင်းဆိုင် ရောက်လို့ပဲ ဖြစ်ဖြစ် သူ အားပြီဆိုတာနဲ့ တခြား ဘာကိုမှ မကြည့်ဘဲ သူ့ဆံပင်ကို သူ သေသေချာချာ ကိုင်ပြီး ဆံပင်ဖျားလေးတွေကို ကြည့်နေတာ၊ ကြာလာတော့ စာရေးဖို့ အရာရာကို စူးစမ်းတဲ့စိတ်နဲ့ လေ့လာနေရတဲ့ ကျွန်တော်က တွေ့မိသွားပြီး နင့်၀ါသနာကလည်း ကြံကြံဖန်ဖန်လို့ စ,မိပါသေးတယ်။ တကယ်တော့ သူတို့ မိန်းကလေးတွေရဲ့ ဆံပင်က အမြဲတမ်း ခေါင်းလျှော်၊ ဆေးဆိုး၊ ပေါင်းတင်နေလို့ အသေးစိတ်

mgyoe.com

mgyoe.com SAMPLE BOOK

ဂရုစိုက်နေရတာကို ဘယ်တော့မှ ဆံပင်နဲ့ ပတ်သက်လို့ ဂရုမစိုက် သပ်သပ်ရပ်ရပ် မနေတတ်တဲ့ ကျွန်တော်က သွားပြီး စ,နေမိတာပါ။ အဲဒီထမင်းဆိုင်မှာလည်း ထူးခြားမှုတစ်ခုက မြန်မာထမင်း ဟင်းတွေကို ချက်ပေးသူ စားဖိုမှူးက မြန်မာ မဟုတ်ဘဲ မက္ကဆီကန်လူမျိုး ယောက်ျားကြီး ဖြစ်နေတာပါ။ သူက အစပ်အဟပ် တည့်တည့်နဲ့ မြန်မာဟင်းတွေကို ချက်နေတာ ထူးထူးဆန်းဆန်း တွေ့ရပါတယ်။ ထမင်းစားပြီးချိန်မှာ ရောက်လာတဲ့ အသားဖြူဖြူ အန်ကယ်ကြီးတစ်ယောက်ကို မသီတာက ကျွန်တော်တို့ အဖွဲ့သား အားလုံးနဲ့ မိတ်ဆက်ပေးပါတယ်။ အဲဒီအန်ကယ်ကြီးက သွားဆရာဝန်ကြီး ဖြစ်ပြီး မြန်မာအသင်းအဖွဲ့ လော့စ်အိန်ဂျလိစ်မြို့မှာ ပွဲလမ်းသဘင်တွေလုပ်ဖို့ သူပိုင်တဲ့ ဆေးခန်းမှာ ခန်းမတစ်ခုပေးပြီး စေတနာအပြည့်နဲ့ ကူညီပေးနေတဲ့ မြန်မာအသင်းရဲ့ ဦးဆောင်သူတစ်ယောက်လို့ သိရပါတယ်။ အဲဒီအန်ကယ်က သူ့ဆေးခန်းကို ခဏနားပြီး ကျွန်တော်တို့ အားလုံးကို လာတွေ့၊ ပြီးတာနဲ့ စားသောက်ထားတဲ့ ကုန်ကျစရိတ်အားလုံးကို သူကပဲ တာဝန်ယူ ဖြေရှင်းပြီး စတိတ်ရှိုးလက်မှတ်တွေလည်း ကြိုတင်လက်မှတ် အများကြီး ဝယ်ယူသွားလို့ ပွဲစီစဉ်တဲ့ 'မသီတာ'လည်း ပျော်သွားပြီး ကျွန်တော်တို့အားလုံးလည်း ပထမဆုံး Sponser စတွေ့ရပါတော့တယ်။ ဒါကြောင့် အဲဒီဆိုင်မှာ နောက် သွားစားကြတိုင်း ဒေါက်တာ(ဦး)ဇော်ထွန်းလာပါစေလို့ ဆုတောင်းကြပါတယ်။ လော့စ်အိန်ဂျလိစ်မြို့ အပါအဝင် အမေရိကန်နိုင်ငံရဲ့ မြို့တော်တော်များများမှာ အဓိက တွေ့ရတာက သွားဆေးခန်းတွေပါ။ အမေရိကန်တွေက သွားကိုတော့ တော်တော်ကို ဂရုစိုက်ကြတာ တွေ့ခဲ့ရပါတယ်။

ပြီးတော့လည်း မြန်မာနိုင်ငံက သွားဆရာဝန်တွေ အမေရိကမှာ တွေ့ရလွန်းလို့ မြန်မာပြည်မှာ သွားဆရာဝန်တောင် ကျန်ပါ့မလားလို့ ထင်ရပါတယ်။ တကယ်တော့ မြန်မာပြည်က သွားဆရာဝန်ဘွဲ့ရပြီးသူတွေရဲ့ ပညာအရည်အချင်းကို US က အသိအမှတ်ပြုလို့ အမေရိကမှာ လာပြီး ဆေးခန်းဖွင့်ပြီး ကြီးပွားချမ်းသာကြတဲ့ သွားဆရာဝန်ကြီးတွေ အများကြီးပဲလို့ သိရတာကြောင့် ကိုယ့်နိုင်ငံရဲ့ ပညာအရည်အချင်းကို ဂုဏ်ယူမိပါတယ်။ (အခုတော့ ထပ်ပြီး စာမေးပွဲ ဖြေရတယ်လို့ ကြားမိပါတယ်)

အဲဒီ(ရိုးမ)ဆိုင်မှာ စားသောက်ပြီးတာနဲ့ အားလုံးကို နှုတ်ဆက်၊ အုပ်စုလိုက် ဓာတ်ပုံရိုက်ခဲ့ပြီး အဖွဲ့သားအားလုံးရဲ့ ဆန္ဒအတိုင်း 'မြန်မာဆိုင်' ရှိရာ နေရာဆီ ထပ်ချီတက်ကြရပါတော့တယ်။ အဲဒီဆိုင်ရှင်က 'ကိုမောင်ဝင်း'

mgyoe.com

mgyoe.com SAMPLE BOOK

လို့ သိရပြီး အပြောကောင်းကောင်း အမူအရာကောင်းနဲ့ ကျွန်တော်တို့အားလုံး လိုချင်နေတဲ့ ရန်ကုန်ကို ဆက်လို့ရတဲ့ ဖုန်းကတ် ရောင်းပေးပါတယ်။ Hello! ဖုန်းကတ်ဖြစ်ပြီး ၁၀ ဒေါ်လာတန် ဖုန်းကတ်တွေကို အားလုံး တက်ညီလက်ညီ ဝယ်ကြပါတယ်။ အဲဒီကတ်ပြားတွေရဲ့ နောက်မှာ ငွေရောင်ခဲပြားလေးတွေကို ခြစ်လိုက်ရင် သူ့ရဲ့ နံပါတ်လေးတွေ ပေါ်လာပြီး မြန်မာနိုင်ငံကို ဆက်ရတဲ့ Code နံပါတ်ရိုက်ပြီးမှ ဖုန်းနံပါတ် ထည့်ဆက်ရပါတယ်။ (အဲဒီ ၁၀ ဒေါ်လာ ကတ်တွေ ကိုယ်စီဝယ်ပြီး နောက်နေ့တွေ ဆိုင်ထပ်သွားတော့မှ ၅ ဒေါ်လာ၊ ၂ ဒေါ်လာ ဖုန်းကတ်တွေ ထပ်ပြတာကတော့ ဈေးကွက်စီးပွားရေးအရ ဈေးကြီးတာ အရင်ရောင်းပြီးမှ ဈေးသက်သာတာ နောက်မှ ရောင်းတဲ့ ဗျူဟာကိုလည်း ဗဟုသုတအဖြစ် ရေးပြလိုက်ရပါတယ်။) အဲဒီလို ဖုန်းကတ်တွေ ဝယ်ပြီးပေမယ့် တယ်လီဖုန်း(ဟန်းဆက်)ရဲ့ ပြဿနာကလည်း ရှိပါသေးတယ်။ ရန်ကုန်ကို ခေါ်မယ်ဆိုရင် အဲဒီဟန်းဆက်ပိုင်ရှင်ရဲ့ ငွေထည့်ထားသလောက် ဖုန်းပြောတာနဲ့ ကုန်လို့ L.A က အိမ်ရှင်ဖုန်းကို ယူဆက်ရမှာလည်း အားနာစရာပါ။ ရောက်ခါစ ဆိုတော့ ဖုန်းလက်ဆောင်ပေးသူတွေနဲ့လည်း မရင်းနှီးကြသေးလို့ အမေရိက တစ်ခါ ရောက်ဖူးတဲ့ ကိုအောင်ဒူးက သူ ပါလာတဲ့ ဟန်းဆက်ကို အမေရိကမှာ တစ်လလုံး (ပြည်တွင်း)ကြိုက်သလိုပြော ဒေါ်လာ ၅၀ နဲ့ လိုင်းဝယ်လိုက်ပါ တယ်။ Unlimited လို့ ခေါ်ပါတယ်။ အဲဒီတော့မှ ကိုအောင်ဒူးရဲ့ ဖုန်းကိုယူ၊ ကိုယ့်နံပါတ်ရိုက်ထည့်၊ ပြောသလောက် မိနစ်အလိုက် ကိုယ့်ကတ်ထဲက ဖြတ်။ ဖုန်းရှင်ကတော့ တစ်လုံး ကြိုက်သလို ပြောဖို့ ဝယ်ထားပြီးဖြစ်လို့ မဆုံးရှုံးတော့ ဘူးဆိုတာ သိမှ စိတ်အေးလက်အေး ဖုန်းယူဆက်ရတာလဲ အမေရိက ရောက်မှ သိခဲ့ရတဲ့ ဖုန်းဆက်နည်းပညာတစ်ခုပါ။ ဒီတော့မှ ကိုယ် ရောက်နေတဲ့ အချိန် ကို ကြည့်၊ ရန်ကုန်မှာ မိုးလင်းလောက်ပြီဆိုတဲ့ အချိန်အထိ စောင့်ရင်း ည ၈ နာရီလောက် ဆက်ကြရပါတယ်။ အဲဒီအချိန် ရန်ကုန်မှာ မနက် ၉ နာရီခွဲ လောက် ဖြစ်နေပြီမို့ အိမ်က မိသားစုတွေကို အမေရိက ချောချောမောမော ရောက်ကြောင်း စိတ်မပူဖို့နဲ့ ဖုန်းဖိုး ဈေးကြီးလွန်းလို့ တစ်ပတ် တစ်ခါသာ ဆက်နိုင်မယ့်အကြောင်း ကြိုအသိပေး၊ ကိုယ် ဝယ်ထားတဲ့ ဖုန်းကတ်နဲ့ ပြောလို့ ရမယ့် မိနစ်ချိန် တွက်ပြီး ဖုန်းဆက်ရပါတော့တယ်။

□

mgyoe.com

mgyoe.com SAMPLE BOOK

# မှတ်ဆိတ်ရိတ်စား ရှာပုံတော်

L.A ကို ရောက်လို့ တစ်ည အိပ်ပြီးတဲ့ မနက်စပြီး မနေနိုင် မထိုင်နိုင် ဖြစ်ရတဲ့ ပြဿနာတစ်ခုကတော့ မုတ်ဆိတ်ရိတ်စား ရန်ကုန်မှာ မေ့ခဲ့တဲ့ ပြဿနာပါပဲ။ ရန်ကုန်ကနေ စားစရာ၊ လက်နှိပ်ဓာတ်မီးက စပြီး နေကြာစေ့အထိ လိုလို မည်မည် ထည့်ပေးလိုက်ပြီး မုတ်ဆိတ်ရိတ်တဲ့စား မပါလာခဲ့လို့ ကိုယ့်ကိုယ် ကိုယ် ညှင်းသိုးသိုးကြီး ဖြစ်နေသလို ခံစားနေရပါတယ်။ ရန်ကုန်မှာ ဒီလိုကိစ္စ က ဘာပြဿနာမှ မရှိဘဲ လမ်းထိပ်က စတိုးဆိုင် တစ်ဆိုင်ဆိုင် သွားဝယ်လိုက် ရင် ရပေမယ့် ဒီ L.A မှာတော့ တစ်နေရာနဲ့ တစ်နေရာကလည်း တစ်မျှော် တစ်ခေါ်ကြီး သွားရ၊ အနီးအနားမှာလည်း ခြံဝင်းလေးတွေ (အနိမ့်စား ခြံစည်းရိုး လေးတွေနဲ့) ကာထားတဲ့ တစ်ထပ်အိမ်လေးတွေပဲ ရှိနေပြီး မြို့ခံတွေကိုယ်တိုင် သူတို့ တစ်ခုခု လိုချင်ပြီ၊ ဆိုင်တစ်ခုခု၊ ရှော့ပင်းမော တစ်ခုခု ရှာချင်ပြီ ဆိုခဲ့ရင် G.P.S လို့ ခေါ်တဲ့ ဂြိုဟ်တုကနေ လမ်းညွှန်ပေးတဲ့ စက်ကို အားပြုပြီး ကားနဲ့ သွားနေကြရအောင် ကျယ်လွန်းလို့။ ကျွန်တော့်ရဲ့ ပြဿနာကို ဖြေရှင်းပေးဖို့ ပထမအချက်အနေနဲ့ ကားနဲ့ သွားမှ ရမယ်။ ဒုတိယ မုတ်ဆိတ်ရိတ်တဲ့စက် ဝယ်လို့ရမယ့် နေရာကို သိရမယ်။ (တတိယအချက်အနေနဲ့) ကိုယ်က ဝယ်ချင် ပြီ ဆိုတာတောင် အများစုနဲ့ သွားတဲ့ခရီး (အဆိုတော်တွေ သွားချင်တဲ့ နေရာ) နဲ့နီးမှ အဆင်ပြေမှာဖြစ်လို့ အရိပ်အခြည် ကြည့်ပြီး မုတ်ဆိတ်ရိတ်တဲ့ ကိရိယာ

mgyoe.com

mgyoe.com  SAMPLE BOOK 

ဝယ်ဖို့ ချောင်းနေရပါတော့တယ်။ ရေချိုး၊ နေ့လယ် ထမင်းကို မြန်မာဆိုင်မှာ သွားစားပြီး အပြန်လမ်းမှာ ဇော်ပိုင်နဲ့ Rကြီးတို့က ကျွန်တော်တို့အားလုံး စားဖို့ ထမင်း ဟင်းတွေ သူတို့ကိုယ်တိုင် နေ့တိုင်း ချက်ကြမယ်၊ လိုတဲ့ စားစရာ ပစ္စည်းတွေ၊ သား ငါးတွေ ဝယ်ပေးပါလို့ ပြောတာကြောင့် ပွဲတာဝန်ခံ စိစဉ်သူ မသီတာက သူ ငှားထားတဲ့ ၁၁ ယောက်စီး အမေရိကန်ကားကြီးနဲ့ ညနေပိုင်း အနားမှာရှိတဲ့ ကိုရီးယားမတ်တစ်ခုကို လိုက်ပို့ပေးပါတယ်။ အဲဒီ mart ကြီးက ကျွန်တော်တို့နေတဲ့ အိမ်နဲ့ ခပ်နီးနီး ဓာတ်တိုင် ၅ တိုင်လောက်အကွာမှာပဲ ရှိနေပါတယ်။ ဒါပေမဲ့ သူ လိုက်မပို့မချင်း ခြေကျင် လိုက်မရှာမိတဲ့ ကျွန်တော်တို့ လည်း သူ ပြတော့မှ အနီးအနားမှာ ရှိနေပါလားဆိုပြီး အဲဒီ'ကိုရီးယားမတ်' ဆိုင်ကြီးထဲကို ရောက်ချိန်၊ စားစရာ သောက်စရာ ဝယ်သူ ဝယ်၊ အသီးအနှံ ဝယ်သူက ဝယ်၊ ဆိုင်အကြီးကြီး (တကယ်တော့ ရှော့ပင်းမောကြီး၊ ရန်ကုန်က Ocean လိုပါပဲ) ဘေးက လျှပ်စစ်ပစ္စည်းကိရိယာတွေ ရောင်းတဲ့ (ရေဒီယို ရှော့) ဆိုင်လေးဆီ သွားပြီး i-Phone၊ ကင်မရာ စတဲ့ ကိရိယာတွေကို ငေးသူ က ငေး လုပ်ကြရပါတော့တယ်။ ကျွန်တော်ကတော့ မရိတ်ရသေးတဲ့ မုတ်ဆိတ် ငုတ်တိုတို ထွက်နေလို့ မနေတတ်တာကြောင့် မုတ်ဆိတ်ရိတ်ကိရိယာ ဝယ်ဖို့ လိုက်ရှာရင်း မှန်ပုံးတစ်ခုထဲမှာ Show ပြထားတဲ့ ဂျီလက်စ်မုတ်ဆိတ်ရိတ် ကိရိယာ သွားတွေ့ပါတော့တယ်။ သူက ပစ္စည်းအမျိုးအစား ကောင်းပြီး ဓား ၃ ချောင်း တပ်ထားလို့ တစ်ပြိုင်နက်တည်း မုတ်ဆိတ်မွေးတွေကို မနာမကျင် စေဘဲ သန့်ရှင်းစေတယ်ဆိုတာ သိရတော့ ဝယ်ဖို့ စိတ်ကူးပြီး ဈေးကြည့်လိုက် မိပါတယ်။ ၁၀ ဒေါ်လာလို့ ရေးထားတော့ မြန်မာငွေ ၁ သောင်းကျော်မှာပဲလို့ တွေးပြီး ရန်ကုန်မှာ မေ့ခဲ့တဲ့ ကိုယ့်အပြစ်နဲ့ကိုယ် ပထမဆုံး ၁၀ ဒေါ်လာတော့ စသုံးရတော့မယ် ဆိုပြီး နှမြောတသစွာနဲ့ ယူဖို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။ ဒါကြောင့် ကောင်တာမှာ အဲဒီမုတ်ဆိတ်ရိတ်ကိရိယာလေး ယူချင်လို့ ပြောပြီး အပြင်ထုတ်၊ ပိုက်ဆံရှင်းတဲ့ နေရာမှာ ဝင်တန်းစီ၊ တကယ်လည်း ပိုက်ဆံ ရှင်းရော၊ ၁၀ ဒေါ်လာ မဟုတ်ဘဲ ၁၂ ဒေါ်လာလောက် ဖြစ်သွားပါရော။ ကျွန်တော်လည်း ၁၀ ဒေါ်လာတောင် နှမြောလွန်းလို့ ဝယ်ရတာ၊ အခုလို ၁၂ ဒေါ်လာ ဆိုပြီး ဈေးခုန်တက်သွားတာကြောင့် ဘယ်လိုဖြစ်လို့ ၁၀ ဒေါ်လာ ကနေ ၁၂ ဒေါ်လာ ဖြစ်သွားရသလဲလို့ မေးမြန်းကြည့်တော့ အခွန်ထည့်ပေါင်း လို့ပါ ဆိုပြီး ပြေစာ စာရွက်ကလေးမှာ စုစုပေါင်း ကိုယ်ဝယ်တဲ့ ငွေရဲ့ ၁၀

mgyoe.com

mgyee.com SAMPLE BOOK

ရာခိုင်နှုန်းကျော်ကျော် (အတိအကျတော့ မမှတ်မိပါ) ခန့် ထပ်ပြီး အမြဲဆောင်း ပေးရပါတယ်လို့ သိလိုက်ရတော့ ရန်ကုန်မှာ ကိုယ် ဝယ်သမျှ၊ ကိုယ် ရှိသမျှ ပိုက်ဆံနဲ့ တွက်ပြီး ဝယ်ခဲ့သမျှ၊ အခု အမေရိက ရောက်တဲ့ အချိန်ကစပြီး ဘာဝယ်ဝယ် ၁၀ ရာခိုင်နှုန်း အခွန်ဆောင်ဖို့ ပိုက်ဆံ ထည့်တွက်ပြီး ဈေးကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ဝယ်သင့် မဝယ်သင့် စဉ်းစားရတော့တာလည်း အမေရိကရဲ့ ပထမဆုံး အတွေ့အကြုံတစ်ခုပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့နိုင်ငံရဲ့ စည်းကမ်းကို လိုက်နာ ရမှာ သိနေတာကြောင့် သူတို့ တောင်းတဲ့ပိုက်ဆံ ပေးပြီး ကိုယ့်ကို စောင့်နေတဲ့ ကားဆီ ပြန်သွား၊ ကားပေါ် ရောက်တော့ အဲဒီမှတ်ဆိတ်ရိတ် ကိရိယာလေးကို ပလတ်စတစ်အမာစား ကာဗာဖွင့်ပြီး စမ်းကြည့်၊ မှတ်ဆိတ် ရိတ်လိုက်ရင်ပဲ လက်ကိုင်ကိုင်းကနေ မှတ်ဆိတ်ရိတ်တဲ့ဓား ၃ ချောင်း ထည့်ထား တဲ့ ကိရိယာလေး ပြုတ်ကျသွားပါတယ်။ ပြန်တပ်လိုက်၊ ပြုတ်ကျလိုက်နဲ့ ဘယ်လိုမှ အဆင်မပြေပါဘူး။ ဒါကြောင့် ကိုယ် တည်းခိုရမယ့်အိမ် ပြန်ရောက် ရောက်ချင်း ရေချိုးခန်းထဲဝင်၊ မှတ်ဆိတ်ရိတ်ဓားကို သေသေချာချာ ပြန်တပ် ကြည့်တော့ ဘယ်လိုမှ မရဘဲ ချောင်နေတာမို့ ကျွန်တော် မှတ်ဆိတ်ရိတ် ကိရိယာ အပျက်ကြီးကိုပဲ ယူလာမိတာလား၊ ဆိုင်မှာ တစ်ခုပဲ ရှိတဲ့ သုံးမရ တော့တဲ့ မှတ်ဆိတ်ရိတ် ဓားကို ကျွန်တော့်ကို သိသိကြီးနဲ့ ပေးပြီး အချဉ်ထည့် လိုက်သလား ဝေခွဲမရ ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်လည်း ဝယ်တုန်းက တခြား ပစ္စည်းအသစ်တောင်းပေမယ့် ဒီတစ်ခုပဲ ရှိတော့တယ်လို့ ပြောတဲ့ သူတို့စကား ကြောင့် အဟုတ်မှတ်ပြီး အမေရိက,က ပစ္စည်းတွေက ကွာလတီကောင်းတယ် ဆိုတဲ့ စကားတွေ၊ Export တွေတောင် အရည်အသွေးမီမှ အမေရိက,က လက်ခံတယ်ဆိုတဲ့ ရန်ကုန်က အမေရိကန် ကျွမ်းကျင်သူ၊ ခန့်မှန်းသူ ဆရာတွေရဲ့ စကားကို ယုံပြီး ယူခဲ့မိတာ အခုတော့ အပျက်ကြီး၊ ၁၂ ဒေါ်လာနဲ့ ဝယ်မိတဲ့ဘဝ ရောက်ရပါတော့တယ်။ ရှက်တာနဲ့ ကိုယ့်အဖြစ်ကို ဘယ်သူမှ မပြောရဲဘဲ ကျိတ်ခံရုံကလွဲပြီး ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ ကိုယ့်ကိုယ်ကိုလည်း လူပါး ပုလင်းထိတာ မှတ်ပြီ လားလို့ တွေးနေမိပါတယ်။ ဒီလိုနဲ့ ဒီညတော့ ဘယ်မှ မသွားဖြစ်ဘဲ အိပ်လို့မရလည်း ကြိတ်မှိတ်အိပ်ပြီး မနက် ၆ နာရီလောက် အစောကြီး နိုးနေမိလို့ အခြား ဘယ်မှလည်း မသွားတတ်တာကြောင့် ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ဖို့ထားတဲ့ စက်ဘီးအတုကိုပဲ စီးပြီး TV ကြည့်နေမိပါတယ်။ TV အစီအစဉ် ဖွင့်ကြည့်မိတယ် ဆိုရင်ပဲ TV ကလည်း ၄၀ လက်မ LCD TV ဖြစ်နေလို့လား

mgyee.com

mgyoe.com  SAMPLE BOOK 

မသိ၊ ရုပ်ထွက်က ကြည်လင်လွန်းနေပြီး ရုပ်သံ ကြေညာသူရဲ့ ဆံပင်မွေးတွေ တောင် ရေတွက်လို့ ရလောက်အောင် ရှင်းလင်း ပြတ်သားလွန်းလို့ ကျွန်တော်တို့ ရုပ်သံစနစ်မှာ တွေ့ရတဲ့ပုံမျိုးနဲ့ တအားကြီး ခြားနားပြီး DVD အခွေထက်တောင် ပြတ်သားနေလို့ ဘယ်လိုဖြစ်ပြီး အမေရိကရဲ့ TV ချန်နယ်က အသားကုန် (ဖော်ပိုင့်စကားနဲ့ ပြောရရင်) ကြည်တောက်နေရတာလဲလို့ အိမ်ရှင်ကို နီးလာချိန် စပ်စုမိလိုက်ပါတယ်။ အိမ်ရှင် ကိုမင်းက သူတို့ အမေရိကမှာ အိမ်တွေမှာရှိတဲ့ TV တွေအားလုံးကို TV ကုမ္ပဏီတွေက ရုပ်ပုံလွှင့်တဲ့စနစ် ပြောင်းတော့မှာ ဖြစ်လို့ အဲဒီစနစ်အတွက် သုံးမှရမယ့် TV Output စနစ် အသစ်မပါတဲ့ TV တွေကို အခု အသစ်ပေါ်တဲ့ TV စနစ်ပါတဲ့ (HDMI လို့ ခေါ်သလား မသဲကွဲ ပါ) TV နဲ့ မလဲရင် အဆင်မပြေနိုင်ဘူးလို့ ကြေညာပါသတဲ့။ အဲဒီမှာပဲ ပိုက်ဆံရှိ တိုင်းပြည် ဆိုတော့ အိမ်တိုင်းလိုလိုက TV အသစ်တွေ လဲကြောင်း၊ ရုပ်သံလွှင့်ဌာနတွေကလည်း ထုတ်လွှင့်မှုစနစ် ပြောင်းလိုက်တာကြောင့် အခုလို မတရားကြည်လင်တဲ့ TV ရုပ်သံလိုင်းတွေ မြင်လိုက်ရတာ ဖြစ်နေပါတယ်။ အဲဒီမှာတင်ပဲ မကြာသေးခင်က ကျွန်တော်တို့ဆီမှာ TV တွေ ဈေးမတရား ထိုးကျသွားတာ ကြုံဖူးခဲ့ကြလို့ ၂၉ လက်မ တီဗွီအသစ်ကို ၂ သိန်းခွဲလောက်နဲ့ ဝယ်ခဲ့မိတဲ့ ကျွန်တော့်စိတ်ထင် ခေတ်မမီတော့တဲ့ TV တွေကို ကျွန်တော်တို့လို အာရှနိုင်ငံတွေဆီ ဈေးပေါပေါနဲ့ ပို့လိုက်ကြလို့ (တကယ်တော့ သူတို့ မသုံးကြလို့ ဈေးကွက်မဝင်ကြလို့) ကျွန်တော်တို့ နိုင်ငံမှာ TV တွေ ဈေးကျသွားတာ ဖြစ်နိုင် တယ်ဆိုပြီး ရည်ရွယ်ချက်ရှိရှိနဲ့ ဈေးချပေးလိုက်တဲ့ သူတို့ရဲ့ မဟာဗျူဟာကို ခပ်ရေးရေး မြင်မိပါတယ်။ (ထင်တာနော်၊ ဟုတ် မဟုတ်ကတော့ TV ပညာရှင် တွေ သိမှာပါ) ဒီလို အခွန်စနစ်လည်း သိ၊ TV တွေ ဈေးချတဲ့ ကိစ္စလည်း သိလိုက်ရလို့ အမေရိကရဲ့ ဗဟုသုတတွေ ရောက်ခါစလေးမှာ ရမယ် မကြံသေးဘူး၊ ကျွန်တော်တို့ အားလုံးကို ဟောလိဝုဒ်မှာ ဂစ်တာပစ္စည်းဆိုင် လိုက်ပို့မယ်ဆိုတဲ့ အစီအစဉ်အတိုင်း တစ်ဖွဲ့သားလုံး မနက် ၁၀ နာရီလောက် ဟောလိဝုဒ်ကို ထွက်ခဲ့ကြပါတယ်။ လမ်းမှာလည်း ရှုခင်းတွေ ငေးကြည့်သူနဲ့၊ အိပ်ချိန်မှားပြီး မနက် ၁၀ နာရီလောက်ကြီး တစ်ခါ တခေါခေါနဲ့ အိပ်သူတွေရဲ့ ကြားမှာ ကျွန်တော်ကတော့ ရသမျှ ဗဟုသုတတွေကို စာရေးဖို့ ဟိုငေး ဒီငေး လုပ်ရင်း ဟောလိဝုဒ်ထဲကို ကားက ရောက်လာပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့ရဲ့ အထဲမှာမှ ဟောလိဝုဒ်ဆိုတာ ကမ္ဘာကျော် မင်းသား၊

mgyoe.com

mgyoe.com  SAMPLE BOOK 

မင်းသမီးတွေရဲ့ နေအိမ်တွေ၊ ရုပ်ရှင်စတူဒီယိုကြီးတွေ၊ ကမ္ဘာကျော် ငွေကြယ်ပွင့်ကြီးတွေ (Super Star) တွေရဲ့ နာမည်နဲ့ လက်မှတ်ရေးထိုးထားတဲ့ လမ်းတွေ၊ ပြခန်းတွေ စသဖြင့် စုံညီနေတဲ့ မြို့ကြီးထဲက မြို့လေးမို့ အထင်ကရ နေရာတွေ၊ နာမည်တွေကို ကားပေါ်က ငေးရင်းနဲ့ ကျွန်တော်တို့ အတီးသမားတွေရဲ့ မဟာအောင်မြေ နင်းသလို ရောက်တဲ့ မြို့တိုင်း အောင်မြေနင်းရမယ့်နေရာ ဖြစ်ခဲ့ရတဲ့ Guitar Centre ဆိုင် (တူရိယာပစ္စည်းဆိုင်ကြီး)ဆီ ရောက်ခဲ့ရပါတော့တယ်။ အဲဒီဆိုင်ကြီးရဲ့ လမ်းမပေါ်မှာ ကားရပ်လို့ မရတာကြောင့် သူ့ရဲ့ဘေးက ကားရပ်နားတဲ့နေရာမှာ ကားရပ်ပြီးတာနဲ့ အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ဂစ်တာဆိုင်ကြီးအကြီးကြီးထဲ ဝင်မယ်လုပ်ချိန်၊ ဆိုင်ရှေ့က ကျောက်ပြားတွေမှာ ကျွန်တော်ကြိုက်ခဲ့၊ လေးစားခဲ့ရတဲ့ ဂစ်တာဘိုးအေကြီးတွေရဲ့ လက်ရာ (မကွယ်လွန်မီ) တွေ သူတို့ရဲ့ Sign တွေကို အများကြီး တွေ့ရတာကြောင့် တအားဝမ်းသာသွားပြီး သူတို့နဲ့ လူကိုယ်တိုင် ဆုံတွေ့ရသလို ပျော်ရွှင်မှုမျိုးတောင် ရခဲ့ရပါတယ်။ ဆိုင်ရှေ့မှာလည်း ကမ္ဘာကျော်ဂစ်တာသမား (John 5) ရဲ့ လေထဲမှာ အိပ်နေပုံ၊ ခြေထောက်နဲ့ ခေါင်းအောက်မှာ သူ့ဂစ်တာ (telecaster) တွေက ထောင်ရက်သားပုံကြီးနဲ့ ဓာတ်ပုံရိုက်ခဲ့ရပါသေးတယ်။ အထဲ ဝင်တော့ အပေါက်ဝမှာ ဂစ်တာတွေအမျိုးစုံ၊ သူ့အမျိုးအစားနဲ့သူ ပြထားပြီး ဈေးနှုန်းတွေလည်း ကပ်ထားပါတယ်။ အဲဒီမှာပဲ ကီးဘုတ်သမားက ကီးဘုတ် ပြခန်းဘက် ပြေး၊ ဒရမ်မာက ဒရမ်ပစ္စည်းမျိုးစုံ ရောင်းတဲ့ဘက်ကို သွားနဲ့ ရှုပ်ယှက်ခတ်ကုန်ကြပါတော့တယ်။ အဆိုတော်တွေကတော့ ဟိုငေး ဒီငေးပေါ့။ ကျွန်တော်ကတော့ အစောကြီးကတည်းက ဂစ်တာ မယူလာတော့ဘဲ အမေရိက ရောက်မှ တစ်လုံး ဝယ်တီးမယ် ဆုံးဖြတ်ပြီး လက်ဗလာ လာခဲ့သူမို့ ဒီဂစ်တာ ဆိုင်ကြီးမှာ ကိုယ်တီးချင်တဲ့ ဂစ်တာလိုက်ရှာတဲ့ လုပ်ငန်း စရပါတော့တယ်။ ခက်တာက ဂစ်တာတွေက အလုံးပေါင်းထောင်ချီရှိနေတော့ ရန်ကုန်မှာ ရွေးခွင့် မရခဲ့ရသမျှ ဒီမှာကျ ရွေးခွင့်ရလွန်းလို့ ဘယ်ဂစ်တာ ဝယ်ရမလဲမသိ ဖြစ်ခဲ့ရပါတယ်။ ဂစ်တာတွေက ဒေါ်လာ ၄၀၀ လောက် အနည်းဆုံး သုံးရမှာမို့၊ ကိုယ့်မှာ ပါတဲ့ ပိုက်ဆံနဲ့ နေရမယ့် အချိန်နဲ့ တွက်ရတဲ့အလုပ်ကလည်း မလွယ်ပါဘူး။ ပြီးတော့လည်း ဂစ်တာက ၅၀၀ ဆိုရင် အခွန်က အနည်းဆုံး ၅၀ ထပ်ပေးရဦးမှာမို့ ကိုယ်ဝယ်မယ့် ပစ္စည်းတန်ဖိုးကြိုက်တိုင်းလည်း ဝယ်လို့ မရသေးပါဘူး။ ဒါကြောင့် နာရီဝက်ကျော်ကျော်လောက် လှည့်ပတ်ကြည့်ရင်း ဂစ်တာသံ လူသံတွေ ဆူညံနေတဲ့ ဆိုင်ကြီးထဲမှာ

mgyoe.com

mgyoe.com

SAMPLE BOOK


မဖြစ်မနေ ဝယ်မယ့် ဂစ်တာတစ်လုံးကို ရအောင် ရွေးလိုက်ပါတယ်။ ဂစ်တာက Scheter ဂစ်တာပါ။ ကိုရီးယားမိတ်ပါ။ ဂစ်တာရဲ့ Body က သစ်သား ခေါင်းပွ ဖြစ်ပြီး Hollow ဂစ်တာသံလည်း တီးလို့ရပါသတဲ့။ ဈေးက ဒေါ်လာ ၁၅၀၀ ကနေ Discount 50% ဆင်းပေးထားလို့ Tax ပါ ပါပြီး ဒေါ်လာ ၈၀၀ ကျမှာဖြစ်လို့ မဖြစ်မနေ ဝယ်မယ် ဆုံးဖြတ်ပြီး အရောင်းကောင်တာ ယူသွား ပိုက်ဆံချေလိုက်ပါတယ်။ ပထမဆုံး အချိုကြီး $ ၈၀၀ လောက် ကုန်သွားပြီးမှ အဲဒီဂစ်တာလေး လွယ်ပြီး ဆိုင်ရှေ့က Van Halen (ဂစ်တာ သူရဲကောင်း)ရဲ့ Show မှာတီးတဲ့ (ဂစ်တာဆရာကြီးတွေ တီးတဲ့) ဂစ်တာတွေ ပြထားတဲ့ မှန်ခန်းထဲကို ဓာတ်ပုံ တွဲရိုက်၊ ဂစ်တာဆရာကြီး Steve Vai ရဲ့ လက်ရာမှာ ကျွန်တော့်လက် ဝင်မြှုပ်ပြီး ဓာတ်ပုံရိုက်တော့ လက်သန်းတစ်ဆစ်လောက် ကျွန်တော့် ထက် ပိုပြီး လက်အားလုံး ရှည်နေတာ တွေ့ရလို့ သူတို့ရဲ့ လက်ကြီးတွေနဲ့ ဂစ်တာဖလက်တံ အဝေးကြီး ပြေးနိုင်တာ ဒါကြောင့်ကိုးဆိုပြီး ဘောလုံးသမား တွေ အရပ်ပုသလို ဂစ်တာသမားတွေလည်း နိုင်ငံတကာ စံချိန်မီချင်ရင် လက် မပုအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ ရယ်စရာ တွေးမိပါတယ်။

□

mgyoe.com

mgyoe.com SAMPLE BOOK

# ငါ သွားမယ် ဟောလိဝုဒ်

ကျွန်တော့်စိတ်ကြိုက် ဂစ်တာ ဝယ်ပြီး၊ ကိုယ် ကြိုက်တဲ့ ဂစ်တာသမားတွေရဲ့ အမှတ်တရ လက်ရာတွေ၊ ဂစ်တာတွေနဲ့ ဓာတ်ပုံရိုက်ပြီးရုံတင်မကဘဲ ဆိုင်ဝန်ထမ်းနဲ့တောင် အမှတ်တရ ဓာတ်ပုံရိုက်ပြီးတော့ သူတို့ ဂစ်တာဆိုင်ဝန်ထမ်းတွေကလည်း ဂစ်တာတီးတတ်တဲ့ သူတွေမှ အလုပ်ရသလို၊ ကျွန်တော် ဂစ်တာစမ်းတီးတာကို သူက ကြည့်ရုံနဲ့ Professional ဂစ်တာသမားမှန်း သိပါသတဲ့။ ဒါကြောင့် ဟောလိဝုဒ်ရဲ့ ဂစ်တာဆိုင်မှာ ဂစ်တာဝယ်ပြီးပေမယ့် နောက်ထပ်ဆိုင်တစ်ဆိုင်မှာ သူ လိုချင်တဲ့ Bass ဂစ်တာတစ်လုံး ရှိသေးတယ် ဆိုတာ ကိုဂျင်ပိက အင်တာနက်ကတစ်ဆင့် (ရန်ကုန်ကတည်းကနော်) စာရင်းကြည့်ပြီး သိနေလို့၊ နောက်ထပ် ၁၅ မိနစ်လောက် သွားရမယ့်ဆိုင်ကို ထပ်ပြီး ချီတက်ခဲ့ကြပါတယ်။ ကျွန်တော်တို့ကသာ တူရိယာပစ္စည်း မက်မောလွန်းလို့ တက်ကြွနေပေမယ့် အဆိုတော်တွေက စိတ်ညစ်နေသလားတောင် ထင်ရပါတယ်။ (တကယ်လည်း ဂစ်တာဆိုင်ထဲ ဝင်ရင် ဖမ်းလို့ မမိလောက်အောင် ခြေရာ ပျောက်တတ်လွန်းတဲ့ ကျွန်တော်တို့လည်း နောက်ပိုင်း Shopping Mall တွေထဲ ဝင်ရင် သူတို့ ပျောက်သွားတာ လိုက်ဖမ်းရ၊ စောင့်ရတော့မှ အဲဒီဒုက္ခကို ကိုယ်ချင်းစာမိပါတယ်။) ဒုတိယဆိုင် ရောက်တော့ ကိုဂျင်ပိက သူ လိုချင်တဲ့ဂစ်တာ ဝယ်လိုက်ပါတယ်။ အဲဒီမှာတင် မနေနိုင်မထိုင်နိုင် ဖြစ်ရသူက ကျွန်တော်ပါ။ ပစ္စည်းတိုလီ

mgyoe.com

mgyoe.com

မှတ်စ တွေ့ရင် ဘယ်လိုမှ မနေနိုင်တဲ့ အကျင့်ကြောင့် TASCAM ကုမ္ပဏီက ထုတ်တဲ့ MP3-Trainner လေးကို ဒေါ်လာ ၁၈၀ လောက် ပေးပြီး ဝယ်လိုက်ပါတော့တယ်။ နဂိုက ဝယ်ဖို့ အစီအစဉ်မပြောနဲ့၊ ခေါင်းထဲမှာတောင် မရှိပေမယ့် အဲဒီစက်ကလေးက ကျွန်တော် လေ့ကျင့်ချင်တဲ့ ဂစ်တာသံတွေ၊ Lesson တွေကို MP3 ပြောင်းပြီး ကွန်ပျူတာကတစ်ဆင့် စက်ထဲထည့်ပြီး ဘက်ထရီ မလိုဘဲ အားပြန်သွင်းရင်လည်းရ၊ ကီးလည်းလျှော့၊ အနှေး အမြန်လည်း လုပ်နိုင်၊ Loop လည်းလုပ်လို့ရ၊ ဂစ်တာ effect လည်း ပါနေလို့၊ ဘယ်နေရာသွားသွား အိတ်ဆောင်တစ်ခုတည်းနဲ့ လေ့ကျင့်ရတာကြောင့် အိမ်မှာရှိနေတဲ့ CD နဲ့ လေ့ကျင့်ရတာ အတူတူပေမယ့် ကရိကထ များလွန်းလို့ အကြံရပြီး မစဉ်းစားဘဲ ဝယ်လိုက်ပါတော့တယ်။ လိုချင်လွန်းလို့ ဝယ်မိတာကြောင့် ပိုက်ဆံရှင်းချိန် ဒေါ်လာ ၂၂၀ ကျမယ်လို့ ပြနေပေမယ့် အခွန်ထည့်တွက်ပြီး လိုတာထက် ပိုများနေတာလည်း သတိမထားဘဲ ယူလိုက်ပါတယ်။ သူ ပြန်အမ်းတဲ့ ပိုက်ဆံနဲ့ ဘောက်ချာစာရွက် သေသေချာချာ ဆိုင်အပြင်ရောက်မှ ကြည့်မိတော့ အမေရိကန်တွေက ကျွန်တော့်ကို တောသားဆိုတာ သိသွားပုံရပါတယ်။ ကျသင့်တဲ့ ပိုက်ဆံထက် အာမခံကတ်ပြား လုပ်ခ ဒေါ်လာ ၂၀ ထည့်ယူလိုက်တာ ဖြစ်နေပါတယ်။ သူ့ရဲ့ warranty က ၁ နှစ် ပေးပေမယ့် ၂ လပဲ USA မှာ နေမယ့် ကျွန်တော့်အတွက် အဲဒီ warranty မလိုအပ်ပါဘူး။ ရန်ကုန်ရောက်မှ ပစ္စည်းပျက်ရင်လည်း အမေရိက ပြန်ပို့မယ့်အစား နောက်ထပ် effect တစ်ခု စင်္ကာပူလောက်မှာဝယ်ရင် ဒီဈေးလောက်ပဲ ကျမှာမို့ အချဉ်ဆိုပြီး နှပ်ချလိုက်မှန်း သိရလို့ ကိုယ့်အပြစ်နဲ့ကိုယ် ရန်ကုန်မှာဆိုရင် လည်သလောက် ဒီမှာ ခံရမှ အေးတယ်ဆိုပြီး ကားပေါ်တက်ထိုင်ပြီး ပြန်ခဲ့ရပါတော့တယ်။ ကားထွက်လိုက်တာနဲ့ အဲဒီစက်ကလေးရဲ့ Power ကောက်ဖွင့်လိုက်ပြီး စမ်းမယ်ကြံသေး၊ ခလုတ်က ချောင်နေလို့ ဘယ်လိုဖွင့်ဖွင့် မပွင့်ပါဘူး။ ဒီလို ဖွင့်လို့မရတာ စက်ကြောင့် ပျက်တာကြောင့်လား၊ ဘက်ထရီ အားမဖြည့်ရသေးလို့လား မသေချာတာရယ်၊ ကိုယ်က မှန်ဗီရိုထဲမှာ show ပြထားတဲ့ တစ်လုံးတည်း ကျန်သော effect ကို ယုံကြည်မှု အပြည့်နဲ့ ယူခဲ့မိတာရယ်ကြောင့် ဒုတိယဒုက္ခ ထပ်တွေ့ပြီး သူငယ်ချင်းတွေကို ဖွင့်ပြောတော့ တော်တော်ခရီးရောက်နေပြီမို့ ကားလည်း ပြန်မလှည့်နိုင်းချင်တော့ဘဲ L.A ပြန်ရောက်ခဲ့ရပါတယ်။ L.A ပြန်ရောက်ပေမယ့် ခဏအနားယူပြီးတာနဲ့ ညစာ ထမင်းဖိတ်ကျွေးတဲ့ အိမ်ဆီ အားလုံး ပြန်ထွက်ခဲ့ရပါတယ်။

mgyoe.com

ကျွန်တော်က အိမ်ပြန်ရောက်တုန်း ဘက်ထရီ အားသွင်းပြီး အိမ်မီးနဲ့ ဖွင့်ပေမယ့် စက်က ဘယ်လိုမှ ဖွင့်လို့မရတာကြောင့် 'သေချာတယ်၊ ငါတော့ စက်အပျက်ကြီး ဒေါ်လာ ၂၂၀ ပေး ဝယ်မိ ပြီလို့ အမေရိကရဲ့ ဒုတိယ ဒုက္ခပေးမှု စ,ခံရပါတော့ တယ်။ (ပထမက မုတ်ဆိတ်ရိတ်စားနော်) အဲဒီလို ကိုယ့်ခံစားချက်ကို ကျိတ်ပြီး ညှော်ခံပွဲအိမ် ရောက်တော့ အိမ်နောက်ဖေး ရေကန်ဘေးမှာ ထိုင်ခုံတွေ ခင်းပြီး ကြက်ကင်၊ ပုဇွန်ကင်တွေနဲ့ ထမင်းဖြူနဲ့ သောက်စရာ အရက်တွေကလည်း အလျှံပယ်၊ ဝိုင်တွေ ဘီယာတွေကလည်း (အမေရိကမှာတော့ ဖောဖောသီသီပါ) အများကြီးဆိုတော့ သေသလို ဂစ်တပျက်ပါးကြင်း မိတ်ဆွေတွေမှုရှိတာတွေကို နားစွင့်ရင်း ကျွန်တော့်ရဲ့ ဒုက္ခကို ကျိတ်ခံနေရင်း ကျွန်တော်နဲ့ စကားပြောဖြစ်တဲ့ ကိုမိုးကို ရင်ဖွင့်မိလိုက်ပါတယ်။ (ကိုမိုးက ရုပ်ရှင်မင်းသားကြီး ကျော်ဆွေနဲ့ (ဒေါ်)ခင်ယုမေတို့ရဲ့ သားငယ်ပါ) သူက ရန်ကုန် ပြန်ရောက်တုန်း သူ အမေရိက က ဝယ်လာတဲ့ GIBSON ဂစ်တာကို EMPEROR က ဂစ်တာသမား ကိုဇော်မျိုးကို ရောင်းပေးခဲ့သူ ဖြစ်နေမှန်း အခုမှ သိရပါတယ်။ သူက ရန်ကုန်က သူ့အမေကို ခဏခဏ ပြန်လာပြုစုသလို ငွေကြေးလည်း ထောက်ပံ့နေသူလို့ သိရပါတယ်။ သူက အမေရိက တကယ့်ကျွမ်းကျင်သူ တစ်ယောက်မှန်း အခုမှ သိခွင့်ရပါတော့တယ်။ သူက ကျွန်တော် ခံရတဲ့ဒုက္ခ ကြားတော့မှ ရယ်ရယ် မောမောနဲ့ သူ ကူညီပေးမယ်။ အမေရိကမှာ ဘာပစ္စည်းဝယ်ဝယ်၊ ၁ လ အတွင်း မကြိုက်ရင် ပြန်ပေးလို့ ရတယ်။ လဲလို့ ရတယ်။ ဒါကြောင့် ကျွန်တော် ဝယ်တဲ့ TASCAM စက်လေးကို ပစ္စည်းပျက်နေတယ်ဆိုရင် ဆိုင်မှာ သွားလဲ လို့ ရရဲ့သားနဲ့ တမင်သက်သက် ဆိုင်က ဝန်ထမ်း အမေရိကန်တွေ ညစ်ပတ်ပြီး အာမခံကတ်ပြားဖို့ ယူလိုက်တာဆိုတာ သိလိုက်ရပါတယ်။ တစ်လအတွင်း ဘာဝယ်ဝယ်၊ ပြန်ပေးလို့ရတဲ့ ဥပဒေ ရှိတယ်။ ဝယ်သူမကြိုက်ရင် ပြန်ပေးလို့ ရတယ်။ (အင်္ဂလိပ်တွေ ဘာတွေတော့ တံဆိပ်မဖြုတ်နဲ့ပေါ့) အဲဒါကို Return (ရီတန်း)လုပ်တယ်လို့ ခေါ်ပါတယ်။ ဒါကြောင့် အဲဒီဥပဒေကို မသိတဲ့ ကျွန်တော်က စိတ်ညစ်သလောက်၊ သိတဲ့ သူ့အတွက်က ရယ်စရာ ဖြစ်နေပါတယ်။ အဲဒီမှာ သူက မြန်မာတွေရဲ့ ဖြတ်ထိုးဉာဏ်နဲ့ အမေရိကန်တွေကို ပြန်ပြီးလှည့်ကျဖို့ နည်းပေးပါတယ်။ အဲဒီနည်းက ဒုတိယ ဝယ်ခဲ့တဲ့ ဂစ်တာဆိုင်မှာ အဲဒီ effect ကို ပြန်ပေးပြီး ပိုက်ဆံပြန်ထုတ်၊ effect ပျက်နေတာကို အကြောင်းပြလိုက်ရင် ဒေါ်လာ ၂၂၀ ပြန်ရပါမယ်။ (တကယ်လည်း တစ်လအတွင်း ပြန်လဲလို့ရတာ

m.gyoe.com

mgyoe.com

လက်တွေ့ပါ) ပြီးတော့မှ နောက်ထပ် ကျွန်တော်တို့နဲ့ ၁၅ မိနစ်လောက်ပဲဝေးတဲ့ (အဲဒီ လောက်ဆို L.A က လူတွေက အရမ်းနီးတယ်လို့ သုံးကြပါတယ်။) အဲဒီကုမ္ပဏီ ကပဲ ပိုင်တဲ့ ဆိုင်ခွဲမှာ effect ပြန်ဝယ်။ အာမခံကတ်ပြား မယူတော့ရင် ဒေါ်လာ ၂၀၀ ပဲ ကျမယ်။ အာမခံပိုက်ဆံ ၂၀ ဒေါ်လာ ကိုယ့်ဆီက လိမ်ယူထားတာ ပြန်ယူပြီးသား ဖြစ်မယ်လို့ သူက အကြံပေးပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ပျော်ရွှင်ပြီး effect ပြန်လဲလို့ ရမယ်ဆိုပြီး ဝမ်းသာပေမယ့် တစ်နာရီလောက် ဝေးတဲ့ ဟောလိဝုဒ်ကို ဘယ်သူ လိုက်ပို့ပေးမှာလဲဆိုတဲ့ မေးခွန်းအတွက် အဖြေမရှိခဲ့ပါဘူး။ မှတ်မိရက်နဲ့ ကောင်း အိမ်မှာ တစ်နေကုန် ဂစ်တာဆိုင်တွေ သွားပြီး၊ ဂစ်တာဝယ်ပြီး ကိုယ့်အပြစ်နဲ့ ကိုယ့်ပစ္စည်း ပြန်လဲဖို့ ဟောလိဝုဒ် လိုက်ပို့ဖို့ဆိုရင် မသိတာနဲ့ အဆိုတော်တွေက လိုက်ချင်တော့မှာ မဟုတ်ဘူး။ (တကယ်လည်း သူတို့ တာဝန်ကျေပြီးသားမို့ အကြံအစည် ကောင်းပေမယ့် လိုက်ပို့မယ့်သူ မရှိတဲ့ ကိုယ့်ကံကိုသာ အပြစ်ပုံချရပါတော့တယ်။ အဲဒီမှာ ကိုမိုးက မနက်ဖြန် နေ့လယ် ၁ နာရီလောက် သူ အလုပ်ပြီးပြီ။ လာခေါ်ပြီး ဂစ်တာဆိုင် ပြန်ပို့ပေးပါ့မယ်ဆိုတဲ့စကား ကြားရမှ လုံးလုံးဝမ်းသာနိုင်ခဲ့ပါတော့တယ်။ ဒါကြောင့် အားလုံးကို နှုတ်ဆက်ပြီး အိမ်ကို ပြန်ခဲ့ကြတဲ့ လမ်းမှာ ရွှင်မြူးနေပါတယ်။ အဲဒီညလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ အိပ်မရပေမယ့် ကြိုးစားအိပ်ဖြစ်အောင် အိပ်ရပါတော့တယ်။

နောက်တစ်နေ့မနက် မိုးလင်းတော့ အလုပ်ပိတ်တဲ့ တနင်္ဂနွေနေ့မို့ အိမ်ရှင် ကိုမင်းက ကျွန်တော့်ကို သူ့ရဲ့ ယောက္ခမကြီးတွေ အိမ်မှာ မနက်စာ သွားစားဖို့ ကားနဲ့ ခေါ်သွားပါတယ်။ ကိုမင်းရဲ့ အိမ်ထောင်ရေးဇာတ်လမ်းကို သိရချိန်မှာတော့ တကယ့် ဖြစ်ရပ်မှန်ကိစ္စကလည်း ရုပ်ရှင်လိုပါပဲလားလို့ သိခဲ့ရပါတယ်။ ကိုမင်းနဲ့ သူ့ဇနီးက ကွာရှင်းပြီးသားပါ။ (သူ့ဇနီးကလည်း မြန်မာလူမျိုးပါပဲ။ ခရစ်ယာန်ဘာသာဝင် ဖြစ်ပြီး ကိုမင်းက ဗုဒ္ဓဘာသာပါ။) သူတို့နှစ်ယောက် ကွာရှင်းပြီးပေမယ့် အခင်အမင် မပျက်၊ အစအနောက် မပျက်ဘဲ မောင်နှမတွေလို ပျော်ပျော်ပါးပါး ဆက်ဆံရေး ရှိနေပါသေးတယ်။ ဒီထက်ပိုတာက သူ့ယောက္ခမ နှစ်ယောက်လုံးက သူ့ကို တကယ့်သားအရင်းလို ချစ်ကြပြီး သမီးနဲ့ ကွာရှင်းပြီးပေမယ့် သူတို့အိမ်ကို အမြဲလာပြီး ထမင်း စားခိုင်း၊ ညဆိုရင်လည်း ညစာ ခေါ်ကျွေးနဲ့ သမီးထက်တောင် သမက်ကို ပိုချစ်သလို ဖြစ်နေပါတယ်။ သမီးကလည်း အနောက်နိုင်ငံ ထုံးစံအတိုင်း သူ့ဘာသာသူ တစ်အိမ် နေလို့။

mgyoe.com

သူက ညတိုင်း အပြေးကျင့်ပြီးရင် သွားလည်၊ မနက်လည်း မနက်စာ သွားစားနဲ့၊ ထုံးစံဖြစ်နေတဲ့ ကိုမင်းက ဒီမနက်တော့ ကျွန်တော့်ကို ဧည့်သည်အဖြစ် ခေါ်သွားရုံမကဘဲ မနေ့ညကလည်း သူ့ယောက္ခမကြီးနဲ့ ဂစ်တာ အတူတူတီးဖို့ သူ့ယောက္ခမအိမ် ခဏလိုက်ခဲ့ပါ ဆိုတာကြောင့် အလည်ခဏ သွားဖူးပြီးသားမို့ အခုမနက် Breakfast စားဖို့ လိုက်ခဲ့ရပါတယ်။ သူ့ယောက္ခမကြီးက ဦးဆက်မောင်(အဆိုတော် ဆက်မော်) L.P.J, Aurora ခေတ်က အဆိုတော်ကြီးရဲ့ညီ ဖြစ်ပြီး၊ ဂစ်တာတီးလည်း ဝါသနာပါသူမို့ ဂစ်တာအကောင်းစား ၅ လက်လောက် သူ့အိမ်မှာရှိသလို ဂစ်တာ AMP ကြီးတွေလည်း ရှိတာကြောင့် ကျွန်တော့် ဂစ်တာအသေးလေး ယူသွားပြီး မနက်စာ စားပြီးချိန် သူနဲ့ ဂစ်တာတီးကြတော့ သူက ကိုရီးယားဂစ်တာ ဘာလို့ ဝယ်တာလဲ၊ အမေရိက ရောက်မှ Made in USA ဝယ်မှပေါ့ ဆိုတာကြောင့် နဂိုက မှ စိတ်မခိုင်တဲ့ ကျွန်တော့်မှာ ဂစ်တာ ဝယ်တာကစပြီး effect ဈေးကြီး ပေးခဲ့ရပုံတွေ ပြောပြတော့ အန်ကယ်ကြီးက သူ့ကားနဲ့လိုက်ပြီး ဂစ်တာဆိုင်မှာ လဲပေးမယ်လို့ ပြောပါတယ်။ ကျွန်တော်က ဝယ်ခဲ့တဲ့ ဂစ်တာဆိုင်က ၁ နာရီလောက် မောင်းရမယ်(ထင်တဲ့) အဝေးကြီးမှာလို့ ပြောတော့ သူက အံ့သြစရာ စကားတစ်ခု ထပ်ပြောပြပါတယ်။ အမေရိကမှာ ကိုယ် ဝယ်တဲ့ပစ္စည်းကို အဲဒီနေရာအထိ သွားမလဲဘဲ နီးစပ်ရာ ဆိုင်ခွဲမှာ ဘောက်ချာပြလိုက်ရင် သူတို့ဆိုင်ချင်း အင်တာနက်ကတစ်ဆင့် စစ်ပြီး အနီးဆုံးဆိုင်ကနေ ပြန်လဲယူလို့ရတယ်။ ဝယ်ထားတဲ့ ဆိုင်အထိ လူသွားစရာ မလိုဘူးလို့ သိရတာနဲ့ ကိုမိုးကို ချိန်းထားမိလို့ အိမ်မှာ ခဏပြန်စောင့်နေလိုက်ပါ့မယ်၊ အန်ကယ်ကြီး သူ မလာခဲ့ရင် လိုက်ပို့ပေးပါလို့ အကူအညီတောင်းတော့ အန်ကယ်ကြီးက ပြုံးပြုံးရွှင်ရွှင်နဲ့ အလုပ်ပိတ်ရက် ဖြစ်နေလို့ အေးအေးဆေးဆေး စောင့်နိုင်ပါတယ်။ ဒါပေမဲ့ ညနေ ၄ နာရီ ဘုရားကျောင်းမှာ သီချင်းတိုက်ရဦးမယ့် ကိစ္စရှိလို့ ဖုန်းဆက်ပြီး လိုအပ်ရင် သူ့ကို ခေါ်ပါဆိုတဲ့စကား ရတာကြောင့် သူ့ရဲ့ သမက်ယောင်း ကိုမင်းနဲ့ ကျွန်တော် အိမ်ကိုပြန်၊ ကိုမိုး(အမေရိကန်တွေထက် လည်တဲ့ သူကြီး)ကို စောင့်ရပါတော့တယ်။ ချိန်းထားတဲ့အချိန် ရောက်တော့… ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# ဝယ်သူ အမြဲမှန်တဲ့ USA

ကျွန်တော်တို့ တည်းတဲ့ 'Diamond Bar' အရပ်နဲ့ မနီးမဝေးမှာ ရှိတဲ့ 'Guitar Centre' ဆိုင်ကို သွားဖို့ 'ကိုမိုး'ကို စောင့်ပေမယ့် သူ ဘယ်လိုမှ မလာနိုင်တော့ဘူးဆိုတာ သူ့အလုပ်ထဲက ထွက်လို့မရလို့ အိမ်ရှင် ကိုမင်းမင်းဆီ ဖုန်းဆက်ပြီး အကြောင်းကြားလာပါတယ်။ သူ မလာနိုင်တော့တာ သေချာပြီမို့ ကိုမင်းမင်းရဲ့ ယောက္ခမယောင်းကြီးက ကားနဲ့ လာခေါ်ပါတယ်။ အန်ကယ်ကြီးက အဲဒီဂစ်တာဆိုင်တွေမှာ သူ ဝယ်ရင် ဂစ်တာဈေးက ဒေါ်လာ ၂၀၀၀ ရေးထားပေမယ့် သူက ၈၀၀ လောက်ပဲ ပေးပါတယ်လို့ သူ့အတွေ့အကြုံ ပြောပြပါတယ်။ သူက ခပ်မာမာနဲ့ ကိုယ်ပေးနိုင်တဲ့ ဈေးထက်ဝက်မက ဆစ်ပါတယ်။ အဲဒီအချိန်မှာ ခရစ်စမတ်လို အထူးလျှော့ဈေးနဲ့ ရောင်းနေကြတဲ့အချိန် ဖြစ်လို့ သူတို့ ဂစ်တာဆိုင်ဘက်ကလည်း တစ်ဝက်လောက် မဆစ်ပါနဲ့ ဆိုပြီး ဒေါ်လာ ၅၀၀ လောက် လျှော့ပေးပါတယ်။ အန်ကယ်ကြီးက Discount အချိန်ဆိုပြီး ရနိုင်သလောက် ဈေးလျှော့ပေးအောင် သူက ဂစ်တာ ဝယ်နေကျ ဖောက်သည်ပါ။ ဒါကြောင့် ဒီဂစ်တာကို ဂစ်တာဆိုင်ရဲ့ နှစ်သစ်ကူး လျှော့ဈေးနဲ့ရအောင် ရောင်းပါလို့ ထပ်ပြီး ဈေးဆစ်ပါတယ်။ နောက်ဆုံးတော့ အရောင်း ဝန်ထမ်းလည်း ကြံရာမရ ဖြစ်ပြီး မန်နေဂျာ ရုံးခန်းထဲ ဝင်ပြော၊ နောက်ဆုံး မန်နေဂျာက သူနဲ့ တွေ့ချင်ပါတယ် ဆိုလာတော့ ရုံးခန်းထဲ ဝင်ပြီးညှိတော့ မန်နေဂျာက လက်ခံ

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်လို့ ဈေးအများကြီး လျှော့ရဖူးပါတယ်လို့ ပြောလာတာကြောင့် နဂိုကမှ နိုင်ငံခြားသား ကြောက်တဲ့ ရောဂါရယ်၊ အမေရိကန်နိုင်ငံကြီးရဲ့ လူနေမှုစနစ် အရှုပ်အဝါရယ်ကြောင့် ပထမဆုံး ဝယ်ခဲ့တဲ့ မှတ်ဆိတ်ရိတ်စား၊ ဒုတိယ ဂစ်တာ၊ တတိယ ဝယ်ခဲ့တဲ့ effect သုံးခုလုံး မကျေနပ်ခဲ့ရသမျှ မုတ်ဆိတ်ရိတ်စားကို တော့ ပြန်မလဲရဲတော့ဘဲ (ကိုယ်က သုံးပြီးပြီကိုး) ဒုတိယ ဂစ်တာကို ပြန်သွင်း ပြီး အမေရိကန်ဂစ်တာနဲ့ ပြန်လဲဖို့ တတိယ ဝယ်ခဲ့တဲ့ ဂစ်တာ effect ကို ပြန်လဲ ဖို့ အန်ကယ်ကြီးကို ဦးဆောင်ခိုင်းပြီး ကိုယ်က နောက်က မရဲတရဲ လိုက်ရင်း Guitar Centre ဆိုင်ထဲ ထပ်ရောက်ပါတယ်။ တကယ်လည်း ဆိုင်ထဲရောက် ချိန် ကျွန်တော့်ရဲ့ ဟောလိဝုဒ်က ဝယ်လာတဲ့ ဂစ်တာ (သူတို့ ကုမ္ပဏီက မြို့တိုင်း မှာ ရှိပါတယ်)ကို သူတို့ရဲ့ ဘောင်ချာဖြတ်ပိုင်း ပြလိုက်ပြီး မကြိုက်လို့ ပြန်လာလဲ တာလို့ အန်ကယ်ကြီး ရှင်းပြနေတာ ကြည့်ပြီး အရယ် အပြုံး မပျက်ဘဲ ပြန် လက်ခံလဲပေးတဲ့ အမေရိကန်လူမျိုးတွေ နေရာမှာ မြန်မာပြည်က ဈေးသည်တွေ သာဆိုရင် အနည်းဆုံး အဆဲခံရမှာ သေချာတယ်ဆိုပြီး တွေးမိပါသေးတယ်။ အခုတော့ သူတို့လူမျိုးရဲ့ ဝယ်သူအပေါ် မှာ ကာကွယ်ပေးတဲ့ ဥပဒေကြောင့်လား၊ ယဉ်ကျေးမှုအရ ဥပဒေက ဘယ်လိုပဲ ပြဋ္ဌာန်း ပြဋ္ဌာန်း လိုက်နာတဲ့စိတ်ကိုတော့ လေးစားမိပါတယ်။ သူတို့က ကြိုက်တဲ့ ဂစ်တာတစ်လုံး ထပ်ရွေးခိုင်းပြီး ပထမ ဂစ်တာ ဝယ်စဉ်က ပေးထားတဲ့ ပိုက်ဆံနဲ့ နုတ်ပြီး လိုသမျှ ကိုယ်က ထပ်ပေး၊ ဂစ်တာအသစ်ယူ၊ တစ်ရက်ပဲ တီးရသေးတဲ့ ဂစ်တာအဟောင်းကို ကျေကျေ နပ်နပ်နဲ့ လက်ခံယူလို့ ဂစ်တာကိစ္စ အဆင်ပြေသွားပါတယ်။ ဟောလိဝုဒ်က ဝယ်ခဲ့တဲ့ ဂစ်တာကိုတော့ L.A က ဂစ်တာဆိုင် ဘယ်လို ပြန်ပို့မလဲ မစဉ်းစား တတ်တော့ပါဘူး။ ဒုတိယပြဿနာ ဖြစ်တဲ့ TASCUM က Effect လေးကို ပြန်လဲဖို့ အန်ကယ်ကြီးကိုပဲ အပူကပ်တော့ အန်ကယ်ကြီးက အဲဒီဆိုင်က ဝယ်ခဲ့ တဲ့ ဘောင်ချာနဲ့ Effect ခလုတ် (switch) က ပျက်နေကြောင်း ပြောပြပြီး အသစ်ပြန်လဲပေးဖို့ တကယ်လို့ စက်အသစ် မရှိခဲ့ရင်တော့ ပိုက်ဆံပဲ ပြန်ယူချင် ပါတယ်ဆိုပြီး ပြောပေးပါတယ်။ ဆိုင်က ဝန်ထမ်းတွေက Effect ကို စစ်ပြီးတာနဲ့ သူတို့ဆိုင်က ပစ္စည်းအပျက် ဖြစ်နေတာကို လက်ခံပြီး တခြား စက်အသစ်တစ်လုံး နဲ့ ပြန်လဲပေးလိုက်လို့ ကျွန်တော့်ရဲ့ ပထမအာမခံ တစ်နှစ်လုပ်ထားတဲ့ ကတ် လည်း အကျိုးဝင်သွားတာကြောင့် အာမခံကြေးတော့ ဒေါ်လာ ၂၀ ပြန်မရတော့ ဘူး။ တကယ်လို့ အာမခံကတ် မလုပ်ထားရင်လည်း ဝယ်သူရဲ့ အခွင့်အရေးအရ

mgyoe.com

mgyoe.com



*Guitar Centre* ဆိုင်မှာ ဂစ်တာဝယ်စဉ် အမှတ်တရ

လဲလှယ်ခွင့် ရှိပေမယ့် တမင်သက်သက် ကျွန်တော့်ကို အချဉ်ဖမ်းပြီး ဒေါ်လာ ၂၀ အာမခံ လုပ်ပေးပြီး ပစ္စည်းအပျက် ထည့်ပေးလိုက်တဲ့ ပညာကြောင့် ပစ္စည်းလည်း ပြန်လဲရော ပြင်ဆင်ခ အာမခံကတ်လည်း အကျုံးဝင်သွားပြီး ပိုက်ဆံ ပြန်မအမ်းရအောင် ထောင်ချောက်ဆင် ရောင်းလိုက်တဲ့ ပညာကို တွေ့လိုက်ရတာကြောင့် အမေရိကဆိုတာ သူ့ထက်သူ ပိုလည်တဲ့သူတွေ ရှိတဲ့ အရပ်လို့ပဲ ဆိုလိုက်ချင်ပါတော့တယ်။ ဒီလို ကျွန်တော်တို့ နေတဲ့ အိမ်ကို ပြန်လာကြပြီး ဂစ်တာ လေ့ကျင့်ခန်းတွေ စလုပ်ရမယ့် လိုတဲ့ပစ္စည်းတွေ၊ စာအုပ်တွေ၊ ဂစ်တာတွေ ပြည့်စုံပြီမို့ ကိုယ့်ဂစ်တာပစ္စည်းတွေဆင်၊ ကိုအောင်ဒူးရဲ့ ကွန်ပျူတာ (Laptop) နဲ့ ဂစ်တာ (Lesson) တွေကို MP3 ပြောင်းပြီး ဂစ်တာတီးနေပါတယ်။ အဲဒီအချိန် အိမ်ပြန်ရောက်လာတဲ့ ဇော်ပိုင်က ကျွန်တော့် သူငယ်ချင်းတစ်ယောက်က သူ့ဖုန်းကို ဆက်ပါတယ်။ ဒါကြောင့် အဲဒီနံပါတ်ကို ပြန်ခေါ်ပေးပါတယ်။ အဲဒီမှာတင် ကျွန်တော်နဲ့ အ·ထ·က (၄) ပုဇွန်တောင်ကျောင်းမှာ ၁၀ တန်းအထိ အတူနေခဲ့ကြသူ သူငယ်ချင်း အောင်မျိုးသူနဲ့ (အမေရိက ရောက်

mgyoe.com

 SAMPLE BOOK 

မှ ပထမဆုံး) အဆက်အသွယ် ရပါတော့တယ်။ ကျွန်တော်က သူ ရှိနေမှန်း တောင် လုံးဝမသိခဲ့ချိန် အခုလို မမျှော်လင့်ဘဲ အဆက်အသွယ်ရလို့ သူကလည်း ဝမ်းသာအားရနဲ့ တခြား ငယ်သူငယ်ချင်းတွေ ဖြစ်တဲ့ သက်ထွန်းနဲ့ သောင်းထိုက် တို့လည်း L.A မှာ ရှိနေကြတယ်။ အလုပ်အကိုင်လည်း အဆင်ပြေနေကြလို့ တွေ့ကြရအောင်ဆိုပြီး သူ့အိမ်ကနေ ကျွန်တော် နေတဲ့နေရာက ၁၅ မိနစ်လောက် ပဲ ကားမောင်းရလို့ အရမ်းနီးတယ်ဆိုပြီး စောင့်ခိုင်းပါတယ်။ ကျွန်တော်လည်း သူ ပြောတဲ့အတိုင်း အိမ်မှာ ဂစ်တာတီးရင်း စောင့်နေချိန် သိပ်မကြာခင် သူတို့ မိသားစု ကားနက်ကြီးတစ်စင်းနဲ့ ရောက်လာပါတယ်။ သမီးနှစ်ယောက်တောင် မွေးထားပြီး ကလေးတွေက အမေရိကမှာ အနေကြာလို့ ဗမာစကားတောင် သိပ်မပြောကြဘဲ အင်္ဂလိပ်လိုပဲ ပြောကြပါတယ်။ သူတို့ ဇနီးမောင်နှံနဲ့ တွေ့ပြီး စကားလက်ဆုံကျနေစဉ်အတွင်းမှာပဲ ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်း 'သက်ထွန်း' နဲ့ သူ့ဇနီး ကားတစ်စင်းနဲ့ ရောက်လာပါတော့တယ်။ သူတို့နှစ်ယောက်နဲ့ မိသားစုဝင်တွေ အားလုံးက ကျွန်တော် မလာခင် တစ်လလောက်ကတည်းက ရောက်လာမယ့်သတင်း ကြိုသိထားကြလို့ မျှော်နေကြတယ်လို့ သိရပါတယ်။ အခုလည်း ကျွန်တော်က ဖုန်းမရှိလို့ အဆိုတော် ဇော်ပိုင်ကတစ်ဆင့် အဆက်အသွယ် ရသွားတာကြောင့် အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြတော့ သူတို့က တစ်ခုခုမှာ စားရအောင်ဆိုပြီး ကျွန်တော့်ကို ဧည့်ခံပါတော့တယ်။ ကျွန်တော်က နဂိုကမှ ဘယ်မှ မသွားတတ်လို့ အိမ်မှာ ကုပ်နေရ၊ အစားအသောက်လည်း ဆိုင်မှာ လိုက်ကျွေးရင် အငမ်းမရ စား၊ ထမင်းလည်း မချက်တတ်၊ ဟင်းလည်း မချက်တတ်လို့ ဇော်ပိုင်နဲ့ Rဇာနည် တို့ ချက်တဲ့ ဟင်း ထမင်းတွေ ကပ်စားရတာ နှစ်ရက်၊ သုံးရက်လောက် ကြာလာတော့ စိတ်ညစ်၊ အားနာလာပြီး သူငယ်ချင်း တွေရဲ့ ပြုစုမှုကို လက်ခံလိုက်ပါတယ်။ ဒါကြောင့် သူတို့လည်း တိုင်ပင်ကြပြီး ဘယ်မှာ တစ်ခုခု သွားစားကြမလဲ တိုင်ပင်ရင်း ကျွန်တော် ဟောလိဝုဒ်ကို ရောက်ပြီးပြီလား မေးပါတယ်။ ကျွန်တော်က မနေ့ နေ့လယ်ပိုင်း ဟောလိဝုဒ် တော့ ရောက်ခဲ့ကြောင်း ပြောတော့ သူတို့က ဟောလိဝုဒ်က နေ့လယ် ရောက် လို့က ဘာမှ မလှဘူး၊ တကယ်တမ်း ညကျမှသာ ဟောလိဝုဒ်ရဲ့လမ်းတွေ၊ အထင်ကရ ကမ္ဘာကျော်ကြယ်ပွင့် ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ ဒါရိုက်တာ အနုပညာသမားတွေရဲ့ နာမည်ရေးထိုးထားတဲ့ ကြယ်ပွင့်တွေ ခင်းထားတဲ့ လမ်းမကြီး (မဂ္ဂဇင်းတွေထဲမှာပဲ ဖတ်နေကျ နေရာတွေပါ) ပြီးတော့လည်း အော်စကာဆု

mgyee.com

mgyoe.com SAMPLE BOOK

ပေးတဲ့ရုံကြီး ရှိတဲ့ Kodak Theater (သီရေတာခန်းမ)ဆီလည်း လိုက်ပို့မယ် ဆိုပြီး ကျွန်တော့်ကို ကားပေါ်တက်ခိုင်းပြီး ဟောလီဝုဒ်ရဲ့ ညအလှ ခံစားဖို့ ထွက်ခဲ့ကြပါတော့တယ်။ ညနေ ၆ နာရီလောက် ထိုးနေပေမယ့် မမှောင်သေးတဲ့ L.A မှာ ကားမောင်းကြသူတွေ အချင်းချင်း တစ်လမ်းတည်း တစ်ခရီးတည်း သွားမှာတောင် ရှေ့ကားနဲ့ နောက်ကား အဆက်ပြတ်သွားရင် လမ်းမှားသွားကြလို့ GPS စနစ်ပါတဲ့ ဂြိုဟ်တုနဲ့ လမ်းပြပြီး ကားမောင်းတဲ့ စနစ်ကိုပဲ အားကိုးပြီး ထွက်ခဲ့ကြပါတယ်။ အမေရိက,က ကျယ်ဝန်းလွန်းလို့ မြို့ကြီးတွေမှာ ကားမောင်းသူတွေ အားလုံးလိုလို GPS ပဲ အားကိုးကြပါတယ်။ GPS မပါရင် ဘယ်မှ မသွားတတ်ကြတာကြောင့် ကျွန်တော်တို့လို ကိုယ်ပိုင်ဉာဏ်နဲ့ တွေးပြီး ကားမောင်းသူတွေအတွက် ဒုက္ခရောက်နိုင်တဲ့ စနစ်တွေကို ရေးပြချင်ပါတယ်။ သူတို့ဆီမှာ ကားနဲ့ ကိုယ့်နေရာ အရပ်ကနေ ပထမဆုံး ဟိုင်းဝေး အမြန်လမ်းမကြီး နှစ်ထပ်၊ သုံးထပ်တောင် ရှိပါတယ်၊ မြွေလိမ်မြွေကောက် လမ်းတွေ ဖောက်ထားလို့ ကိုယ့်ကားက အမြန်လမ်းပေါ် တက်ပြီဆိုတာနဲ့ ဘယ်ဘက်၊ ညာဘက်ကို ပြတဲ့ လမ်းခွဲ အမြန်လမ်းကြီးတွေက များလို့ အရှိန်ကလည်း လျှော့လို့မရ၊ ဘယ်လိုမှ ရပ်လို့မရတဲ့ စနစ်နဲ့ မောင်းနေရတဲ့ ကားတွေမှာ လမ်းမှားရင် ကိုယ်သွားမယ့် အရပ်ဒေသကို မေးမြန်းလို့လည်း လမ်းဘေးက ကွမ်းယာဆိုင်၊ လမ်းလျှောက်သူ တစ်ယောက်မှ မရှိတဲ့ လမ်းတွေမှာ GPS စနစ်နဲ့ပဲ အားကိုးမောင်းရတော့ သူက ဘယ်ချိုးဆိုရင် ချိုး၊ ညာကွေ့ဆိုရင် ကွေ့နဲ့ သူ ဆရာလုပ်သမျှ ခံရတော့တာပါပဲ။ ပထမဆုံး GPS စနစ် စ,သုံးတော့မယ်ဆိုရင်တော့ ကိုယ်သွားမယ့်နေရာ၊ လိပ်စာကို အရင်ဆုံး GPS စက်ထဲကို ရိုက်ထည့်ရပါတယ်။ အဲဒီလို ရိုက်ပြီးမှ စက်က ကောင်းကင်က ဂြိုဟ်တုနဲ့ ချိတ်ဆက်ပြီး သူက ခိုင်းသလို သွားရင်းလာရင်းနဲ့ ကိုယ် သွားမယ့်နေရာဆီ အနီးဆုံး အမြန်လမ်းမကြီးတွေအတိုင်း ဝင်လိုက် ထွက်လိုက် လုပ်မောင်း၊ တက်လိုက် ဆင်းလိုက် လုပ်မောင်းရင်း စက်က Exit ထွက်လို့ ပြလိုက်တဲ့ နေရာ ရောက်ပြီဆိုမှ အမြန်လမ်းတွေမှာ ပြထားတဲ့ Exit နံပါတ်ကို ကြည့်ပြီး အဝေးပြေးလမ်းမကြီးကနေ အောက်ကို ဆင်းရပါတယ်။ အဲဒီလို (ပန်းဆိုးတန်းခုံးတံတားပုံစံ) အမြန်လမ်းမပေါ်က Exit ထွက်လိုက်တယ် ဆိုရင်ပဲ မလွဲမသွေ တွေ့ရတာက မာတ်ဆီဆိုင်၊ ကော်ဖီဆိုင်၊ မက်ဒေါနယ်ဆိုင်၊ Jack in the Box ဆိုတဲ့ ဆိုင်းဘုတ်အနီတွေနဲ့ အများဆုံး တွေ့ရတဲ့ ဘာဂါဆိုင် (အဲဒီ

mgyoe.com

mgyoe.com SAMPLE BOOK

ဟမ်ဘာဂါက အမေရိကမှာ ဒုတိယနာမည်အကြီးဆုံး ဖြစ်နိုင်ပါတယ်)။ ပြီးတော့မှ Dunkun-Donut ဆိုင် (အဲဒီဒိုးနပ်ကလည်း အမေရိကမှာ ဒုတိယ လူကြိုက်များပုံ ရပါတယ်။ အဲဒီလို ဆိုင်တွေမှာရပ်၊ ဆီဖြည့်ချင်ဖြည့်၊ အပေါ့ အပါး ဝင်သွားချင်သွား၊ အဆာပြေ စားရင်စား၊ ပြီးတာနဲ့ ကိုယ် သွားချင်တဲ့ နေရာဆီ ဆက်သွားကြတာက အမေရိကန် ထုံးစံပါ။ ဒါကြောင့် ခရီးသွားရင်း အတွေ့အကြုံ များလာတော့ တစ်မြို့နဲ့ တစ်မြို့ ကားနဲ့ သွားကြရင်၊ အပေါ့သွားချင် ရင် Exit နံပါတ် ဖုန်းနဲ့ ချိန်းကြပြီး အမြန်လမ်းကဆင်း၊ ဆိုင်တစ်ဆိုင်မှာ ဝင်စားကြရင်း အနားယူကြတာ အကျင့်ရသွားပါတယ်။ အခုလည်း လမ်း တစ်လျှောက်လုံး သူငယ်ချင်းနဲ့ စ,ကြ နောက်ကြတာတွေ ငယ်ငယ်က အကြောင်း တွေ ပြောလို့ မဝနိုင်အောင် ရေပက်မဝင် ပြောကြတဲ့ သူငယ်ချင်း 'သက်ထွန်း' အကြောင်းကိုလည်း ရှင်းပြရင်း ကျွန်တော်နဲ့ ငယ်ငယ်က သူနဲ့ ဘယ်လို ဇာတ်လမ်း လေးတွေ ရှိခဲ့ကြသလဲဆိုတာ စာဖတ်သူတွေ သိနိုင်စေဖို့ သူနဲ့ ကျွန်တော့်ရဲ့ ငယ်ဘဝလေးတွေကို 'နံနက်ခင်းဂျာနယ်'မှာ L.A က သူငယ်ချင်းဆိုပြီး အမှတ်တရ ဆောင်းပါးလေး ရေးပေးဖူးပါတယ်။ ဒီစာစုလေးကို ဖတ်ကြည့်ပြီးမှ ဟောလိဝုဒ်ကို ကျွန်တော်နဲ့ အတူတူ ခရီးဆက်ကြရအောင်။ ·ကဲ ကျွန်တော်နဲ့ အခုတော့ အတိတ်ဆီ ခဏပြန်လိုက်ခဲ့ကြပါဦးနော်။

❑

mgyoe.com SAMPLE BOOK

# ကျွန်တော်နဲ့ L.A က သူငယ်ချင်း

တကယ်တမ်း ဒီစာစုလေးကို အိပ်မရတဲ့ လော့စ်အိန်ဂျလိစ်မြို့ (အမေရိကန်နိုင်ငံ) ရဲ့ ညတစ်ညမှာ ရေးဖြစ်ခဲ့တာပါ။

ကျွန်တော်တို့ တီးဝိုင်းရဲ့ (အမေရိကန်) Lazy Club USA 2009 Tour အတွက် ၂ လကြာ ခရီးထွက်ခဲ့ရာမှာ ပထမဆုံးဆန္ဒက ဒီခရီးအကြောင်း အသေးစိတ်ဓာတ်ပုံတွေ၊ သိမှတ်စရာတွေ၊ အမေရိကန်က မြန်မာလူမျိုးတွေရဲ့ Life တွေ၊ အနုပညာအကြောင်းတွေ မှတ်သားစရာ အစုံအလင်နဲ့ 'အမေရိက အနုပညာဒိုင်ယာရီ' ဆိုပြီး စာအုပ်တစ်အုပ် ရေးဖို့က ပထမဖြစ်ပြီး ဒုတိယဆန္ဒက ရောက်လေရာ မြို့တွေမှာ အမှတ်တရ ဆောင်းပါးလေးတွေ ရေးချင်တဲ့ ဆန္ဒက ဒုတိယပါ။

အခုတော့ ပထမဆန္ဒလည်း အကောင်အထည်ဖော်ဖြစ်အောင် ဓာတ်ပုံရိုက်၊ အသံဖိုင်နဲ့ မှတ်တမ်းတင်၊ နေ့စဉ် ဒိုင်ယာရီရေးနေလို့ အချက်အလက်တွေလည်း အတော်စုံနေပြီ ဖြစ်သလို ဒုတိယဆန္ဒအတိုင်း ၁၃-၈-၂၀၀၉ ရန်ကုန်က ထွက်ကတည်းက စာရေးဖို့ ကြိုးစားခဲ့တာ တကယ်တမ်း အမေရိကန်ရောက်တော့လည်း ၁၄-၈-၂၀၀၉ ညပိုင်းကြီးပဲ ဖြစ်ခဲ့တာမို့ ကိုယ့်ဘဝမှာ ရက်တစ်ရက် ပျောက်သွားပြီး နှစ်ရက်ကို ၁ ရက် ပေါင်းပြီး နေလိုက်ရပါတော့တယ်။

mgyoe.com

SAMPLE BOOK

အခုလည်း စာရေးချိန်က L.A ရဲ့ ည ၁ နာရီ ၂၇ မိနစ် ဖြစ်ပေမယ့် ရန်ကုန်မှာ နေ့လယ် ၂ နာရီ ၅၇ မိနစ်ဆိုတော့ ရန်ကုန်ကို လွမ်းပြီး မနက်ဖြန် စတိတ်ရှိုး ပထမဆုံးပွဲ မတိုးခင် မအိပ်ရမယ့်အတူတူ L.A ညဆိုတဲ့ ရန်ကုန် အလွမ်းပြေ ဆောင်းပါးလေးနဲ့ အခုမှစပြီး သတိတရ ရေးရပါတော့တယ်။

ဒီတစ်ပတ် ရေးချင်တဲ့ ကိစ္စလေးက L.A ရဲ့ ညမှာ ရေးခဲ့လို့သာ 'L.A က သူငယ်ချင်း'လို့ အမည်ပေးလိုက်ပေမယ့် တကယ်ဖြစ်ခဲ့တဲ့ ကိစ္စလေးက ရန်ကုန်က ကိစ္စလေးမို့ ခေါင်းစဉ်နဲ့ အဖြစ်အပျက် မလိုက်ဖက်ခဲ့ရင် ခွင့်လွှတ်စေချင်ပါတယ်။ ကျွန်တော် L.A ရောက်ပြီး ၄ ရက်မြောက်နေ့မှာ အမေရိကန်မှာ ရောက်နေတာကြာပြီ ဖြစ်တဲ့ သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်လာပါတယ်။ သူက L.A မှာ နာမည်ကြီး ဆူရှီ ဂျပန်အစားအစာ ရောင်းတဲ့ ကုမ္ပဏီမှာ ကြီးကြပ်သူအဆင့် ဖြစ်နေပါပြီ။ ပုဇွန်တောင် ၄ ကျောင်းမှာ ၁၀ တန်းအောင်တဲ့အထိ အတူတူ တက်ခဲ့ကြပြီးမှ သဘောလိုက်၊ မိန်းမယူပြီးမှ အမေရိကကို ထွက်ခွာပြီး အခုလို အလုပ်အကိုင် အတည်တကျဖြစ်၊ မိန်းမနဲ့ အတူတူ အလုပ်လုပ်ရင်း ကျွန်တော် ရောက်နေတယ် သတင်းရတာနဲ့ ပွဲစီစဉ်သူ မသီတာကို မေးမြန်းပြီး ဆက်သွယ်လာသူပါ။ ဒါကြောင့် သူနဲ့ သူ့ဇနီးရယ်၊ ကျွန်တော့်ရဲ့ ကျောင်းနေဖက် သူငယ်ချင်း မိသားစုရယ် အားလုံးဆုံပြီး ညပိုင်း ကမ္ဘာ့ရုပ်ရှင်လောကရဲ့ ဘူမိနက်သန် ဟောလိဝုဒ်ကို လိုက်ပို့ကြပါတော့တယ်။ သူနဲ့ ကျွန်တော်လည်း တွေ့တာနဲ့ ငယ်ငယ်က ကျောင်းမှာ၊ ကျူရှင်မှာ သောင်းကျန်းခဲ့ကြတာတွေ ပြန်ပြောကြရင်း အမြန်မောင်းတဲ့ လမ်းပေါ်မှာ ဘယ်လို ဟောလိဝုဒ် ရောက်သွားသလဲတောင် မသိခဲ့ရပါဘူး။ သူတို့က ကျွန်တော့်ကို အထင်ကရ နေရာတွေ၊ အော်စကာပေးတဲ့ ခန်းမတွေ၊ ကမ္ဘာကျော် ရုပ်ရှင်မင်းသား၊ မင်းသမီး ဒါရိုက်တာတွေရဲ့ လက်ရာ၊ ခြေရာတွေ ပုံတူရုပ်တုတွေ၊ လူတွေက ဇာတ်ဝင်ခန်းတွေထဲက အဝတ်အစားတွေ ဝတ်ပြီး အရိုက်ခံ (သူတို့ကိုတော့ ဒေါ်လာ ပေးရပါတယ်) တာတွေ လိုက်ပြပြီး ကျွန်တော့်ကို သူ့အိမ်ခေါ်ပြီး မုန့်ဟင်းခါးကျွေး၊ အအေးတိုက်နဲ့ ကျွန်တော် အတူတူ ဆင်နွှဲခဲ့ရတဲ့ ငယ်စဉ်က ဆိုးပေ သောင်းကျန်းခဲ့တာလေးကို သတိရလာပါတော့တယ်။

ကျွန်တော်နဲ့ လူကြီးအရွယ် ရောက်မှ ပေါင်းသင်းခဲ့တဲ့ သူငယ်ချင်းတွေကို ကျွန်တော်က ပြဿနာတွေနဲ့ ကြုံတိုင်းသူတို့ကို ရန်မဖြစ်ဖို့ တရားချလေ့ရှိတော့ ကျွန်တော့်ရဲ့ သည်းခံမှုနဲ့ လက်တုံ့မပြန်မှုတွေကို အားမလိုအားမရဖြစ်ပြီး 'ကိုနိုင်ဇော်က သည်းခံပေမယ့် ကျွန်တော်တို့ကတော့ သည်းမခံနိုင်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ထိုးမယ်၊ ချမယ်' လို့ ပြန်ပြောကြတိုင်း ကျွန်တော်က စိတ်ထဲမှာ အမြဲတမ်း ဒီကိစ္စမျိုးလေးကို သတိရမိပြီး ကျိတ်ရယ်နေမိပါတယ်။ တကယ်တော့ သူတို့ ပြောသလို ကျွန်တော်က လိမ္မာသူ မဟုတ်ခဲ့ပါဘူး။ ဆိုးရတာ ဝသွားလို့ လိမ္မာသွားတာပါလို့ပဲ (ဒီကိစ္စလေးနဲ့) ပြောလိုက်ချင်ပါတော့တယ်။ ငယ်ငယ်က အဖြစ်လေးပါ။

အဲဒီပြဿနာ ဖြစ်ခဲ့ရတဲ့ နေရာက ကျွန်တော် တက်ခဲ့ရတဲ့ ကျောင်း အ.ထ.က (၄) ပုဇွန်တောင်မှာပါ။ ကျွန်တော်နဲ့ အဆင်မပြေ ဖြစ်ခဲ့ရတဲ့ ကျောင်းသား တစ်ယောက်က စာသင်ချိန်ပြီး မုန့်စားဆင်းချိန်မှာ ကျွန်တော့်ကို ပြဿနာရှာပြီး လက်သီးနဲ့ စထိုးပါတယ်။ ကျွန်တော်လည်း မထင်မှတ်ဘဲ မျက်နှာကို အထိုးခံ လိုက်ရလို့ ပူထူသွားပြီး ပြန်လိုက်ထိုးချိန်မှာ အဲဒီကျောင်းသားက ထွက်ပြေးပါ တော့တယ်။ ကျွန်တော်လည်း စိတ်ဆိုးပြီး သူ့နောက်ကို အတင်းလိုက်၊ အဲဒီ ကျောင်းသားက ထွက်ပြေး။ နောက်ဆုံးမှာ စာသင်တဲ့ သင်ပုန်းကြီးအောက်က ခံထားတဲ့ အုတ်ခဲကို ဆွဲယူပြီး သူ့ကို လှမ်းပစ်လိုက်ပါတယ်။ သူလည်း လန့်ဖျပ် ပြီး ကျွန်တော် တကယ်လုပ်မယ် မထင်လို့ ရှောင်လိုက်ရာက သူ့ရဲ့ ခေါင်းဘေး က နံရံကို သွားထိမိပြီး ကံကောင်းထောက်မစွာ မကျိုးမပဲ့ခဲ့ဘဲ သူငယ်ချင်း တွေရဲ့ ဖျန်ဖြေမှုနဲ့ အတိုင်းပိုင်ဆရာမ သိသွားလို့ နှစ်ယောက်လုံး အရိုက်ခံခဲ့ရပါ တယ်။ ကျွန်တော်လည်း မကျေနပ်နိုင် ဖြစ်ခဲ့ရပါတယ်။ တကယ်ဆို ကိုယ်လည်း အထိုးခံရသေး၊ အရိုက်လည်း ခံရသေး၊ ကိုယ် ပစ်လိုက်တဲ့ အုတ်ခဲကလည်း သူ့ကို မထိဘဲနဲ့။ ဒါကြောင့် အဲဒီကျောင်းသားကို သူ တက်နေတဲ့ ကျူရှင်ရှိရာ ၃၈ လမ်းမှာ စောင့်ပြီး လက်စားချေမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ရန်ဖြစ်တာ က မကောင်းမှန်း ကိုယ်သိပေမယ့် လက်စားချေမှ ကျေနပ်မယ်ဆိုတဲ့ မကောင်း တဲ့စိတ်က ကြီးစိုးနေလို့ ၃၈ လမ်းကို ကိုယ်တစ်ယောက်တည်း သွားစောင့်ပါ တော့တယ်။ တစ်ယောက်တည်း သွားချမယ် ဆိုပေမယ့် ကိုယ့်ဘက်က ခြေစောင့် လက်စောင့် သူ့ဘက်က ဘော်ဒါတွေပါ ဝင်ချရင် ကူညီပေးဖို့ သူငယ်ချင်း တစ်ယောက်ကို ကိုယ်နဲ့ လိုက်ခဲ့ဖို့ ခေါ်ရပါတော့တယ်။ အဲဒီမှာ ကျွန်တော့် သူငယ်ချင်းရဲ့ အကူအညီက ပါလာပါတော့တယ်။ သူကလည်း ခေသူ မဟုတ်ဘဲ ရန်ဖြစ်ဖူးတဲ့ ခြေစ လက်စ ရှိသူမို့ အဖော်ပါလာပါတယ်။ တကယ် လည်း သူ့ကျူရှင်လွှတ်တဲ့အချိန်က မနက် ၁၁ နာရီလောက်မှာ ကျောင်းသား တွေ ကျူရှင်လှေကားက ဆင်းလာကြပါပြီ။ ကျွန်တော် စောင့်နေတဲ့ ကျောင်းသား လည်း ကျွန်တော့်ကို မတွေ့ဘဲ သူ့သူငယ်ချင်းတွေနဲ့ စကြ၊ နောက်ကြရင်း

mgyoe.com

mgyee.com SAMPLE BOOK

လမ်းမပေါ် ရောက်ချိန်မှာ ကျွန်တော်နဲ့ အဖော်လိုက်လာတဲ့ သူငယ်ချင်းကို လက်ဟာန် ခြေဟာန်နဲ့ စောင့်နေဖို့ အချက်ပြပြီး ကျူရှင် ဆင်းလာတဲ့ ကျောင်းသား နောက်ကျောဘက်ကို ပြေးထိုးလိုက်ပါတယ်။ သူလည်း ဇက်ပိုး အတီးခံရလို့ လန့်ဖျပ်ပြီး ကျွန်တော် လက်စားချေလိုက်မှန်း သိချိန်မှာ သူ့သူငယ်ချင်းတွေ အားလုံးလည်း ကျွန်တော့်ကို ဝိုင်းလိုက်ကြပါတော့တယ်။ မထင်မှတ်တဲ့ သူငယ်ချင်း အင်အားက အရမ်းများနေလို့ ဘယ်လိုမှ မယှဉ်နိုင်တော့ဘဲ ၃၈ လမ်း အထက် လမ်းအတိုင်း အမြန်ဆုံး သုတ်ခြေတင် ထွက်ပြေးရပါတော့တယ်။ နောက်က လည်း သူတို့အားလုံးက ဝိုင်းလိုက်ကြတာပေါ့။ ကျွန်တော့်အဖော် သူငယ်ချင်းလည်း လူချင်း မမျှလို့ ဝင်မပါခဲ့ပါဘူး။ ဘယ်ရောက်သွားမှန်းတောင် မသိလိုက်ရဘဲ ကျွန်တော်လည်း ပြေးလို့ မလွတ်တော့ချိန်မှာ တွေ့ရာ အိမ်တစ်အိမ်ရဲ့ ဧည့်ခန်းထဲ ဝင်ပြေး၊ ကျွန်တော့်ကို လူအုပ်လိုက်ကြီး ဝိုင်းလိုက်ကြလို့ ဝှက်ထားပေးပါလို့ အသနားခံရပါတော့တယ်။ အဲဒီအိမ်ထဲက သိုင်းပညာ ကျွမ်းကျင်သူပုံစံ ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်း အစ်ကိုကြီးတစ်ယောက်က ကျွန်တော့်ကို သနားပြီး ဝှက်ထားပေးပါတယ်။

အပြင်ဘက်က ဝိုင်းအုံပြီး ကျွန်တော့်ကို အပြင်ထုတ်ပေးဖို့ တောင်းဆို နေတဲ့ ကျောင်းသားတွေကို ကျွန်တော် မရှိတော့ဘူးဆိုပြီး နောက်ဖေးလမ်းကြား က ထွက်သွားပြီလို့ အစ်ကိုကြီးက လိမ်ညာပေးခဲ့လို့ လက်တုံ့ပြန်ချင်နေတဲ့ ကျောင်းသားတွေလည်း မကျေမနပ်နဲ့ နောက်ဖေးလမ်းကြားဘက်ကို လိုက်ကြပါ တယ်။ ကျွန်တော်လည်း နာရီဝက်လောက် ပုန်းနေခဲ့ရပြီး အားလုံး အန္တရာယ် ကင်းပြီဆိုတော့မှ အဲဒီအစ်ကိုကြီးကိုယ်တိုင် ကျွန်တော် အန္တရာယ်မရှိမယ့်နေရာ ရောက်တဲ့အထိ လိုက်ပို့ပါတော့တယ်။ သူ့ကိုလည်း ရှိခိုးပြီး ကန်တော့ခဲ့ရပါတော့ တယ်။ တကယ်လို့ သူသာ မကယ်ခဲ့ရင် ကျွန်တော် အဲဒီအခြေအနေမှာ ဆေးရုံ တက်ရတော့မှာ သေချာပါတယ်။ သူများကိုသာ သွားပြီး လက်တုံ့ပြန်ချင်ပေ မယ့် ကိုယ့်ဘက်က သူငယ်ချင်းတစ်ဦးပဲ ခေါ်သွားမိတဲ့ အပြစ်ကြောင့် ကိုယ့် သူငယ်ချင်းလည်း ထွက်ပြေးသွားလို့ ကျွန်တော့်ရဲ့ မှားယွင်းတဲ့ ဗျူဟာအတွက် အဲဒီသူငယ်ချင်းကိုလည်း အပြစ်မတင်သင့်ပါဘူး။ အခု L.A မှာ ကျွန်တော် ရောက်တော့ ကျွန်တော့်ကို လိုလေသေးမရှိအောင် ဟောလီဝုဒ် လိုက်ပို့ပေး၊ ဧည့်ခံကျွေးမွေးခဲ့တဲ့ သူ့ကို ကျွန်တော့်မှာ အခုလို စာတစ်တန်၊ ပေတစ်တန် မှတ်တမ်းတင်မှ ဖြစ်တော့မှာပါ။

သူ့နာမည်ကတော့ သက်ထွန်းလို့ ခေါ်ပါတယ်။ ကျွန်တော် ငယ်စဉ် က ရန်ဖြစ်ခဲ့၊ ထွက်ပြေးခဲ့ရချိန်မှာ သူက ကျွန်တော့်ဘက်က ဝင်ကူညီဖို့ ပါခဲ့သူ

mgyee.com

တစ်ယောက် မဟုတ်ခဲ့ပါဘူး။ သူ့ကို ကျွန်တော်က အုတ်ခဲနဲ့ ပစ်ခဲ့၊ ကျူရှင်ဆင်း ချိန်မှာ သွားရန်ဖြစ်ခဲ့တဲ့သူဆိုရင် မအံ့သြကြပါနဲ့။ အဲဒီလို ရန်ဖြစ်ခဲ့ပြီးမှ နောက် တစ်နေ့ ကျောင်းမှာ ပြန်တွေ့၊ ညှိနှိုင်းပြီး ထပ်ရန်မဖြစ်ကြဖို့ နှစ်ဦး သဘောတူ ကြရင်း ဆယ်တန်းမှာ ကျူရှင်အတူတက်၊ မခွဲနိုင်မခွာရက် လက်ဖက်ရည်ဆိုင် ထိုင်ကြရင်း ပျော်ရွှင်စွာ ၁၀ တန်း အတူတူအောင်ခဲ့ကြသူမို့ အခုအချိန်မှာတော့ ငယ်ငယ်က ရန်ဖြစ်ခဲ့တဲ့ ကိစ္စကို စကားတောင် လုံးလုံးမဟခဲ့ရဘဲ မသိချင် ယောင်ဆောင်၊ မျက်နှာပူပူနဲ့ မေ့ထားခဲ့ရပါတော့တယ်။

တကယ်တမ်း ၂၂–၈–၀၉ လော့စ်အိန်ဂျလိစ်မြို့ (ကာပင်တာစင်တာ) ဇာတ်ရုံမှာ ကျွန်တော်တို့ စတိတ်ရှိုး တီးစဉ် ဇာတ်ခုံ စင်မြင့်ပေါ်ကို သပ်သပ်ရပ်ရပ် ဝတ်စုံနဲ့ တက်လာပြီး ကျွန်တော့်ကို ဆုငွေစာအိတ်လေး ကိုင်ပြီး တက်ပေးခဲ့တဲ့ ငယ်ငယ်က ကျွန်တော် ဆိုးခဲ့သမျှ၊ သူ့အပေါ် မကျေနပ်စိတ်နဲ့ တုံ့ပြန်ခဲ့သမျှ အရောင်အသွေးအထင်း လုံးဝမရှိတဲ့ ခံစားမှုနဲ့ ရန်ကုန်က သူငယ်ချင်း ကျွန်တော့် ကို ဂုဏ်ယူစွာ အားပေးခဲ့တဲ့ သူငယ်ချင်းရဲ့ စိတ်နေသဘောထားကို အရမ်း ကျေနပ်မိတာကြောင့် မျက်ရည်ဝဲခဲ့ရပြီး ငယ်စဉ်ဘဝလေးတွေကို စင်မြင့်ပေါ် မှာ ဂစ်တာတီးနေရင်း ပြန်မြင်ယောင်နေမိပါတော့တယ်။

ကျွန်တော့်ရဲ့ ဆိုးသွမ်းမှုကို ဒီစာလေး ဖတ်မိရင်လည်း အဝေး တစ်နေရာ ကနေ ခွင့်လွှတ်နိုင်ပါစေလို့ သူငယ်ချင်းကိုလည်း စိတ်ထဲက တွေးနေမိပါတော့ တယ်။ ငယ်ငယ်က ဖတ်ခဲ့ဖူးတဲ့ စကားပုံလေးတစ်ခုက 'မိတ်ဆွေတစ်ထောင် ရှိနေပါသလား။ နည်းသေးသည်၊ ရန်သူတစ်ယောက် ရှိနေပါသလား၊ များလွန်း သည်' တဲ့။ ကျွန်တော့်အတွက်တော့ မိတ်ဆွေတစ်ထောင် ဖြစ်ခဲ့ရပြီမို့ ငယ်ရွယ် စဉ် ကာလက ရှုးမိုက်ခဲ့မိတာတွေကိုပဲ တွေးမိတိုင်း ရှက်နေမိပါတော့တယ်။ တကယ်တော့ လောကကြီးမှာ ရန်သူကနေ မိတ်ဆွေဖြစ်ခဲ့သူကို မိတ်ဆွေရိုးရိုး ထက် ပိုပြီး ခင်မင်တတ်၊ ခင်တွယ်တတ်၊ အမှတ်ရတတ်ပါတယ်။

*(ဒီစာစုလေးကို L.A မှာ စရေးခဲ့ပေမယ့် အဆုံးမသတ်နိုင်ခဲ့ပါဘူး။ အခုမှ ဟူစတန်မြို့ကို Continental (အမေရိကန်ပြည်တွင်း) လေကြောင်းလိုင်း နဲ့ အသွား ၅ နာရီကြာခရီးမှာ တိမ်တွေကို လေယာဉ် ပြတင်းပေါက်က ငေးကြည့်ရင်း ဘာမှ လုပ်စရာ မရှိတဲ့အချိန် စာရေးမယ် ဆုံးဖြတ်ပြီး အဆုံး သတ်ခဲ့နိုင်ပါတော့တယ်။)*

□

mgyoe.com

mgyoe.com SAMPLE BOOK

# ကမ္ဘာကျော်တွေရဲ့ည

ကျွန်တော့်ရဲ့ L.A သူငယ်ချင်းနဲ့ ငယ်ငယ်က ရန်ဖြစ်ဖူးခဲ့ကြတာ မှန်ပေမယ့် အခုတော့ ငယ်ငယ်က အကြောင်းတွေ စကားပြောလို့ မကုန်နိုင်အောင် သူက ကားမောင်း၊ ကျွန်တော်က ဘေးက ထိုင်ရင်း ပြော။ သူ့ဇနီးက နောက်ကနေ နားထောင်။ သွားရမယ့်လမ်းတွေကို ရှေ့ကားနဲ့ နောက်ကား နှစ်စီးလုံး Phone နဲ့ ဆက်ပြောရင်း ဟောလိဝုဒ်ကို ဒုတိယအကြိမ် ပြန်ရောက်ခဲ့ရပါတော့တယ်။ တကယ်တော့ ညပိုင်းမှပဲ လမ်းတွေမှာ ဆင်ထားတဲ့ မီးအလှ၊ အဆောက်အဦတွေရဲ့ မီးအလှ၊ နီယွန်မီးဘုတ်ကြီးတွေရဲ့ အလှနဲ့ သန့်ရှင်းတောက်ပြောင်တဲ့ ဟောလိဝုဒ်ရဲ့ ညက နေ့လယ်က မြင်ခဲ့ဖူးတဲ့ ခြောက်ကပ်ကပ်ပုံစံ မဟုတ်တော့ဘဲ အသက်ဝင်နေပါပြီ။ လမ်းမီးကြီးတွေပေါ်မှာလည်း လူသွားလူလာတွေ၊ ကမ္ဘာလှည့် ခရီးသည်တွေ၊ ဓာတ်ပုံရိုက်သူတွေ ရှုပ်ယှက်ခတ်နေပါတော့တယ်။ ဟောလိဝုဒ်ရဲ့ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေထဲမှာတော့ ကမ္ဘာကျော် ရုပ်ရှင်ကားတွေရဲ့ နာမည်နဲ့ ထုတ်တဲ့ တီရှပ်တွေ၊ မင်းသား မင်းသမီးရုပ်ပုံ အင်္ကျီတွေ၊ အမှတ်တရလက်ဆောင် အော်စကာရုပ်တု အသေးလေးတွေ၊ သော့ချိတ်တွေ စသဖြင့် စုံနေအောင် တစ်ဆိုင်လုံး ပြည့်နေသလို ဟောလိဝုဒ် ရောက်ခဲ့ကြောင်း အမှတ်တရလက်ဆောင် ပေးချင်သူတွေအတွက်လည်း ဟောလိဝုဒ် နာမည်နဲ့ တီရှပ်တွေ တစ်ထည် ၁၀ ဒေါ်လာလောက် (ဈေးပေါတာနော်)

mgyoe.com

mgyoe.com SAMPLE BOOK


ရောင်းနေတာ တွေ့ရပါတယ်။ ကျွန်တော့် သူငယ်ချင်း သက်ထွန်း လင်မယားနဲ့ နောက်ကကားနဲ့ လိုက်လာတဲ့ ကိုမျိုးတို့ လင်မယား၊ ကလေး နှစ်ယောက် ဟောလိဝုဒ်ရဲ့ ကားရပ်စရာ နေရာအတွက် အထင်ကရ ကြယ်ပွင့်တွေရဲ့ လက်မှတ်တွေ၊ လက်ရာတွေ၊ လမ်းမှာ ခင်းထားတဲ့ ပလက်ဖောင်းတွေရှိရာ ဟိုတယ်တစ်ခုရဲ့ အောက်၊ ကားပါကင်မှာ ဝင်ရပ်ဖို့ ရှာဖွေချိန်၊ ကားတစ်ခါရပ် ဒေါ်လာဘယ်လောက်ဆိုပြီး ဆိုင်းဘုတ်နဲ့ ကြိုနေတဲ့ ဝန်ထမ်းတွေရဲ့ ဟိုတယ် အောက်ထဲ ကားဝင်ရပ်ပြီး အပေါ်တက်၊ ဟောလိဝုဒ်ရဲ့ ညရှုခင်းကို ကြည့်ဖို့ ထွက်ခဲ့ကြပါတော့တယ်။ အဲဒီဟိုတယ်ကြီးနဲ့ အနီးဆုံး လမ်းမကြီးပေါ်မှာတော့ (အဲဒီလမ်းမကြီးက အထင်ကရ မိန်းလမ်းကြီးပါ) Madame Tussauds (မဒမ်တူးဆော့) ဖယောင်းရုပ်ပြတိုက် (မူရင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ကပါ။ ကျွန်တော် အင်္ဂလန်ခရီးမှာ ဝင်ကြည့်ဖူးပါတယ်)။ အဲဒီ မဒမ်တူးဆော့ပြတိုက်ရဲ့ L.A (ဟောလိဝုဒ်) မှာ ထပ်ဖွင့်ထားတဲ့ ပြတိုက်ကြော်ငြာရှေ့မှာ ဓာတ်ပုံဝင်ရိုက်ခဲ့ပါတယ်။ အဲဒီပြတိုက်က လူသိပ်မဝင်ကြလို့ ထင်ပါရဲ့။ ကမ္ဘာကျော်မင်းသမီး ‘မာရီလင်မွန်ရိုး’ ထိုင်နေတဲ့ ဖယောင်းရုပ်တုကို ရှေ့မှာချပြီး လူခေါ်ထားပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေကတော့ အထဲ မဝင်နိုင်သူတွေ အပြင်မှာ အလကားရိုက်လို့ရတဲ့ မင်းသမီးနဲ့ ဖက်ပြီး ဓာတ်ပုံရိုက်ကြပါတယ်။ ကျွန်တော်တောင် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ပါသေးတယ်။ အဲဒီနောက် Rap(Hip Hop) အဆိုရှင် ကမ္ဘာကျော် စနူးဒေါ့နဲ့လည်း တွဲရိုက်ဖြစ်ခဲ့ပါတယ်။ ဖယောင်းရုပ်နော်… လူအစစ် ထင်မနေကြနဲ့။ အဲဒီလမ်းမကြီးက မီးတွေ ထိန်လင်းနေပြီး ပလက်ဖောင်းတွေကလည်း ဖိတ်ဖိတ်တောက်အောင် ကြွေပြားတွေ ခင်းထား၊ ကျောက်ပြားအချောတွေ ခင်းထားပြီး ပလက်ဖောင်း အကျယ်ကြီးတွေရဲ့ အလယ်မှာ အနီရောင်



စနူးဒေါ့(ဟစ်ဟော့အဆိုတော် ဖယောင်းရုပ်တု) နှင့် အမှတ်တရ

mgyoe.com

mgyobe.com SAMPLE BOOK


ကျွန်တော်နဲ့ *Walk of Fame*
(အောင်မြင်မှုကြယ်ပွင့်များ)


*L.A* မြို့ခံ သူငယ်ချင်းများနှင့်
ဟောလီဝုဒ်၌ အမှတ်တရ

စည်းနှစ်ခု တားထားသလို ကြွေပြား ခင်းထားပြီး အလယ်မှာ ကြယ်ပွင့် အကြီးကြီးတွေ ကြွေပြားနဲ့ မြှုပ်ထားပါတယ်။ ကမ္ဘာကျော် အနုပညာရှင်တွေရဲ့ နာမည်တွေ၊ အထိမ်းအမှတ် လက်မှတ် နာမည်ရေးထိုးပေးထားလို့ (အဲဒီလမ်းမှာ ကမ္ဘာကျော်· ရုပ်ရှင်မင်းသား မင်းသမီး) ဒါရိုက်တာ၊ အဆိုတော်တွေ ကိုယ်တိုင်လာပြီး သူတို့နာမည်ပါတဲ့ ကြွေပြားကို သူတို့ကိုယ်တိုင် ဖွင့်လှစ်ပေးတယ်လို့ ဖတ်ခဲ့ဖူးတာကြောင့် အခုတော့ နမူးတွေ့ ဒူးတွေ့ ဓာတ်ပုံရိုက် ရပါတော့တယ်။ ကျွန်တော်တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေအောင် အလုပ်ရှုပ်၊ ဓာတ်ပုံရိုက်နေတာကို သူငယ်ချင်းနှစ်ယောက်နဲ့ ဇနီး မိသားစုတွေက သဘောကျနေပါတယ်။ အခုညမှ ကျွန်တော့်အတွက် တကယ့်ကို ဟောလီဝုဒ် ရောက်ရတာ။

အမေရိကရဲ့ အထင်ကရနေရာ ပထမဦးဆုံးဖြစ်နေလို့ ဝမ်းသာလုံး ဆို့နေမိတာပါ။ ကျွန်တော်နဲ့ အတူတူလာကြတဲ့ အခြား အနုပညာရှင် သူငယ်ချင်းတွေကတော့… အခုလို ဟောလီဝုဒ်၌ မရောက်သေးချိန် ကျွန်တော်က စာရေးဖို့အတွက် အပင်ပန်းခံပြီး လိုက်ပို့ကြတဲ့ သူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်စကား ထပ်ခါတလဲလဲ ပြောမိနေပါတယ်။ ရာသီဥတုကလည်း ရန်ကုန်လိုပဲ ဖြစ်နေလို့ တီရှပ်နဲ့ ဂျင်းဘောင်းဘီနဲ့ ပုံမှန်အတိုင်းပဲ ဝတ်မိတဲ့ ကိုယ့်အခြေအနေကို ဘေးကလူတွေ ကဲ့ရဲ့မလားလို့ သတိထားကြည့်မိတော့ ဘေးကလူတွေလည်း သူလို ကိုယ်လိုပဲ

mgyoe.com


မိုက်ကယ်ဂျက်ဆင် အထိမ်းအမှတ် ကြယ်ပွင့်နှင့်

ဝတ်နေကြတာကြောင့် စိတ်သက်သာရာ ရမိပါတော့တယ်။ အဲဒီလမ်းပေါ်က ကြယ်ပွင့်တွေမှာ သာမန်လိုပဲ ဓာတ်ပုံရိုက်သူ တစ်ယောက်စ နှစ်ယောက်စ ရှိပေမယ့် လမ်းတစ်နေရာ ပလက်ဖောင်းပေါ်က နေရာကွက်ကွက်လေးမှာ လူတွေ ဝိုင်းအုံပြီး ကြည့်နေတာကြောင့် ဘာဖြစ်မလဲလို့ (ရန်ကုန်က မျက်လှည့်ဝိုင်းလို) တိုးဝှေ့ကြည့်မိတော့ လူတစ်ယောက်မှ ပလက်ဖောင်းပေါ်မှာ မျက်လှည့်ပြနေတာ မဟုတ်ဘဲ မကြာသေးမီကမှ ကွယ်လွန်သွားတဲ့ ကမ္ဘာကျော် အဲဆိုတော်ကြီး မိုက်ကယ်ဂျက်ဆင်ရဲ့ ကြယ်ပွင့်နေရာ ဖြစ်နေပါတယ်။ အဲဒီကြယ်ပွင့်ကို လူတွေ ဝိုင်းအုံပြီး အလုအယက် ဓာတ်ပုံရိုက်နေကြတာကြောင့် ကျွန်တော်လည်း အမှတ်တရ ဝင်ထိုင် (လူတွေ ကြားမှာနော်) အရှက်မရှိဘဲ ခပ်တည်တည်နဲ့ ဓာတ်ပုံဝင်ရိုက်ခံခဲ့ပါတယ်။ ကျွန်တော့်လိုပဲ ဂျပန်မတွေ၊ အာရှတိုက်သားတွေ၊ လူဖြူတွေ ဓာတ်ပုံရိုက်နေချိန် လူမည်းမ တစ်ယောက်ကတော့ မပြောမဆို ထငိုပါတော့တယ်။ တကယ့်ကို မိုက်ကယ်ဂျက်ဆင် သူ့အနားမှာ ကွယ်လွန်သွားသလို ငိုနေတာကြောင့် အနုပညာရှင်


အောင်မြင်သူ ကမ္ဘာကျော်အနုပညာရှင်များ၏ လက်ဗွေများနှင့် ဟောလီဝုဒ်တွင်

mgyoe.com

mgyae.com

SAMPLE BOOK


တွေရဲ့ မှော်က ဆွေမတော် မျိုးမတော်တွေတောင် မျက်ရည်ကျအောင် ဖမ်းစားနိုင်တယ်လို့ ထင်မိလိုက်ပါတယ်။

အဲဒီနောက် လမ်းဆက်လျှောက်တော့ မာရီလင်မွန်ရိုးအစစ်ကို ရုတ်တရက်ဘွားခနဲ လမ်းပေါ်မှာ တွေ့လိုက်ရပါတော့တယ်။ သူ့ကိုယ်သူ ရေချိုးခန်းထဲမှာ သတ်သေခဲ့တယ်လို့ သိရတဲ့ ကမ္ဘာကျော်မင်းသမီး အခုမှ သရဲ လာခြောက်တာလား မထင်လိုက်ပါနဲ့။ သူနဲ့တူတဲ့ မိန်းကလေးက သူ့လို ဆံပင်၊ ဝတ်စုံဝတ်ပြီး အလှပြနေတာပါ။ သူနဲ့ တွဲပြီး ဓာတ်ပုံရိုက်ချင်သူတွေ ပိုက်ဆံ ၂ ဒေါ်လာလောက် ပေးရတယ် ဆိုပြီး သိရတာကြောင့် သူငယ်ချင်းတွေက အမှတ်တရရိုက်ပါလို့ ဝိုင်းတိုက်တွန်းပြီး ပိုက်ဆံပေးကြပေမယ့် သူများနဲ့ တွဲရိုက်နေချိန်ပဲ အမှတ်တရ မှတ်တမ်းတင်ရိုက်ခဲ့ပါတယ်။ အဲဒီလူအုပ်စုထဲက ထွက်လိုက်ပြီးတာနဲ့ ဆက်လျှောက်သွားတော့ ကမ္ဘာကျော် ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာတွေရဲ့ ခြေရာ လက်ရာတွေ နေရာရောက်လို့ ရုပ်ရှင်ဒါရိုက်တာ မင်းသား၊ မိုက်ကယ်ကိန်း၊ ရှောင်ကွန်နရီ၊ ဂျော်နီဒီ(ပ်)၊ မိုက်ကယ်ဒေါက်ကလပ်(စ်)တို့အပြင် ကမ္ဘာကျော် လူမည်းသရုပ်ဆောင် ဆင်မြူရယ်



ကမ္ဘာကျော်မင်းသားကြီး ဆင်မြူရယ်ဂျက်ဆင်
(ရုပ်တုနှင့် အမှတ်တရ)

ဂျက်ဆင် ဖယောင်းရုပ်တုနဲ့ ဓာတ်ပုံရိုက်ခဲ့ရပါတယ်။ အဲဒီနောက် ဆက်ပြီးလမ်းလျှောက်ခဲ့ရင်း အနော်ရထာလမ်းဘေးက အရောင်းဈေးသည်တွေလို မိုက်ကယ်ဂျက်ဆင် အင်္ကျီ၊ တီရှပ်၊ ဦးထုပ်တွေ ရောင်းနေတဲ့ ဈေးသည်တွေကိုလည်း တွေ့ရပါသေးတယ်။ အဲဒီလမ်းတစ်လျှောက် ကမ္ဘာကျော် သရုပ်ဆောင်တွေနဲ့ ရုပ်ချင်းဆင်တူသူတွေက အဲဒီလို ဝတ်စုံတွေဝတ်ပြီး ဟန်ရေးပြ၊ လူတွေက ဓာတ်ပုံတွဲရိုက်နဲ့ တကယ့်ကို ပျော်စရာညကြီး ဖြစ်နေပါတယ်။ ဒရက်ကူလာတို့၊ Bat Man တို့၊ စူပါမင်း၊ စူပါဂဲလ်၊ စတားဝါးလ်၊ Transformer စက်ရုပ် စသဖြင့် လူတွေဝင်ပြီး ဓာတ်ပုံရိုက်ခံနေတဲ့ နေရာတွေ ကျော်တာနဲ့ ကမ္ဘာကျော်

mgyae.com

mgyoe.com




အော်စကာဆုပေးရာ ဓာတ်ရုံနဲ့ အမှတ်တရ

ကိုဒက် (Kodak) ခန်းမ ရှိရာ ရောက်ခဲ့ပါတော့တယ်။ အဲဒီ Kodak ခန်းမက ဘာလို့ ကမ္ဘာကျော်လဲ ဆိုတော့ (အော်စကာဆုပေးပွဲ) ကျင်းပရာနေရာ ဖြစ်လို့ ဖြစ်ပါတယ်။ ဒါကြောင့် ကိုဒတ်ခန်းမနဲ့လည်း ဓာတ်ပုံရိုက်ခဲ့ပါတယ်။ အဲဒီ ကိုဒတ်ခန်းမကို ဖြတ်ပြီး ဆက်လျှောက်တော့ လက်ဝှေ့အားကစား အကျော်အမော် မိုဟာမက်အလီ အထိမ်းအမှတ် ကြယ်ပွင့်က နံရံမှာ ကပ်ထားတာ တွေ့ရလို့ ထုံးစံအတိုင်း အတူတူ ဓာတ်ပုံရိုက်ခဲ့ရပါတော့တယ်။ အဲဒီနောက်မှာမှ တွေ့ပါပြီ မိုက်ကယ်ဂျက်ဆင်သက်ရှိရုပ်ပါ။ သူက မိုက်ကယ်ဂျက်ဆင်နဲ့ တူပြီး အင်္ကျီနီ၊ လက်မောင်းမှာလည်း လက်ပတ်အနက်နဲ့ ကန်းထရီးဦးထုပ် အနက်ဆောင်း၊ မျက်မှန်အနက် တပ်ထားပြီး ဓာတ်ပုံအရိုက်ခံနေပါတယ်။ ကိုဒတ်ခန်းမကြီးကတော့ ပိတ်ထားလို့ ဝင်ခွင့်မရတော့တာကြောင့် ခန်းမကြီးကို ဝင်တဲ့ လှေကားပေါ်တက်၊ ဓာတ်ပုံရိုက်၊ ပြီးတာနဲ့ တစ်ဆက်တည်း ဆက်လျှောက်သွားပြီး ရှော့ပင်းမောလ်တွေ အရောင်းပြခန်းကြီးတွေ၊ အိန္ဒိယဆန်ဆန်ဆင်ရုပ်တွေ၊ တိုင်လုံးတွေ၊ ရေကန်တွေနဲ့ တန်ဆာဆင်ထားတဲ့ အထင်ကရ နေရာတွေကို ဖြတ်ခဲ့ရပါတယ်၊ ကားလမ်းတစ်ဖက်မှာတော့ ပရက်စလေ ပုံတူ၊ ရုပ်တုကြီး တွေ့တာကြောင့် အထိမ်းအမှတ် ဆိုင်ရှေ့သွားပြီး ပရက်စလေနဲ့ တွဲရိုက်ခဲ့ရပါတယ်။ အဲဒီလို အလှအပတွေ ပေါင်းစုံတဲ့ ကမ္ဘာကျော်တွေရဲ့ ညကို အမှတ်တရ ခံစားပြီးချိန်မှာတော့ ကျွန်တော်တို့ အားလုံး ကားပါကင်ရှိရာ နေရာကိုပြန်၊ ကားပေါ်တက်ကြပြီး



ပရက်စလေရုပ်တုနှင့် အမှတ်တရ

mgyoe.com  SAMPLE BOOK 

L.A မြို့ရဲ့ သူငယ်ချင်း ဖြစ်သူ နေထိုင်ရာ အိမ်ကို သွားလည်ဖို့ သူ့အိမ်မှာ ချက်ထားတဲ့ မုန့်ဟင်းခါးစား၊ ကော်ဖီသောက်ဖို့ ဖြစ်လာလို့ သူတို့နောက် ဆက်လိုက်ခဲ့ရပါတော့တယ်။ သူတို့ နေတဲ့ အိမ်လေးက လုံးချင်းတစ်ထပ်တိုက် ဆန်ဆန် အိမ်ကလေးတွေပါ။ ကယ်လီဖိုးနီးယားပြည်နယ်က လျှောင် မကြာ မကြာ လှုပ်လို့၊ ဒါမှမဟုတ် လေတိုက်လို့၊ သဘာဝဘေးအန္တရာယ်ကြောင့်လို့ ကြားမိပါတယ်။ တိုက်အမြင့်တွေ သိပ်မတွေ့ရဘဲ မြေကျယ်ကျယ်မှာ လုံးချင်း အိမ်လေးတွေ ဆင်တူနဲ့ ကားဂိုဒေါင်ကိုယ်ပိုင်နဲ့ တညီတညာတည်း တွေ့ရပါ တယ်။ သူ့အိမ်ကလည်း ကားဝင်ဖို့ အဝေးထိန်းကိရိယာနဲ့ ဖွင့်ရတဲ့ တံခါး၊ အလို အလျောက် အမှိုက်ပစ်ရင် တံခါးပွင့်တဲ့ sensor ပါတဲ့ အမှိုက်ပုံး၊ TV ၃၀ လက်မ LCD၊ ကွန်ပျူတာနဲ့ပါတွဲပြီး ကြည့်လို့ရတဲ့ အခြေအနေ၊ တကယ့် အကောင်းစား ကားနှစ်စီး စသဖြင့် အားကျစရာတွေပဲမို့ သူတို့ ကျွေးတာ စားပြီး စကားပြောကြချိန်၊ သူတို့ လင်မယားနှစ်ယောက်တည်း ရှိတဲ့အိမ်မှာ နှစ်ယောက်လုံး အလုပ်လုပ်ရကြောင်း၊ သူက နယ်လှည့်ပြီး ဆူရှီ(ဂျပန် အစား အစာ)ကုမ္ပဏီရဲ့ ကြီးကြပ်သူ အဆင့်ရှိကြောင်း တစ်ချိန်လုံး ဇနီးကို ထားခဲ့ပြီး ခရီးသွားနေရလို့ အလုပ် မလုပ်နိုင်တဲ့နေ့က အမေရိကမှာ ဒုက္ခရောက် မှာပဲ။ အားလုံး အကြွေးနဲ့ ဝယ်ထားလို့ အမေရိက၊က လူအားလုံးလိုလိုဟာ အကြွေးနဲ့ မကင်းဘဲ သူဌေး ထင်နေတာ အထင်မကြီးနဲ့လို့ သူ့ဘက်က အခြေအနေကို ရှင်းပြ ပါတယ်။ ဒီလိုသာ အလုပ်မရှိရင် ဒုက္ခပဲဆိုပေမယ့် အလုပ်က ပြုတ်ရင် အဲဒီလစာ အတိုင်း ၈ လလောက် အစိုးရက ဆက်ပေးထားတဲ့ စနစ်လည်းရှိပြီး အဲဒီစနစ် ကြောင့် အလုပ်ရှာရချိန် စားစရာ မရှိမှာ မကြောက်ရပေမယ့် အဲဒီလို ပေးနိုင် အောင် ကိုယ့်လခထဲက အစိုးရက ကြိုပြီး ငွေထုတ်ထားကြောင်း၊ အသက်ကြီး ရင် အလုပ်မလုပ်နိုင်တော့မှ တစ်ပေါင်းတစ်စည်းတည်း ပြန်ပေးကြောင်း စတဲ့ အမေရိကရဲ့ အခွန်ကောက်မှုစနစ်၊ လူတန်းစေ့ နေနိုင်ရေး၊ အလုပ်လက်မဲ့ ကာကွယ်ဖို့ ကြိုတင်ပြင်ဆင်ထားတဲ့ စနစ်တွေကို ဆွေးနွေးကြရင်း ည ၁၀း၃၀ လောက် ကျွန်တော် တည်းခိုရာ နေအိမ်ကို ပြန်လိုက်ပို့ကြရင်း နောက်ထပ် တွေ့မယ့် တနင်္ဂနွေ(အလုပ်အားရက်) ကို ချိန်းကြရပါတော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## တိုင်းရင်းသားတပ်ဖွဲ့ သို့မဟုတ် Lazy Club Band

ဒီနေ့ မနက် အိပ်ရာနိုးတော့ ကမ္ဘာကျော် စတားဘတ်ဂ်ကော်ဖီနဲ့ ဟမ်ဘာဂါတွေက ကျွန်တော့်ရဲ့ မနက်ခင်းကို စောင့်ကြိုနေကြပါတယ်။ အိပ်ရေးကတော့ ထုံးစံအတိုင်း မဝတာဝ။ အချိန် အပြောင်းအလဲကလည်း အသားမကျနဲ့။ ရန်ကုန် နေ့ခင်းကြီး၊ ညဆိုပြီး အတင်း မျက်စိမှိတ်ရတဲ့ ဒုက္ခက မသေးသလို မနက်ဆိုပြီး အိပ်ရာထချိန် ရန်ကုန် ညနက်ကြီး ဖြစ်နေတော့ အရင်ဘဝက ကြက်မွေးဘဲမွေးသူတွေအကြောင်း ကြားဖူးသလို လျှပ်စစ်မီးဖွင့်ပြီး နေ့ ည ပြောင်းသလို လုပ်ခဲ့လို့ ဒီလို ဖြစ်နေရတာလားလို့တောင် ကြံကြံဖန်ဖန် တွေးနေမိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခဏလောက် မေ့ခဲ့ရလို့ မနက်လို့ပဲ သဘောထားတော့မယ်လို့ ဆုံးဖြတ် ရေချိုးခန်းဝင်၊ အဝတ်အစားလဲ၊ ကော်ဖီသောက်၊ ဟမ်ဘာဂါက အမဲသား အရမ်းစားတဲ့ အမေရိကန်မှာ အမဲသား မစားတဲ့ ကျွန်တော့်အတွက် အသုံးမဝင်ခဲ့ပါဘူး။ သူတို့ဆီမှာ ဘာပဲစားစား အမဲက အရင်ဆုံး ပါ,ပါတယ်။ ခက်တာက ဝက်သား ကျွန်တော် စားပေမယ့် ပွဲစီစဉ်သူ မသီတာက မူဆလင်ဖြစ်နေတော့ သူ့ကို အားနာပြီး ကိုယ်က ဝက်သား မစားရဲ။ သူကလည်း (ဘာသာရေးကြောင့်) ပွဲအဆင်ပြေအောင် ဝက်သားတော့ ရှောင်ပေးပါလို့ တောင်းပန်ထားတာကြောင့် အမေရိက ခရီးစဉ်တစ်လျှောက် ကြက်သားကြော်နဲ့ ဒါမှမဟုတ် သက်သတ်လွတ်ဆန်ဆန် ချီတက်ခဲ့ရပါတယ်။ အမေရိက,က မုန့်တွေ၊ ဒိုးနပ်တို့

mgyoe.com

 SAMPLE BOOK 

လို အချိုမုန့်တွေကျတော့ မတရားချိုလွန်းလို့ ခါးနေတယ်လို့တောင် ထင်ရပါတယ်။ အဲဒီလို အချို အလွန်အကျွံ စားကြတဲ့ အမေရိကန် လူ၀ကြီးတွေရဲ့ မုန့်ကိုလည်း မစားချင်တာကြောင့် မဖြစ်မနေ စားကြရင်လည်း အပေါ်ယံက သကြားအုပ်ထားတဲ့ ကရင်မ်တွေကို ဖယ်ပြီး စားရပါတော့တယ်။ ကော်ဖီကလည်း ကမ္ဘာကျော် 'စတားဘတ်ဂ်'လို့သာ ဆိုတယ်။ အရသာက ကျဲတောက်တောက်၊ နို့ မပါ၊ မလိုင် မပါ သောက်သူတွေကြားမှာ ကျွန်တော်ကတော့ တောသားလို့ အထင်ခံရရင်လည်း ခံရပါစေ၊ မြန်မာနိုင်ငံက လက်ဖက်ရည်ဆိုင်တွေမှာ ပါဆယ်ဆွဲပြီး ငယ်ငယ်က နေမကောင်းရင် ပေါင်မုန့်နဲ့ သောက်ရတဲ့ ကော်ဖီ၊ မုန့်တွေနဲ့ မြန်မာကော်ဖီကိုပဲ စပြီး တမ်းတမိပါတော့တယ်။ ဒီလိုပါပဲ။ ဒီ အမေရိကခရီး စထွက်ကတည်းက ထူးခြားမှုတစ်ခုကိုလည်း ရေးပြရမယ့် အချိန် ရောက်လာပြီမို့ ရေးပြရပါတော့မယ်။

အဲဒါက ကျွန်တော်တို့ Lazy Club တေးဂီတအဖွဲ့ အမေရိက 2009 Tour အတွက် လိုက်ပါလာကြတဲ့ Player တွေရဲ့ လူမျိုးအကြောင်းပါ။ (၁) မန်နေဂျာ စိုးနိုင်ထွန်း (တရုတ်လူမျိုး)၊ (၂) ဘေ့စ်ဂစ်တာ ဂျင်ပိ (ချင်းလူမျိုး၊ ခရစ်ယာန်ဘာသာ၀င်)၊ (၃) ဒရမ်မာ မရခိုင် (အဖေ ရှမ်း + အမေ ရခိုင်)၊ (၄) ကီးဘုတ် (sesion) စောအောင်ဒူး (ကရင်၊ ခရစ်ယာန်ဘာသာ၀င်)၊ (၅) ကျွန်တော် နိုင်ဇော် (မြန်မာလူမျိုးစစ်စစ်၊ ဗုဒ္ဓဘာသာ)၊ (၆) ပွဲစီစဉ်သူ မသီတာ (မူဆလင်) ဆိုတော့ လူမျိုးစုံ၊ ဘာသာစုံတပ်ဖွဲ့ပါ။ ဒါတောင် Notes လိုက်ချိတ်ပေးတဲ့ (ကို)စိန်ပီတာက တခြားအဖွဲ့ ပြောင်းသွားလို့ နိုင်ငံခြားခရီး ခေါ်လို့ မဖြစ်လို့ သူ ပါခဲ့ရင် (ဟိန္ဒူ)ဆိုတဲ့ ဘာသာ၀င် တစ်ယောက် ထပ်တိုးလာဦးမှာပါ။


တိုင်းရင်းသားတပ်ဖွဲ့

ဒီလို စုံစုံညီညီ တိုင်းရင်းသား တပ်ဖွဲ့ကြီးနဲ့ U.S.A မှာ လာပြီး ဆိုကြ တီးကြမယ့် အစီအစဉ် မစခင် ဒီမနက်တော့ အဖွဲ့သားအားလုံး၊ အဆိုတော်အားလုံးကို လောင်းကစား မြို့တော် Les-vegas' မြို့ကို ဗဟုသုတအဖြစ် လိုက်ပြမယ်။ မနက် ၁၀ နာရီ

mgyoe.com


mgyoe.com

စထွက်မယ်လို့ ချိန်းထားကြတာကြောင့် မသီတာနဲ့ သဇင်တို့ နှစ်ယောက် ကားကြီးနဲ့ လာအကြိုကို စောင့်နေကြလိုက်တော့တယ်။ ကိုအောင်ဒူးကတော့ အရင်ခရီးမှာ ရောက်ဖူးပြီးသားဆိုပြီး မလိုက်ဘဲ နေခဲ့ပါတယ်။ ကျွန်တော်တို့ ၄ ယောက်နဲ့ အဆိုတော် ၄ ယောက်၊ မသီတာ စုစုပေါင်း ၉ ယောက် မကြောက်မရွံ့ မဖြစ်ရအောင် (ရန်ကုန်မှာဆို ၉ ဂဏန်းဆိုပြီး ပြဿနာဖြစ်မှာ ကြောက်ကြမှာပါ) ဒီခရီးမှာတော့ ဓာတ်ပုံဆရာ ကိုကျော့နဲ့ မမိးငယ်တို့ အဖော် ပါလာခဲ့ပါတယ်။ လူစုပြီး အိမ်ရှေ့မှာ ဓာတ်ပုံရိုက်ပြီးတာနဲ့ ကားကြီးပေါ်တက်၊ ဂစ်တာတစ်လုံးပါ တင်ပြီး ပျော်ပျော်ပါးပါး သီချင်းဆိုကြ၊ လမ်းမှာ စားကြ သောက်ကြနဲ့ အပျော်ခရီးထွက်ခဲ့ကြပါတော့တယ်။ L.A က စထွက်ပြီး မြွေလိမ်မြွေကောက် ဖောက်ထားတဲ့ အမြန်လမ်းမကြီးတွေ၊ မိုးပျံလမ်းကြီးတွေပေါ်မှာ ကားမောင်းနေချိန်၊ ပတ်ဝန်းကျင်က သတိထားကြည့်မိတော့ သူတို့ရဲ့ မိုးပျံတံတားတွေ၊ မိုးပျံလမ်းတွေက အင်္ဂတေလက်ရာအကြမ်းအတိုင်း ဆေးမသုတ်ဘဲ အသုံးပြုနေကြတာကြောင့် ကျွန်တော်တို့ဆီက တံတားတွေလို ဆေး ဘာလို့ မသုတ်ကြတာလဲ စဉ်းစားရင်း တကယ်သာ ဆေးသုတ်ရရင် တစ်နှစ်လုံး သုတ်တောင် ပြီးမှာမဟုတ်လို့ မသုတ်တာ ဖြစ်မယ်။ တံတားတွေကို ဖွင့်စရာတောင် မလိုဘဲ အကြမ်းထည်အတိုင်း သွားလို့ရပြီ ဆိုတာနဲ့ သွားခွင့်ပေးလိုက်တာပဲ ဖြစ်မယ်လို့ မှတ်ချက်ချလိုက်မိပါတယ်။ အဲဒီ Vegas မြို့ကို သွားတဲ့ခရီးက ၅ နာရီ၊ ၆ နာရီလောက် အမြန်လမ်းမကြီးပေါ်မှာ အသားကုန် သဲကန္တာရကို ဖြတ်ပြီး မောင်းရတဲ့ ခရီးပါ။ တအားလည်း ပူတဲ့ သဲကန္တာရထဲမှာ လူတွေ လာအောင်၊ လောင်းကစားမြို့ တည်ပေးထားတာကြောင့် အကြံပိုင်လိုက်လေခြင်းလို့ တွေးမိပါသေးတယ်။

တကယ်တော့ လောင်းကစားသမားဆိုတာကတော့ ရနိုင်မယ့် မက်လုံးနဲ့ ဘယ်လောက်ဝေးဝေး လာမှာပါ။ တရားထိုင်ဖို့ဆိုရင် ကိုယ့်အိမ်မှာပဲ ကိုယ်ထိုင်မယ်လို့ ပြောကြမယ် ထင်ပါတယ်။ အဲဒီလမ်းမကြီးက ရှေ့တည့်တည့်ကိုပဲ သဲကန္တာရအဖြောင့် ဖောက်ထားတဲ့ လမ်းကြီးဆိုတာ မြို့ကို အဝင်၊ Shopping Mall တွေကို ဖြတ်ပြီး နာရီဝက်လောက် တောက်လျှောက် ရှေ့တည့်တည့်ကို ကြည့်ပြီး တွေ့ခွင့်ရခဲ့ပါတယ်။ ထူးခြားတာကတော့ လမ်းမကြီးက ဟိုင်းဝေးလမ်းလို့သာ ပြောတယ်။ လမ်းမကြီးတစ်ခုလုံး ကားတွေအပြည့်နဲ့ ပြိုင်တူသွားနေကြတာ။ ဘယ်နေရာမှာမှ Vegas မြို့ကို ရောက်တဲ့အထိ ကျွန်တော်တို့

mgyoe.com

နိုင်ငံမှာလို ကိုယ့်ကားတစ်စီးတည်း လမ်းကြီးတစ်ခုလုံး မောင်းလိုက်ရသလို မဖြစ်ခဲ့ပါဘူး။ အားငယ်စရာ မဖြစ်ရအောင် ဘေးမှာ တခြားကားတွေ ပြိုင်ဆိုင်ပြီး မောင်းနေကြတဲ့ မြင်ကွင်းကိုလည်း သတိထားမိပါတယ်။ အဲဒီလမ်းပေါ်မှာလည်း အမေရိက,က လုပ်တဲ့ ထရပ်ကား အကြီးစားကြီးတွေကလည်း လူးလာခတ်ပြီး တွေ့နေရတာကြောင့် သူတို့နိုင်ငံရဲ့ ကုန်စည်စီးဆင်းမှု လွယ်ကူစေတဲ့ လမ်းမကြီးတွေရဲ့ အရေးပါပုံကို သတိထားမိပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမှုကြောင့် ပစ္စည်းတစ်မျိုးတည်း တစ်နိုင်ငံလုံး ဘယ်နေရာပဲ ဝယ်ဝယ်၊ ဈေးတစ်မျိုးတည်း ရောင်းပေးနိုင်တာ၊ ဘယ်လောက် ကောင်းသလဲ၊ စဉ်းစားကြည့်ပါတော့။ စထွက်တဲ့ ခရီးအစမှာတော့ တောင်တန်းကြီးတွေပေါ်တက်၊



*Lesvegas* အသွား မြင်ကွင်း

တောင်ကြီးတွေရဲ့ မျက်စိတစ်ဆုံး မိုးသားပြာပြာအောက်မှာ အထပ်ထပ်လှပတဲ့ မြင်ကွင်းကို ကြည့်ပြီး အဖွဲ့သားအားလုံးက ပျော်ရွှင်နေကြတာမို့ နောက်ဆုံးတန်းမှာ ထိုင်နေတဲ့ ကျွန်တော့်ကို ဂစ်တာတီးဖို့ ဝိုင်းပြောကြတာကြောင့် ဂစ်တာထုတ်ပြီး ပထမဆုံး တီးလိုက်တဲ့ သီချင်းလေးရဲ့ စာသားက 'တောင်ပြာတန်းက ငိုမယ်၊ မောင်ပြန်တော့ မျက်ရည်လည်' ဆိုတာနဲ့ အားလုံး ဝိုင်းဆိုကြ၊ ရှေ့ခန်းမှာ ထိုင်တဲ့ ဓာတ်ပုံဆရာ (ကို)ဂျော့က Video ရိုက်ကြနဲ့၊ မြန်မာပြည်ရောက်နေသလား ထင်ကြရပါတယ်။ 'အမေတစ်ခု သားတစ်ခု'၊ ဗင်းဆင့်ဆန်ဂိုးတမ်းချင်း' စတဲ့ သီချင်းတွေကိုလည်း ဆိုတဲ့သူက ဆို၊ ငိုက်တဲ့သူက ငိုက်ကြရင်း တစ်ခါ တစ်ခါ ရယ်စရာ စာသားတွေ ဝင်ဆိုတတ်တဲ့ ဇော်ပိုင်ရဲ့ ပြက်လုံးတွေကြားမှာ သဲကန္တာရထဲ စ,ရောက်တာနဲ့ ကားပေါ်က ဆရာသမားတွေ အားလုံးက မြန်မာပြည် အလွမ်းပြေ ကိစ္စလေးတစ်ခု စဖို့ ဖြစ်လာပါတယ်။ အဲဒါက မြန်မာပြည်မှာ ဘယ်ခရီးလမ်း သွားသွား ကားရပ်ပြီး အပေါ့သွားကြတဲ့ ကိစ္စကြောင့် အခုလည်း လမ်းဘေးကို ကား Exit အတိုင်း ထွက်ခိုင်းပြီး ရန်ကုန်စတိုင် ဝိတ်လျှော့ကြပါတော့တယ်။ အမေရိကရဲ့ စည်းကမ်းကြီးလှတဲ့ ဥပဒေသတ်မှတ်ချက်တွေလည်း သဲကန္တာရထဲမှာတော့ ဘယ်လိုမှ မတတ်နိုင်ဘဲ

mgyoe.com

mgyoe.com

လက်မြှောက်ခဲ့ရပါတယ်။ အပေါ့သွားတဲ့နေရာ ကန္တာရကလည်း လောပိတက ပို့တဲ့ လှျပ်စစ်တာဝါတိုင်ကြီးတွေလို တွေ့နေရလို့ လွမ်းစရာပါ။ သဲကန္တာရထဲက ချုံပုတ်တွေနဲ့လည်း အပျော်ဓာတ်ပုံ ရိုက်ကြပါသေးတယ်။ နေ့လယ်စာ စားဖို့ အချိန်ရောက်လာတော့ စားသောက်ဆိုင်တွေရှိတဲ့ လမ်းဆေားကို ထွက်ပြီး အမေရိကန် အစားအစာနဲ့ စပြီး တွေ့ရပါတော့တယ်။ အားလုံးလိုလိုက အမဲသားတွေနဲ့ မှာချိန်၊ ကျွန်တော်နဲ့ သဇင်ကတော့ အမဲသား မစားကြလို့ ရှောင်တိမ်းမှာပေမယ့် တကယ့်ကို အမေရိကန်နိုင်ငံက စားစရာ ကျွန်တော့်အတွက် နည်းပါးလွန်းတယ်။ ဒါကြောင့် ကြက်သားနဲ့ အီတလီခေါက်ဆွဲ မှာပြီး စားတော့ မြန်မာ ခေါက်ဆွဲအပေါ် ခရမ်းချဉ်သီးအချဉ်ရည်ပျစ်ပျစ် ဆမ်းပေးတဲ့ ခေါက်ဆွဲက ကျွန်တော့်အတွက် ဘာအရသာမှ မရှိခဲ့ပါဘူး။ ကြက်သားအပြားကြော်လေးနဲ့ စား၊ ကုတ်အချိုရည် တစ်ခါသောက်ဖို့ ခွက်ကြီးနဲ့ ဝယ်ပြီးရင် ကြိုက်သလောက် အဝသောက်။ ဆိုင်ထဲက ထွက်သွားရင်တောင် ခွက်ထဲ အပြည့်ထပ်ထည့်ပြီး ယူသွားလို့ရတဲ့ သူတို့ဓလေ့နဲ့ စားစရာ ဆိုသမျှ လူကောင်အကြီးကြီး အမေရိကန်ကြီးတွေအတွက် ပြုလုပ်ထားသလို ကျွန်တော်တို့လို လူကောင်သေးသေးတွေ၊ (ဟိုက ကောင်တွေထက် သေးတာ ပြောတာနော်) ဘယ်လိုမှ ကုန်အောင် မစားနိုင်ခဲ့ပါဘူး။ အဲဒီလို စားသောက်တဲ့ကိစ္စ ပြီးတာနဲ့ သဲကန္တာရထဲမှာ ခရီးဆက်ရတော့ ကောင်းဘွိုင်ရုပ်ရှင်ကားတွေထဲက မြင်ကွင်းမျိုး တွေ့ရတာ အံ့သြစရာပါ။ ဆူးပင်တွေနဲ့ ကန္တာရထဲမှာ ဟာလီဒေးဗစ်ဆင် (Harly Davidson) ဆိုင်ကယ်ကြီးတွေနဲ့ ကောင်းဘွိုင်ဦးထုပ်၊ ဖိနပ်နဲ့ အမေရိကန်တွေကိုလည်း တကယ် အပြင်မှာ တွေ့ခဲ့ရပါတယ်။ ညနေ ၄ နာရီလောက်မှာ 'Les-vegas' မြို့ မဝင်ခင် Outlet လို့ ခေါ်ကြတဲ့ မြို့ပြင်က ပင်ရင်းကုမ္ပဏီတွေရဲ့ ဆိုင်ခန်းတွေရှိရာ Mall ကြီးနဲ့ ကစားကွင်းကြီးထဲ ဝင်လိုက်ကြပါတယ်။ အားလုံး


*Lesvegas* အသွားခရီး စားသောက်ဆိုင်တွင်

mgyoe.com

ဝယ်ချင်တာ ဝယ်ခွင့်ရကြပြီမို့ အချိန် ၁ နာရီလောက်အတွင်း လျှောက်ကြည့်တော့ ကျွန်တော်က Vegas တီရှပ် ၃ ထည်လောက် ရခဲ့ပါတယ်။ ဦးထုပ်တစ်လုံးကလည်း တကယ့် ဆိုင်ကယ်စီး လမ်းသရဲတွေ ဆောင်းသလို မီးတောက်နေတဲ့ တံဆိပ်တွေ ပါလို့ ၁၅ ဒေါ်လာနဲ့ ဝယ်ဖြစ်လိုက်ပါတယ်။ ဓာတ်ပုံကိုယ့်ဘာသာကိုယ် Auto ရိုက်ခဲ့ (Timmer နဲ့ ရိုက်တာပါ) နေချိန်၊ နိုင်ငံခြားသားတစ်ယောက်က သူ့ကလေး လက်ဆွဲပြီး ဘေးက ဖြတ်သွားရင်းတွေ့တာကြောင့် မနေနိုင်လို့ ထင်ပါရဲ့၊ ကျွန်တော့်ကင်မရာ ဝင်ယူပြီး ရိုက်ပေးခဲ့ပါတယ်။ သူ့ရဲ့ ကလေးကို ချစ်လို့ ခေါင်းပုတ် စ,လိုက်တော့ သူ့မျက်နှာကပျက်သွားတာကြောင့် ကျွန်တော်လည်း ကြောင်တောင်တောင် ဖြစ်ပြီး သူငယ်ချင်းတွေနဲ့ ပြန်ဆုံချိန် အမေရိက,က လူတွေကို မေးကြည့်တော့ ဒီနိုင်ငံမှာ ကလေးကို ဘယ်လောက်ပဲ ချစ်ချစ်၊ ခေါင်းတို့ ဘာတို့ သွားထိခွင့် မရှိဘူး။ တကယ်လို့ကိုယ် ထိမိလို့ ကလေး တစ်စုံတစ်ရာ နာသွားတယ်ဆိုရင် လျော်ကြေးပေးရတယ်ဆိုတဲ့စကား ကြားလိုက်ရတော့မှပဲ လန့်ဖျပ်သွားမိပါတော့တယ်။ သူတို့ဆီမှာ ကလေးတွေကို မတော်မတရား လုပ်သူတွေ များလွန်းလို့ ထိခွင့်မရှိအောင်ဥပဒေနဲ့ cover လုပ်ထားတာ ဖြစ်နိုင်တယ်လို့ တွေးရင်း ကံကောင်းလို့သူများကလေး ဘုမသိဘမသိ ခေါင်း သွားပုတ်မိတာ၊ အလျော်တောင်းရင်ကိုယ့်ပိုက်ဆံနည်းနည်းလေး ပေးလိုက်ရမှ တကယ့်ကို ဆရာသာခ ဝတ္ထုထဲကဖိုးသူတော် ညည်းသလို 'ပိုက်ဆံများ မရှိတဲ့နောက် အုန်းမှုတ်ခွက်တောင်မရှိတော့ပါဘူးလို့' ပြောရမလို ဖြစ်တော့မှာ တွေးပြီး အသည်းယားနေမိပါတော့တယ်။ (အဲဒီဝတ္ထုထဲမှာက ဖိုးသူတော် ပိုက်ဆံ ဝှက်ထားတဲ့ မြေကြီးထဲကအုန်းမှုတ်ခွက်ကို ဘုန်းကြီးကျောင်းသားတွေက ချောင်းကြည့်ပြီး တူးယူလိုက်လို့ဖိုးသူတော် ဒုက္ခရောက်သွားတာပါ) ကျွန်တော်ကတော့… ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ဗွီးဂက်စ်တစ်ခွင် လှည့်လည်စဉ်

'လက်စ်ဗွီးဂက်စ်' ရှော့ပင်းမောထဲမှာ ဟိုငေး ဒီငေး လုပ်နေရင်း တီရှပ်တွေ ရောင်းတဲ့ဆိုင် ရောက်တော့ မဝယ်ဘဲ မနေနိုင် ဖြစ်ရပါတော့တယ်။ ထုတ်လုပ်တဲ့ နိုင်ငံတွေကလည်း တီမော၊ နီကာရာဂွါ၊ မက္ကဆီကို စသဖြင့် အနီးအနားက နိုင်ငံတွေဆိုတော့ ထိုင်း၊ တရုတ် စတဲ့ အာရှတိုက်က ထုတ်တဲ့ တီရှပ်တွေပဲ အဓိက ဝယ်ခဲ့ရသမျှ ရန်ကုန်က သူငယ်ချင်း ညီငယ် ကိုးဘုတ်သမားကို ပေးဖို့ အနက်ရောင်၊ ကျန်တဲ့ သူငယ်ချင်းတွေအတွက် အဖြူရောင်၊ မီးခိုးရောင် စသဖြင့် ဝယ်ပြီးချိန်မှာ ကိုယ်ဝတ်ဖို့ လိမ္မော်ရောင်တောက်တောက် တီရှပ်လှလှလေးတွေ ထားတဲ့ စင်ပေါ်က ယူလိုက်မိပါတယ်။ တကယ်လည်း စတိတ်ရှိုးစင်ပေါ်မှာ တီးပြီဆိုရင် လူတွေ မျက်စိထဲ တန်းနေအောင် မြင်နေရမှ ပရိသတ်ကလည်း သတိထားမိတာပါ။ အခုလည်း အဲဒီတီရှပ်လေး ဝယ်မယ်၊ ကြိုက်ပြီဆိုပြီး ငွေချေခါနီး U.S က သူငယ်ချင်းတစ်ယောက်ကို မေးကြည့် အကြံတောင်းလိုက်ပါတယ်။ သူက ဗျာဗျာသလဲပဲ 'အဲဒီတီရှပ် မဝယ်နဲ့၊ ဒါ ထောင်သားတွေအတွက် ထုတ်တဲ့ တီရှပ်၊ လိမ္မော်ရောင်ဆိုတာ အမေရိက ထောင်သားတွေဝတ်တဲ့အရောင် ရယ်စရာ ဖြစ်နေလိမ့်မယ် ဆိုပြီး အလန့်တကြား တားမှပဲ သူ ပြောတာ မှန်နေမှန်း သိရပါတယ်။ တကယ်လည်း စာလုံးအကြီးကြီး 'JAIL' ဆိုပြီး ရေးထားပါတယ်။ (တကယ်တော့ Tourist တွေ အမှတ်တရ စုလိုသူ

mgyoe.com

m.gyobe.com SAMPLE BOOK

တွေအတွက် ထောင်အကျီ ရောင်းတာကို လှတယ်ဆိုပြီး ဝယ်ဖို့ ကြိုးစားမိတဲ့ ကျွန်တော့်အဖြစ်ပါ။)

အားလုံး ပစ္စည်းတွေ ကိုယ်စီ ဝယ်ပြီး ကျေနပ်ကြပြီဆိုမှ ခပ်မှောင်မှောင် အချိန် ဗွီးဂက်စ်မြို့ဆီ ထွက်ခဲ့ကြပါတယ်။ သဲကန္တာရကြီးထဲ ဖြောင့်ဖြောင့်တန်းတန်း ဖောက်ထားတဲ့ လမ်းကြီးရဲ့ မျက်စိတစ်ဆုံး မိုးကုပ်စက်ဝိုင်း မရောက်ခင် မီးရောင်စုံ တောက်ပနေတဲ့ မြို့ကြီးက အသင့်စောင့်ကြိုနေပါတယ်။ ကျွန်တော်တို့လည်း ဦးတည်ရာ နေရာဆီ တည့်တည်သွားနေတဲ့ ကားပေါ် သီချင်းတွေဆို၊ ရယ်စရာတွေ ပြောကြရင်း ခရီးဆက်ခဲ့ကြပါတယ်။ ဗွီးဂက်စ်မြို့ကို မဝင်ခင် အရင်ဆုံး အဝေးကြီးက သတိထားမိတဲ့ ထူးခြားမှုတစ်ခုက မိုးကောင်းကင်ပေါ် တည့်တည့်ကြီး ထောင်လျက် ထိုးထားတဲ့ ဆလိုက်မီးကြီးပါပဲ။ အရင်ခေတ်က ဗုံးကြဲလေယာဉ်ပျံတွေ ရှာသလို ဆလိုက်မီးကြီးကို M.G.M (ဟိုတယ်)ရဲ့ ပိရမစ်အကြီးစားကြီးရဲ့ ထိပ်မှာ ဆလိုက်မီးတပ်ပြီး ကောင်းကင်ပေါ် ထိုးပြထားတော့ သူ့ဟိုတယ် ဘယ်မှာ ရှိတယ်ဆိုတာ ကောင်းကင်ကို မော့ကြည့်ရုံနဲ့ သိနိုင်သလို ဘယ်နေရာက ကြည့်ကြည့် ဘယ်သူမဆို ဘယ်လောက်အမြင့်ကပဲ ကြည့်ကြည့် တွေ့နိုင်အောင် ပြိုင်နိုင်သူ မရှိ၊ အကြံအစည်ကောင်းကောင်းနဲ့ ကောင်းကင်ပေါ် ထိုးပြထားတဲ့ ပိရမစ်ကြီးရဲ့ ဆလိုက်မီးက သတိပြုမိစရာ အကြံကောင်းတဲ့ ကြော်ငြာတစ်ခုပါ။

လက်စ်ဗွီးဂက်စ်မြို့ဟာ လောင်းကစားမြို့ ဖြစ်လို့ ငွေသုံးချင် ဖြုန်းချင်သူတွေ မလာ လာအောင် ဆွဲဆောင်ထားတာကြောင့် မြို့အဝင်မှာ ကိုယ်ပိုင်လေယာဉ်တွေ ဆိုက်လို့ရတဲ့ လေယာဉ်ကွင်းကို စတွေ့ရပါတယ်။ ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီးတွေက ကိုယ်ပိုင်လေယာဉ်နဲ့ ဗွီးဂက်စ်မြို့ကို လာပြီး လောင်းကစား လုပ်သလို အဲဒီလေယာဉ်ကွင်းက လေယာဉ်တွေနဲ့ သန်းချီလောင်းမယ့်သူတွေကို သွားခေါ်ပေးတယ်လို့လည်း သိခဲ့ရပါသေးတယ်။ မြို့ထဲဝင်တော့ ထုံးစံအတိုင်း ဟိုတယ်အကြီးစားကြီးတွေ ပြိုင်ပွဲဝင်သလား ထင်ရအောင် ဆွဲဆောင်မှုကိုယ်စီ၊ အလှကိုယ်စီ၊ လူစိတ်ဝင်စားမယ့် ပုံစံ အရာဝတ္ထု Design တွေ ကိုယ်စီနဲ့ လှချင်တိုင်း လှနေတဲ့ ဗွီးဂက်စ်ညကို စပြီး တွေ့ရပါတော့ တယ်။ အဲဒီဟိုတယ်ကြီးတွေကြားမှာ MANDALAY BAY ဟိုတယ်ကြီး နာမည် ဖတ်လိုက်ရတော့ ငါတို့ရဲ့ မြန်မာပြည်က မန္တလေးမြို့ နာမည်နဲ့ ဟိုတယ်ကြီး အမေရိကအထိတောင် ရှိနေပါလား ဆိုပြီး (တကယ် ဟုတ်

mgyoe.com



*Lesvegas* မြို့ရဲ့ ညအလှ



*vegas* က ဟိုတယ်ခန်းတွင် အမှတ်တရ

မဟုတ် မသိဘဲ ဂုဏ်ယူမိပါသေးတယ်) MGM ဟိုတယ်မှာဆိုရင်လည်း လေဘာတီရုပ်တု အသေးစားရော၊ ပဲရစ်မျှော်စင်ရော ပုံစံတူလေးတွေ ဆောက်ပြထားပြီး စိတ်ဝင်စားမှု ယူထားသလို ကမ္ဘာကျော် လက်ဝှေ့ပွဲကြီးတွေ ကျင်းပတဲ့ ဟိုတယ်ကြီးတွေနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ခွင့်ရခဲ့လို့ ပျော်မဆုံး ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့အားလုံး မြို့ထဲ ဝင်ပြီး ချိန် တည်းခိုမယ့်အိမ်ဆီ သွားမယ်ဆိုပြီး ကားမောင်းတဲ့ မသီတာက အုတ်တံတိုင်း ကာရံထားတဲ့ FMI လို ခြံဝင်း အကျယ်ကြီးထဲ ဂိတ်စောင့်တွေကို ဖြတ်ပြီး ဝင်ခဲ့ပါတယ်။ ခြံဝင်းထဲမှာကတော့ ကတ္တရာလမ်းမကြီးတွေက အိစက်နေသလား ထင်နေရအောင် ညက်နေ၊ ဖောင်းကြွနေတာကို လမ်းထပ်ပြင်ဖို့ လုပ်နေကြတဲ့ ပစ္စည်းတွေ တွေ့နေရလို့ ဒီလောက် ကောင်းပြီးသား လမ်းဘာလို့ ထပ်ပြင်နေသလဲလို့ ကိုယ်နဲ့ မဆိုင်ဘဲ သူတို့ ပိုက်ဆံကုန်မှာကို ဝင်ပြီး စိတ်ပူမိပါသေးတယ်။ ကျွန်တော်တို့ တည်းမယ့်အိမ်ရှေ့ တကယ်တော့ ကိုယ်ပိုင် ခြံဝင်းကြီးနဲ့ တိုက်ကြီးထဲမှာ နေထိုင်သူက (မြန်မာနိုင်ငံက ရုပ်ရှင်သရုပ်ဆောင်၊ အကယ်ဒမီမင်းသမီးရဲ့ ခင်ပွန်းဟောင်း) အိမ် ဖြစ်နေပါတယ်။ သူ့နာမည်က ကိုမျိုးမင်းပါ။ လူပုံက ဖြူဖြူချောချော ငယ်ငယ်၊ ဒေါင်ကောင်းကောင်းနဲ့ အမေရိကမှာ ပီနန်စားသောက်ဆိုင် ပိုင်ရှင်၊ မင်းသမီး ယောက်ျား (အဲဒီအချိန်က မကွာရှင်းရသေးပါ) ဆိုတော့ ပကာသနတွေနဲ့ ကြီးကြီးကျယ်ကျယ် လူတော့ တွေ့ရပြီ၊ ဒုက္ခပဲ၊ ကိုယ်ကလည်း ဖြစ်သလိုနေချင်တဲ့ကောင် ဆိုပြီး စိတ်ညစ်မှုတွေဟာ သူ့အိမ်ထဲမှာ အခန်းယူ၊ သူနဲ့ ဝတ်ကျေတန်းကျေ စကားပြောကြည့်ရင်း ပျောက်ကွယ်သွားပြီး ဒီလူဟာ ဟန်ဆောင်မှု မဟုတ်ဘဲ တကယ် ဖော်ရွေတယ်၊ နာမည်ကြီး မကြီး၊ ယောက်ျား၊ မိန်းမ၊ အဆိုတော်၊ အတီးသမား ခွဲခြားပြီး ဆက်ဆံတတ်သူ မဟုတ်ဘူး။ စကား

mgyoe.com

mgyoe.com SAMPLE BOOK


ကိုလည်း ပွင့်ပွင့်လင်းလင်းနဲ့ စိတ်ထဲရှိတဲ့အတိုင်း ပါးစပ်က ဖွင့်ပြောတဲ့သူဆိုတာ သိသွားရလို့ ချက်ချင်းပဲ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေလို ဖြစ်သွားပြီး ယုံယုံကြည်ကြည် စ,ကြ နောက်ကြရင်း သူ့အိမ်မှာ ကိုယ် တည်းနေရတယ် ဆိုတာတောင် မေ့သွားခဲ့ရပါတယ်။ သူက ဘယ်လောက် ပွင့်လင်းသလဲဆိုရင် သူ့အိမ်ထောင်ရေး အခြေအနေ မကောင်းတာကိုတောင် ကျွန်တော်တို့ သိခွင့် ရခဲ့လို့ ကျွန်တော်လည်း စ,ချင်လာတာကြောင့် ရန်ကုန်မှာ ကိုမျိုးမင်းကို (ဂျာနယ် ဓာတ်ပုံထဲက ပုံကြည့်ပြီး) အခြောက်ကြီးဆိုပြီး သတင်းထွက်နေတယ်လို့ ပြောပြ လိုက်တော့ အားရပါးရ ရယ်မောပြီး သူလည်း ကြားကြောင်း၊ သူ့မိဘတွေက မခံချင်လို့ သူ့ကို တုံ့ပြန်ဖို့ ပြောကြောင်း၊ သူက စိတ်မပါလို့ ဖြေရှင်းတာတွေ မလုပ်ဖြစ်ခဲ့ဘူးလို့ ပြန်ရှင်းပြပါတယ်။ (သိပ်မကြာခင်မှာပဲ ကွာရှင်းပြီးကြောင်း ရန်ကုန်က သတင်းစာတွေမှာ ပါလာတာ သိရပါတော့တယ်။) ရေချိုး အဝတ်လဲ ကြပြီး၊ ကျွန်တော်တို့ အားလုံး ညစာ ထမင်းကျွေးမယ်ပြော၊ ယိုးဒယား စားသောက် ဆိုင် တစ်ခုဆီ ကားကိုယ်စီနဲ့ ထွက်ခဲ့ကြပါတော့တယ်။ ကျွန်တော်တို့လည်း သီးသန့်ခန်းထဲမှာ နေရာယူထားတဲ့ စားပွဲဝိုင်း နှစ်ဝိုင်းထဲ ခွဲထိုင်ပြီး စားစရာတွေ မစားခင် သူတို့ရဲ့ စပါယ်ရှယ်ဘီယာ (ပုလင်းပေါ်မှာ ရှောက်သီးစိတ် ခွဲတင် ထားတဲ့ ဘီယာ) အားလုံး သောက်ရပါတယ်။ အဲဒီရှောက်သီးပါ ပုလင်းထဲ ထည့်ပြီး စိမ်သောက်ရတဲ့ ဘီယာ (ကိုရိုနာဘီယာ ထင်ပါရဲ့)ကို ဘီယာသောက် တာ မကြိုက်ပေမယ့် ယဉ်ကျေးမှုအရ သောက်ကြရပါတယ်။ စားသောက်နေ တုန်းပဲ L.A က တကူးတက လိုက်လာကြတဲ့ ကိုမိုး (ဒေါ်ခင်ယုမေ သား) နဲ့ ကိုဥက္ကာ (ဓာတ်ပုံဝါသနာရှင်၊ အပျော်တမ်း ဓာတ်ပုံရိုက်ပေးဖို့ ကင်မရာ အကောင်းစား၊ ဗွမ်းအကောင်းစားကြီးတွေ ဝယ်ထားသူ)တို့ ရောက်လာကြပါ တယ်။ Rဇာနည်ရဲ့ ညီဝမ်းကွဲ မင်းဌေးနဲ့ သူ့သူငယ်ချင်းလည်း ရောက်လာ၊ အားလုံးကို မိတ်ဆက်ပေးပြီး ပျော်စရာည ဖြစ်လာပါတော့တယ်။ မသီတာနဲ့ သဇင့်ကို ကျန်တဲ့ အနုပညာမောင်နှမတွေက ဖေးမစောင့်ရှောက်ပြီး တစ်ညလုံး မအိပ်ဘဲ ကစားပွဲတွေ ကျင်းပတဲ့ ဟိုတယ်ခန်းမကြီးတွေဆီ ဗဟုသုတရအောင် လိုက်ပြကြမယ်ဆိုပြီး ကားပါကင်ရှိရာ ဟိုတယ်ကြီးတစ်ခုရဲ့ရှေ့ တောင်ကုန်း ပေါ်မှာ ရပ်ခဲ့ကြပါတယ်။ အားလုံး လမ်းလျှောက်ပြီး ဆင်းလာကြစဉ် ဓာတ်ပုံ ရိုက်တဲ့ သူက ရိုက်၊ စကားပြောတဲ့ သူတွေက ပြောနဲ့ စ,ကြ နောက်ကြ လုပ်နေတုန်း ကားလမ်းအတိုင်း မောင်းဝင်လာတဲ့ ကားတစ်စီးက ယောကျ်ားလေး

mgyoe.com

mgyoe.com

တစ်အုပ်ရဲ့ ရှေ့ရပ်ပြီး အထဲက တစ်စုံတစ်ခု စကားလှမ်းပြောတာ တွေ့လိုက်ရပါတယ်။ ကျွန်တော်လည်း ကားထဲက အနောက်တိုင်းသူ ခပ်လတ်လတ် ဘာလှမ်းပြောတာလဲ စပ်စုမိလို့ သတိထား နားထောင်မိတော့ သူ ဟိုတယ်က ကလပ်ထဲ တစ်ယောက်တည်း သွားမှာမို့ ယောကျ်ားလေးတစ်ယောက် စိတ်ပါရင် သူနဲ့ လိုက်ခဲ့ပါလို့ အဖော်ခေါ်နေတာ ထူးထူးဆန်းဆန်း တွေ့ခဲ့ရပါတယ်။ ဘယ်သူမှ မလိုက်ကြဘဲ လက်ခါပြတော့ သူလည်း ဆက်မောင်းသွားပါတယ်။ (လူမလစ်လို့ မလိုက်တာ ဖြစ်ရင်တော့ မတတ်နိုင်ဘူး၊ တကယ်ကို မလိုက်ကြတာပါ၊ အဆိုတော် အုပ်စုတော့ မဟုတ်ပါဘူး ဟဲ ဟဲ...)

အဲဒီလို စကားပြောရင်း ကားလမ်းကူး ဟိုတယ်ကြီးရဲ့ လောင်းကစားခန်းမထဲ ဝင်၊ လှပတဲ့ သစ်ပင်တွေ၊ အလံတွေနဲ့ မြင်ကွင်းတွေကို ဓာတ်ပုံရိုက်လို့မဝ ဖြစ်ကြရပါတယ်။ အားလုံး အုပ်စုလိုက် ရိုက်ကြ၊ တစ်ယောက်ချင်း ရိုက်ကြနဲ့ အချိန်ကို ကြည့်မိတော့ ည ၁ နာရီလောက် ဖြစ်နေပါပြီ။ ရန်ကုန်မှာဆိုရင် တစ်ညလုံး အိပ်ပြီးလို့ မိုးတောင်လင်းပြီး အလုပ်ခွင်ထဲ ဝင်ကြတဲ့ အချိန်၊ ကျွန်တော်တို့က မအိပ်ရသေးဘဲ လောင်းကစားဝိုင်းတွေကြား လျှောက်သွားရတာ၊ ပိုက်ဆံအကြွေစေ့ ထည့်တဲ့စက်ကို ခလုတ်တွေ၊ ပိုက်ဆံ ထွက်မလာမချင်း မျှော်လင့်ချက်နဲ့ ပိုက်ဆံတွေထည့် ကစားသူတွေကလွဲလို့ ကျွန်တော်တို့ အတီးသမားအုပ်စုကတော့ ဖြစ်နိုင်ရင် အိမ်ပြန်အိပ်ချင်ပါပြီ။ ကိုမျိုးမင်းကတော့ ဧည့်သည်တွေ ကျေနပ်အောင် လိုက်ပြပေးနေရင်း ပျော်ပျော်ရွှင်ရွှင် သူ့သူငယ်ချင်းတွေနဲ့ စီးကရက်လေး တဖွာဖွာနဲ့ လျှောက်သွားနေပါတယ်။ အရက်လည်း မသောက်၊ ဘီယာလည်း ထုံးစံအရ သောက်ရပေမယ့် မကြိုက်တဲ့ ကျွန်တော်၊ အဲဒီအချိန် ကော်ဖီပူပူလေး သောက်လိုက်ရရင် တော်တော်နေသာထိုင်သာ ရှိသွားမှာပဲဆိုပြီး တစ်ဦးတည်းသော အမျိုးသမီးအဆိုတော် သဇင်ကို ပြောလိုက်တော့ သူကလည်း ကော်ဖီ Crazy ဖြစ်နေလို့ သူလည်း သောက်ချင်တယ်။ ကြာတော့ လျှောက်ကြည့်ရတာ ခြေထောက်လည်း ညောင်း၊ ပျင်းလည်း ပျင်းလာပြီ ဆိုပြီး ပြောလာပါတယ်။ အဲဒီမှာပဲ သူ ဘယ်လို ကော်ဖီဆိုင် ဟိုတယ်ထဲ သွားရှာတွေ့လာတယ် မသိဘဲ ကော်ဖီပူပူတစ်ခွက် ကိုင်ပြီး ပြန်လာတာ တွေ့ရပါတော့တယ်။ သူ့ကော်ဖီခွက် မြင်တော့ နဂိုကမှ ကော်ဖီ သောက်ချင်တဲ့သူ၊ ဘယ်လိုမှ မရက်နိုင်တော့ဘဲ သူ့ဆီက ကော်ဖီတောင်းသောက်၊ သူကလည်း ကျွန်တော် သောက်ချင်နေမှန်း သိလို့ကို ဝယ်လာတာကြောင့် မှုသောက်ရင်း ကော်ဖီ

mgyoe.com

mgyoe.com SAMPLE BOOK

ကုန်ခါနီး သူ့ပြန်ပေးခဲ့ပြီး လောင်းကစားစက်တစ်ခုရှေ့မှာ ထိုင် စကားပြောနေကြတဲ့ ကိုမရခိုင်၊ ကိုဂျင်ပိတို့နဲ့ ဝင်စကားပြောတော့ သူတို့လည်း အိမ်ပြန်ချင်ကြပါပြီ၊ အနားယူချင်ကြပေမယ့် ဆော့နေသူတွေကို စောင့်နေရတာ ပျင်းလာတဲ့အကြောင်း ပြောကြရင်း ကားနှစ်စီး ခွဲပြီး တစ်စီးက အိမ်ပြန်ကြမယ်ဆိုပြီး ဆုံးဖြတ်လိုက်ကြပါတယ်။ အဲဒီလို စကားပြော ညှိနေကြရင်း အရက်ဘားကောင်တာမှာ တစ်ယောက်တည်း ထိုင်၊ ခုံအမြင့်ရှည်ကြီးပေါ်မှာ အိမ်ပြန်ချိန်စောင့်နေတဲ့ အဆိုတော် သဇင်ကို အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့ပါဆိုပြီး စုံတွဲဓာတ်ပုံ တွဲရိုက်ဖို့ ခွင့်တောင်းနေတဲ့ L.A က အပျော်တမ်း ဓာတ်ပုံဆရာကိုဥက္ကာကို မထင်မှတ်ဘဲ တွေ့ရတာကြောင့် ဘာဆက်ဖြစ်မလဲ ထောင့်တစ်နေရာကနေ ကျွန်တော် မမှိတ်မသုန် ကြည့်နေမိပါတယ်။

□

mgyoe.com

mgyoe.com SAMPLE BOOK

# လျှပ်တစ်ပြက် ဓာတ်ပုံပြဿနာ

ကျွန်တော် အိပ်ချင်စိတ် ပြင်းပြင်းနဲ့ ဂိမ်းကစားတဲ့ ထိုင်ခုံပေါ် ထိုင်နေရင်း မထင်မှတ်ဘဲ မြင်နေရတဲ့ မြင်ကွင်းက ကျွန်တော်နဲ့ ခပ်လှမ်းလှမ်း ရှေ့တည့်တည့် အရက်ဘားပုံစံ ထိုင်ခုံအမြင့်ပေါ်မှာ ထိုင်နေကြတဲ့ ကျွန်တော်တို့ အနုပညာရှင်တွေကို လိုက်ပြတဲ့ သူငယ်ချင်းတွေနဲ့ အမှတ်တရ ဓာတ်ပုံရိုက်နေကြတဲ့ သဇင်နဲ့ သူ့ကို ခင်တဲ့သူတွေရဲ့ မြင်ကွင်းလေးပါ။ သူက ကော်ဖီသောက်နေရင်း အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့ (သူကိုယ်တိုင်လည်း တစ်ယောက်တည်း ဓာတ်ပုံရိုက်ခံပါတယ်။) ခွင့်တောင်းသူ (မိန်းကလေးတွေလည်း ပါပါတယ်) တွေနဲ့ ဓာတ်ပုံတွဲရိုက်နေရင်း ဓာတ်ပုံဆရာ(ကိုဥက္ကာ)က သူလည်း ဓာတ်ပုံအရိုက်ခံဖို့ သူ့ကင်မရာကြီးကို တခြား သူငယ်ချင်းတစ်ယောက် လက်ထဲ ထည့်ပြီး အတူတူ (နှစ်ယောက်တည်း) ဓာတ်ပုံအရိုက်ခံမယ့်အချိန် မထင်မှတ်ဘဲ ဘာရယ်မဟုတ် စိတ်ဝင်စား ကြည့်မိနေတဲ့ ကျွန်တော့် မြင်ကွင်းထဲမှာ ဓာတ်ပုံဆရာ ကိုဥက္ကာကို ရိုက်ပေးမယ့် သူငယ်ချင်းက (one... two... three) ဆိုပြီး အော်ချိန် ပထမ ရိုးရိုးသားသား ဘေးချင်းကပ် စုံတွဲပုံရိုက်နေတဲ့ Style ကနေ ဘာစိတ်ကူးပေါက်တယ် မသိဘဲ ပခုံးကို ဖက်ပြီး Style ပြောင်းလိုက်ချိန် ဓာတ်ပုံကင်မရာကလည်း မီးလင်းသွားပါတယ်။ ဒါတွေဟာ တိုက်တိုက်ဆိုင်ဆိုင် မထင်မှတ်ဘဲ ရိုက်သူကလည်း ရိုက်၊ အိုက်တင်ထုတ်သူကလည်း ထုတ်၊ ဓာတ်ပုံအရိုက်ခံသူ

mgyoe.com

m gybe.com SAMPLE BOOK

ကလည်း အရိုက်ခံကြရင်း အစီအစဉ်မရှိဘဲ ဓာတ်ပုံရိုက်ကြတာကို ကျွန်တော်က တွေ့သွားတော့ ဘေးမှာ ထိုင်နေတဲ့ သူငယ်ချင်းတစ်ယောက်ကိုတောင် 'ကိုဥက္ကာ သဇင်နဲ့ ဓာတ်ပုံတွဲရိုက်တာ ပထမအိုက်တင်ကနေ ရုတ်တရက် Style ပြောင်းချိန် ကင်မရာက ရိုက်တာ ကွက်တိ ဖြစ်သွားတယ်' ဆိုပြီး ဘာရယ် မဟုတ် ပခုံးကို ပြောင်းဖက် ဓာတ်ပုံရိုက်ခံတဲ့အချိန် ဓာတ်ပုံကလည်း အတိအကျ ရိုက်လိုက်မိတာကို ချီးမွမ်းမိလိုက်ပါတယ်။ (ဖြစ်ချင်တော့ အဲဒီဓာတ်ပုံလေးကို အမေရိကမှာ တအားခေတ်စားနေတဲ့ Facebook လို့ ခေါ်တဲ့ အင်တာနက်ပေါ်က စာမျက်နှာတွေပေါ် တင်လိုက်မိချိန် ရန်ကုန်မှာ ကောလာဟလတွေ ပြန့်ကျဲပြီး သတင်းဂျာနယ်တွေမှာ၊ Mail တွေမှာ အဲဒီဓာတ်ပုံတွေ ပလူပျံတော့မယ်ဆိုတာ ကျွန်တော်ရော၊ သဇင်ရော၊ ကိုဥက္ကာရော ဘယ်သူမှ မသိလိုက်ကြသေးတာ အမှန်တကယ်ပါ။) ဒါကြောင့်လည်း အားလုံး စိတ်လက် ပေါ့ပေါ့ပါးပါးနဲ့ ကိုမျိုးမင်းတို့ အိမ်ပြန်ကြဖို့ ညှိနှိုင်းကြရင်း အိမ်ပြန်မယ့်အဖွဲ့နဲ့ မြို့ထဲ နေခဲ့မယ့်အဖွဲ့ နှစ်ဖွဲ့ခွဲ ပြန်ခဲ့ကြပါတော့တယ်။ အဲဒီလောင်းကစား ခန်းမကြီးက ပဲရစ်မျှော်စင်ကြီးရဲ့ အောက်ခြေကို ရောက်နေသလို လုပ်ထားပြီး မျက်နှာကြက်ကို မော့ကြည့်မိတော့ အပေါ်မှာ တိမ်တွေ ဖုံးအုပ်ထားသလို ရေးခြယ်ထားပြီး Lighting ကလည်း နေရောင်မှိန်မှိန်လေး ထိုးနေသလို မျက်နှာကြက်ကို အလင်းပြန့်ပြီး ပေးထားတော့ တကယ်ပဲ မိုးလင်းခါစလို ဖြစ်နေပြီး လောင်းကစားလုပ်သူတွေရဲ့စိတ်ကို လန်းဆန်းနေအောင် ကြံကြံဖန်ဖန် ပြောင်းလဲထားတဲ့ စိတ်ကူးကိုလည်း ချီးကျူးမိပါသေးတယ်။ အဲဒီလို လှပတဲ့ ခမ်းနားတဲ့ လောင်းကစားခန်းမထဲက ထွက်ပြီး ကားလမ်းမကူးခင် အဖွဲ့သားအားလုံး အမှတ်တရ ဗွီးဂက်စ်ရဲ့ ညမှာ ဓာတ်ပုံရိုက်ခံရင်း လမ်းဘေးမှာ ဖြတ်သွားတဲ့ ကပွဲလီမ



*vegas* ညတစ်ခွင် အမှတ်တရ

mgybe.com

တစ်အုပ်ကလည်း ပျော်ရွှင်စွာ ဓာတ်ပုံအရိုက်ခံကြလို့ အဆိုတော်တွေနဲ့ တွဲပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ဖြစ်ခဲ့ပါသေးတယ်။ အမေရိကမှာ လူမည်းတွေကို နီဂရိုးလို့ မခေါ်မိဖို့ ဂရုစိုက်ပြီး သေသေချာချာ ထိန်းထားရပါတယ်။ သူတို့က အသားအရောင် ခွဲခြားတဲ့ အသုံးအနှုန်းဆိုပြီး မကြိုက်နှစ်သက်လို့ လုံးလုံးမပြော မိအောင် ထိန်းရတာ တကယ် ခက်ခဲပါတယ်။ ဒီလို ဓာတ်ပုံတွေရိုက်၊ ပြီးလို့ အားလုံး လမ်းခွဲ၊ ကိုမျိုးမင်းရဲ့ စံအိမ်တော်ကြီး (တကယ်လည်း အိမ်ကြီးက နှစ်ထပ်တိုက်ကြီး ဖြစ်ပြီး နောက်ပိုင်းမှာ ရေကူးကန်နဲ့ပါ) ရောက်ချိန်၊ ကျွန်တော် နဲ့ ကိုပီ၊ ကိုမရ၊ စိုးနိုင်ထွန်းတို့က တစ်ခန်း။ မိန်းကလေးတွေက တစ်ခန်း အိပ်ကြဖို့ နေရာယူ ပြီးသားပါ။ မအိပ်ခင် ကိုမျိုးမင်းတို့အဖွဲ့က Wall Mart (အမေရိက,က မြို့တိုင်းမှာ ရှိတဲ့ နာမည်ကြီး ကုန်မျိုးစုံဆိုင်ကြီးပါ) စားစရာ တွေ သွားဝယ်လာပါတယ်။ အဲဒီစားစရာတွေထဲမှာ ကျွန်တော် သဘောကျတာ တစ်ခုကိုလည်း ရေးပြပါရစေ။ အဲဒီ စားစရာ ဘူးလေးက ထမင်းပေါင်းပုံစံ အပူပေးစက်ထဲ ထည့်ပြီး နွေးလိုက်ရင် ပူပူနွေးနွေး ထမင်းပေါင်း ဖြစ်သွားပြီး ကြက်၊ အမဲ၊ ပင်လယ်စာ(ပုစွန်၊ ပြည်ကြီးငါး) စသဖြင့် ကိုယ် ကြိုက်ရာ နွေးဝယ်နိုင်တဲ့ Ready Made ထမင်းဘူးတွေပါ။ အဲဒီထမင်းဘူးတွေက သွားလေရာ ယူသွားလို့ရပြီး စားခါနီးမှ မိုက်ကရိုဝေ့မီးဖိုထဲ ၃ မိနစ်လောက် နွေးလိုက်တာနဲ့ ထမင်းကလည်းပူ၊ ဟင်းကလည်း တကယ် စားချင်စဖွယ်မို့ ကျွန်တော်တော့ (ရန်ကုန်မှာ တွေ့ရတဲ့ ခေါက်ဆွဲပြုတ်လို မဟုတ်ဘဲ စားကောင်း ကောင်းနဲ့ ဝိတ်တက်မှာ မကြောက်တော့တဲ့ အိပ်ခါနီးလည်း ထမင်းဘူး နွေးပြီးစား) မနက် မိုးလင်းလည်း ထမင်းဘူး နွေးပြီးစားနဲ့ တကယ်ကို မရိုးနိုင်အောင် ကြိုက်ခဲ့ရတဲ့ အစားအစာတစ်ခုပါ။ ရန်ကုန်မှာ အဲဒီလိုမျိုး Ready Made ထမင်းပေါင်းဘူးတွေ မတွေ့မိလို့ စီးပွားရေး အကွက်မြင်သူတွေ လုပ်၊ ဒါမှ မဟုတ် ပြည်ပက တင်သွင်းပြီး ရောင်းမယ်ဆိုရင် တော်ရုံ ထမင်းဆိုင် မစားတတ် တဲ့သူတွေ အဆင်ပြေပါလိမ့်မယ်။ (မိုက်ကရိုဝေ့မီးဖို ရှိဖို့တော့ လိုပါလိမ့်မယ်။)

အဲဒီလို ဗီးဂက်စ်မြို့မှာ တစ်ည နားခါနီး ကိုဂျင်ပီက ထူးထူးဆန်းဆန်း စကားတစ်ခွန်း ပြောလာပါတယ်။ အဲဒါကတော့ 'ကိုမျိုးမင်း... အိမ်မှာ သရဲ ရှိသလား မသိဘူး' ဆိုတဲ့ စကားပါ။ ကျွန်တော်ကလည်း သူက ဒီလို ပြောလာ တော့ လန့်သွားမိပါတယ်။ ကိုပီက သရဲ မကြောက်တတ်သူ တစ်ယောက် (ခရစ်ယာန်ဘာသာဝင်) ဖြစ်နေတော့ ကျွန်တော့်ကို စ,ချင် နောက်ချင်လို့များ

mgyoe.com

mgyoe.com SAMPLE BOOK

လား မသိဘူးဆိုပြီး သူ့မျက်နှာ သေသေချာချာ ကြည့်ပြီး ဘာလို့ ဒီလို ပြောနိုင်ရတာလဲလို့ ပြန်မေးမိပါတယ်။ ဒီတော့မှ သူက ‘ငါ တိုက်ထဲမှာ ဆေးလိပ်သောက်လို့ မရတာကြောင့် နောက်ဘက်က ရေကူးကန်ဘက် သွားပြီး ဆေးလိပ်သောက်မလို့ ထွက်သွားတယ်။ အဲဒီ ရေကူးကန်နားမှာ လူတစ်ယောက်မှ မရှိဘူး။ ဒါပေမဲ့ ငါလည်း အဲဒီနား ရောက်သွားရော ဘယ်သူ မီးဖွင့်လိုက်သလဲ မသိရဘဲ မီးလင်းသွားတယ်။ ဒါကြောင့် ငါလည်း လူရှာမတွေ့လို့ အိမ်ထဲ ပြန်လာခဲ့တယ်။ အမှောင်ကြီးထဲမှာ ငါ့ကို နောက်မယ့်သူလည်း ဘယ်သူမှ မရှိဘူး’လို့ တကယ် ပြောလာတာကြောင့် ကိုမျိုးမင်း ဒီတိုက်ကြီးထဲ၊ ခြံဝင်းကြီးထဲမှာ မကြောက်မရွံ့ နေရဲလို့ အံ့သြနေမိပါတယ်။ ဒါကြောင့် ကိုမျိုးမင်းနဲ့ တွေ့တော့ မနေနိုင်မထိုင်နိုင် ကိုမျိုးမင်း ရေကန်နားက သရဲ ရှိသလားဆိုပြီး မေးဖြစ်ပါတယ်။ ကိုမျိုးမင်းက တပည့်တစ်ယောက်နဲ့နေတော့ သူ့ပုံ ကြည့်ရတာ သရဲကြောက်ပုံ မရပါဘူး။ ခပ်ပျော့ပျော့ပါပဲ။ ဆေးလိပ်လေး တဖွာဖွာ မျက်လုံးလေး စုံမှိတ်ပြီး ပုတ်ခတ် ပုတ်ခတ်နဲ့ တကယ့်ကို လုပ်ငန်းရှင် စားသောက်ဆိုင် ပိုင်ရှင်နဲ့ကို မတူဘဲ ဖြစ်နေပါတယ်။ သူက သေသေချာချာ စဉ်းစားပြီးမှ ‘ရေကန်နား သွားတုန်း မီးတွေ ပွင့်လာတာက Sensor (အလိုအလျောက် အာရုံခံစနစ်) တပ်ထားလို့ လူလာတာနဲ့ မီးလင်းသွားတာပါ။ သရဲခြောက်တာ မဟုတ်ပါဘူး။ လူမရှိတော့ရင်လည်း မီးက အလိုလို မှိတ်သွားအောင် တမင်လုပ်ထားတာပါ’လို့ ရှင်းပြမှပဲ ကျွန်တော်တို့မှာ ရယ်နိုင် ပြုံးနိုင်ပါတော့တယ်။ တကယ်က မင်းသမီး ယောကျ်ား(ယောင်း)သာ စ,တတ်ရင် တကယ်ကို သရဲခြောက်တဲ့ ပုံစံနဲ့ ကြောက်ဟန်ဆောင်ပြရင် ကျွန်တော်တို့တော့ တကယ့်ကို ကြောက်တဲ့ ဒုက္ခတွေ့ရမှာပါ။ ဒါကြောင့် အမေရိကခရီးမှာ အလိုအလျောက် မီးဖွင့် မီးပိတ်စနစ်ကိုလည်း သရဲ ထင်မိခဲ့တဲ့ ကျွန်တော့်အဖြစ်ကို ရှက်ရှက်နဲ့ ဝန်ခံရေးပြမိတာပါ။ မနက် မိုးလင်းတော့ လက်ဖက်ရည်သောက်၊ ထမင်းဘူး နွေးစားပြီးချိန် သတင်းတစ်ခု ကြားရပါတော့တယ်။ ကိုမျိုးမင်း အိမ်မှာ တစ်ည တည်းကြပြီး ဒုတိယည လက်စ်ဗွီးဂက်စ်မြို့ရဲ့ အထင်ကရ ရဲတိုက်ကြီးပုံစံ ဆောက်ထားတဲ့ MGM ဟိုတယ်နဲ့ မျက်နှာချင်းဆိုင် ဟိုတယ်မှာ တစ်ညအိပ်ပြီး အပန်းဖြေကြဖို့ အစီအစဉ်ဆွဲ၊ ဟိုတယ်ခတွေ On line ကနေ ခရက်ဒစ်ကတ်နဲ့ ရှင်းထားပြီးမှ အဆိုတော်အဖွဲ့က L.A ပဲ ပြန်ကြတော့မယ်လို့ ဆုံးဖြတ်ကြတာကြောင့် စီစဉ်သူ မသိတာလည်း ဟိုတယ်ခ အဆုံးခံရမှာ နှမြောပြီး ဗွီးဂက်စ်မြို့မှာ ဈေးကြီး

mgyoe.com

mgyoe.com

လွန်းလို့ မသုံးနိုင် မဖြုန်းနိုင်တဲ့ လူမွဲ(လူမည်း မဟုတ်ပါ) ဂီတသမား ကျွန်တော်တို့ကို ဒီတစ်ညတော့ ဟိုတယ် အကောင်းစားကြီးမှာ နေပေးကြပါ ဆိုပြီး တောင်းပန်ပါတော့တယ်။

(ကဲ… ကံကိုက ဘယ်လောက် ကောင်းသလဲဆိုတာ ဟိုတယ်ကြီးမှာ တည်းဖို့ ပိုက်ဆံမကုန်တဲ့အပြင် နေပါလို့တောင် Request လုပ်ခံရတာကြည့်) ဒါကြောင့် ကျွန်တော်ရယ်၊ စိုးနိုင်ထွန်းရယ် တစ်ခန်း၊ မသီတာနဲ့ သဇင် တစ်ခန်း၊ ကိုမရှနဲ့ ကိုပိ တစ်ခန်း စုစုပေါင်း ၃ ခန်းမှာ တစ်ည ထပ်နေ။ လျှောက်လည်ကြ၊ ဈေးဝယ်ထွက်ကြမယ် ဆိုပြီး ဆုံးဖြတ်။ ကိုမျိုးမင်းတို့ အိမ်ကနေ မနက်ပိုင်း ဟိုတယ်ကို ပြောင်းခဲ့ကြပါတော့တယ်။ အဆိုတော်တွေက L.A က သူတို့ရဲ့ အပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါး ပြန်သွားကြတာ။ ပြန်လိုက်ချင်တဲ့ ကျွန်တော်တို့မှာ ခံစားနေရပါတယ်။ ဒါပေမဲ့လည်း မသီတာရဲ့ စေတနာနဲ့ ဘွတ်ကင် လုပ်ထားတဲ့ ဟိုတယ် အခန်းခတွေ အလကားရေထဲ မျှောလိုက်သလို ဖြစ်မှာ ကြောက်တာကြောင့် ဒီတစ်ညတော့ ဗွီးဂက်စ်မြို့မှာ အချိန်ဖြုန်းဖို့ အစီအစဉ်ဆွဲကြပါတယ်။ ပထမဆုံး ကိုမျိုးမင်းရဲ့ ဆိုင်(ပီနန် အစားအစာ ရောင်းတဲ့ဆိုင်) မှာ နေ့လယ်စာ ဝင်စားကြပါတယ်။ ပြီးတော့မှ ဟိုတယ်အခန်း ဝင်ယူ၊ ပစ္စည်းတွေ ထားပြီးတာနဲ့ ပူပြင်းလွန်းတဲ့ သဲကန္တာရထဲက မြို့၊ နေ့လယ်ပိုင်း တတ်နိုင်သလောက် အပူရှောင်ဖို့ Shopping Mall တွေထဲ ဝင်၊ ဟိုကြည့် ဒီကြည့် လုပ်ကြဖို့ ဆုံးဖြတ်ပြီး Outlet လို့ ခေါ်တဲ့ မူရင်းကုမ္ပဏီပိုင် ဆိုင်ခန်း၊ အရောင်းပြခန်းတွေ ဝင်ကြည့်ကြပါတယ်။ တီရှပ်ကုမ္ပဏီတွေကတော့ နာမည်ကြီးတံဆိပ်တွေ အများကြီးပါ။ ဖြစ်ချင်တော့ ကျွန်တော်က Zoo York တံဆိပ် တီရှပ် (ရန်ကုန်က ဝယ်ခဲ့တာပါ) ဝတ်ထားပါတယ်။ ကျွန်တော် ငေးမိတဲ့ ဆိုင်ကလည်း Zoo York ဆိုင်(အစစ်) ဖြစ်နေတာကြောင့် ဆိုင်ဝန်ထမ်းတွေရဲ့ အကြည့်ကို မလုံမလဲ ဖြစ်ပြီး ကိုယ့်အင်္ကျီက ဆေးရိုက်(အတု) ဖြစ်နေလို့ရှိရင် သူတို့ အစစ်တွေနဲ့ နှိုင်းယှဉ်ပြီး ကြည့်တဲ့ အကြည့်ကို မခံစားနိုင်လို့ အမြန်ထွက်ပြေးခဲ့ရပါတယ်။ တစ်ဆက်တည်း မနက်ခင်း အိပ်ရာနိုးခါစအချိန်… ကျွန်တော် သိခဲ့ရတဲ့ ဗဟုသုတလေး တစ်ခုကိုလည်း တင်ပြပါရစေ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## Leg Vegas စည်ပင်သာယာနဲ့ စာတ်ခဲပြဿနာ

အိပ်ကောင်းကောင်းနဲ့ အိပ်လိုက်မိတာ ကျွန်တော် အိပ်ရာက နိုးတဲ့အချိန်နာရီကြည့်မိတော့ မနက် ၁၀း၃၀ ဖြစ်နေပါတယ်။ ဒါကြောင့် ကမန်းကတန်း အိပ်ရာထ၊ မျက်နှာသစ်၊ ရေချိုး၊ ကိုယ်လက် သန့်ရှင်းရေး လုပ်ပြီး Ready Made ထမင်းဘူးကို မိုက်ကရိုဝေ့ဖ် မီးဖိုထဲ ထည့်နွေး၊ ၃ မိနစ်နေတော့ ဖွင့်စား၊ ကော်ဖီ ဖျော်သောက်ပြီး ကိုမျိုးမင်းရဲ့ ရေကူးကန်ဘေးမှာ အေးအေးလူလူ ထိုင်စဉ်းစားနေမိပါတယ်။ စဉ်းစားရတဲ့ ကိစ္စတွေကတော့ ကျွန်တော်တို့ရဲ့ အမေရိကခရီး ဖျော်ဖြေရေးပွဲတွေက တစ်ပွဲမှ မတီးရသေးတာကြောင့် ၂ လခွဲလောက် ဘယ်လို ဆက်ဖြတ်သန်းရမလဲ ဆိုတာပါပဲ။ ရှင်းရှင်းပြောရရင်တော့ ကိုယ့်လက် ကိုယ့်ခြေ၊ သွားလို့လာလို့ ရတဲ့ ကိုယ့်နိုင်ငံ မဟုတ်တဲ့ အမေရိကန်နိုင်ငံကြီးကို ရောက်ဖူးချင်လွန်း၊ ဗဟုသုတရချင်လွန်းလို့သာ ထွက်ခဲ့ရတယ်။ အခု တစ်ပတ်ကျော်လောက်ပဲ နေရသေးတယ်။ ကိုယ့်နိုင်ငံကို သတိရနေပါပြီ။ ကိုယ့်မိသားစု၊ ကိုယ့်မိတ်ဆွေ၊ ကိုယ်ချစ်တဲ့ ပရိသတ်တွေနဲ့ ခွဲခွာပြီး နောက်ထပ် အချိန်အကြာကြီး နေရဦးမယ်။ ဘာမှန်း မသိတဲ့ မြို့ကြီးတွေမှာ ဘာမှန်းမသိတဲ့ မိတ်ဆွေတွေနဲ့ တွေ့ရမယ်၊ သူတို့ကရော ကိုယ့်အပေါ်မှာ လိုလိုလားလား ခင်မင်ကြရဲ့လား၊ အဆိုတော်တွေကိုပဲ ခင်မင်ချင်သူ၊ ရင်းနှီးမိတ်ဆွေ ဖွဲ့ချင်သူတွေ များပြီး အတီးသမားတွေကို အဖက်လုပ်မယ့်၊

mgyoe.com